# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ သောကြာနေ့၊ (19-2-2016) (၈၄၈၁)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ ကော်မတီ(၃)ရပ်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြ

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ - ၆

## တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ(၃)ရပ် ဖွဲ့စည်း

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ - ၇

# ပါဒခြေတော်ရာနှစ်ဆူကိန်းဝပ်ရာ မင်းဘူးက မန်းရွှေစက်တော်



မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာအစစ်နှစ်ဆူ တည်ရှိသည့် ရွှေစက်တော်ဘုရားမှာ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းတွင်ပါဝင်ကာ အနောက်ရိုးမ၏ အရှေ့ဖျားဆုံးတောင်စွယ်များပေါ်တွင် ကိန်းဝပ်တည်ရှိနေသည်။ မန်းချောင်းရေအလျဉ်က မြတ်စွာဘုရားရှင်၏ အောက်ခြေတော်ရာအဆူသို့ ကွေ့ဝိုက်ကာ စီးဆင်းလျက် ဦးခိုက်နေသကဲ့သို့ တည်ရှိနေခြင်းကြောင့် မန်းရွှေစက်တော်ရာဟု တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း သိရသည်။

မန်းရွှေစက်တော်ရာဘုရားသို့ ဦးခိုက်ရန် တစ်နယ်တစ်ကျေးမှ လာရောက်ကြသူများသည် မကွေးမြို့မှတစ်ဆင့် သွားရောက်လေ့ရှိကြသည်။ မကွေးမြို့မှ ဧရာဝတီတံတား (မကွေး)ကိုဖြတ်ကာ မင်းဘူးမြို့သို့ ရောက်ရှိသည်။ ထို့နောက် မင်းဘူး-အမ်းကားလမ်းအတိုင်း ၁၅ မိုင်ခန့် အကွာတွင် လေးပင်ကျေးရွာသို့ ရောက်မည်ဖြစ်ကာ ငဖဲမြို့နယ်နှင့် ရွှေစက်တော်သို့ သွားရာလမ်းခွဲနေရာလည်း ဖြစ်သည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမြို့မှ လာရောက်ကြသော ဘုရားဖူးခရီးသွားများမှာ ပုသိမ်-မုံရွာလမ်းမကြီးအတိုင်း မန်းရွှေစက်တော်ရာသို့ ဖူးမြော်လေ့ရှိကြသည်။

ရွှေစက်တော်ရာဘုရားပွဲတော်ကြီးကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ စတင်ဖွင့်လှစ်လေ့ရှိကြပြီး (မြန်မာနှစ်ဆန်း ၁ ရက်နေ့)အထိ ကျင်းပလေ့ရှိသည်။ မန်းရွှေစက်တော်ရာဘုရားပွဲတော်ဖွင့်ပွဲနေ့တွင် အောက်ခြေစက်တော်ရာကို စတင်ဖွင့်လှစ်အပူဇော်ခံလေ့ရှိကာ စာမျက်နှာ ၃ ကော်လံ ၅ သို့ ✿

## ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံစားခဲ့ရသူများအား အမေရိကန်က ဒေါ်လာ ငါးသန်းထောက်ပံ့မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်ပြည်ထောင်စု၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီသည် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်ရှိ ဆင်းရဲနွမ်းပါးသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ပဋိပက္ခဒဏ်ခံစားခဲ့ရသည့်ပြည်သူများအား စောစီးစွာပြန်လည်ထူထောင်နိုင်စွမ်းရှိရန်နှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေမည့် အထောက်အပံ့အဖြစ် အမေရိကန်ဒေါ်လာ ငါးသန်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်တွင်ထုတ်ပြန်သည့် အမေရိကန်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ထောက်ပံ့ပေးခြင်းဖြင့် ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စု ၉၀၀၀ ခန့် (သို့မဟုတ်) အိမ်ထောင်စုဝင် ၄၅၀၀၀ ခန့်တို့သည် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ၊ ဈေးများ၊ အခြေခံအဆောက်အအုံများနှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိမည်ဖြစ်ကြောင်းလည်း ယင်းသတင်းထုတ်ပြန်ချက်က ဖော်ပြသည်။

အမေရိကန်သံရုံးသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းအားလုံး၏ ဘဝရပ်တည်မှုတိုးမြှင့်လာစေရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ပင်လောင်း | ၅ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၈ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |




ကြေးမုံ စာတည်း ရှုထောင့် ၁၉-၂-၂၀၁၆၊ သောကြာနေ့

# အပေါက်ဖာထေးကြပါစို့

သက်ရှိလူသတ္တဝါတို့ ရှင်သန်ရပ်တည်နေထိုင်သော ကျွန်ုပ်တို့၏ ဤကမ္ဘာကြီးသည် လွန်ခဲ့သည့်နှစ် သန်း ၄၅၀၀ ကျော်ကတည်းက စကြဝဠာအတွင်း နေမိသားစုအဖွဲ့အစည်းအဖြစ် ဖြစ်တည်လာခဲ့ပါသည်။ နေကြောင့်သာလျှင် ကျွန်ုပ်တို့ကမ္ဘာကြီး ဖြစ်ပျက်ပြောင်းလဲရပ်တည်နိုင်မှု အစဉ်ရှိနေပါသည်။

ဤကမ္ဘာကြီးကို ထာဝရရှင်သန်အောင် ဖွဲ့စည်းဖြစ်တည်ထားရာတွင် ရေ၊ မြေ၊ လေနှင့် ပြင်းထန်သောနေရောင်ခြည်များ အချိုးညီမျှတ ထိန်းညှိနိုင်အောင် တည်ဆောက်ထားပါသည်။ မြန်မာအလိုအားဖြင့် ရေဓာတ်၊ မြေဓာတ်၊ လေဓာတ်၊ မီးဓာတ် ဟူသည့် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသကဲ့သို့ဖြစ်ပါသည်။ ထိုဓာတ်ကြီးလေးပါးအနက် တစ်ပါးပါး ချွတ်ယွင်းလျှင် ကမ္ဘာကြီးလည်း ယိုယွင်းလာရပါသည်။

ကမ္ဘာကြီးသည် နေအစုအဖွဲ့အတွင်း ရပ်တည်နေရာတွင် နေမှလာသည့် ပြင်းထန်သောရောင်ခြည်လှိုင်းများအန္တရာယ်ကို အကာအကွယ်ပေးနိုင်ရန်အတွက် အိုဇုန်းလွှာဟုခေါ်သော လေထုအလွှာက ထီးသဖွယ်အုပ်မိုးလွှမ်းပတ်ပေးထားပါသည်။ အကယ်၍ ကမ္ဘာဂြိုဟ်တွင် အိုဇုန်းလွှာမရှိပါက သက်ရှိများ ရှင်သန်ဖွံ့ဖြိုးရန် ခဲယဉ်းမည်ဖြစ်သည့်အပြင် ရှိလျှင်လည်း ရေရှည်အသက်ရှင်သန်ရပ်တည်နိုင်မည်မဟုတ်ချေ။

လူသားများအတွက် လုံခြုံရေးလေထုအလွှာဖြင့် ရပ်တည်ခဲ့သောကမ္ဘာကြီးတွင် ယခုအခါ ထိုအလွှာထုမှာ ပေါက်ပြဲ၍နေချေပြီ။ လူတို့အသုံးပြုသော ဓာတုဓာတ်ပစ္စည်းများကြောင့် လွန်ခဲ့သည့်ဆယ်စုနှစ်များမှစတင်၍ အပေါက်ရာထင်ခဲ့သည်။ ယခုအခါ အပေါက်ကြီးတစ်စတစ်စကြီးမားလာပြီး ထိုအပေါက်မှ တိုက်ရိုက်ဝင်ရောက်လာသော နေမှ ခရမ်းလွန်ရောင်ခြည်များ လူတို့နေထိုင်ရာသို့ ကျဆင်းမှုများလာပြီဟု ပညာရှင်တို့ကဆိုကြသည်။

အိုဇုန်းဆိုသည်မှာ သဘာဝအလျောက်ဖြစ်ပေါ်လာသော ဓာတ်ငွေ့တစ်မျိုးဖြစ်သည်။ အောက်ဆီဂျင်ဓာတ်နှင့် ဖွဲ့စည်းထားပြီး ကမ္ဘာမြေပြင်အထက် ခြောက်မိုင်မှ မိုင် ၃၀ အကြား လေထုအတွင်းလွင့်မျောလျက်ရှိသည့် ပါးလွှာသည့် အငွေ့တန်းလေးများပင်ဖြစ်သည်။ အိုဇုန်းလွှာ၏အထုမှာ သုံးမီလီမီတာခန့်သာရှိပြီး နေရောင်ခြည်ကို ကာကွယ်သည့်အပြင် ကမ္ဘာမြေမျက်နှာပြင်အနီးဆုံးမှာရှိသည့် အိုဇုန်းဓာတ်ငွေ့များကို သောက်သုံးရေပိုးသတ်သည့်အခါ၊ လေကို သန့်စင်သည့်အခါ၊ ညစ်ညမ်းသည့်ရေကို သန့်စင်သည့်အခါ အသုံးပြုနိုင်သဖြင့် အကျိုးများပါသည်။

ယခုအခါ နေမှကျရောက်သော ခရမ်းလွန်ရောင်ခြည် ဘီလှိုင်းများသည် အိုဇုန်းလွှာအပေါက်ကြောင့် ကမ္ဘာမြေသို့ကျရောက်မှုပိုများလာပြီး လူသားတို့၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဂေဟစနစ်၊ ကုန်ပစ္စည်းအရာဝတ္ထုများနှင့် ရာသီဥတုတို့အပေါ်တွင် ကျယ်ပြန့်စွာ ထိခိုက်မှုဖြစ်လာပါသည်။ လူသားတို့၏ကျန်းမာရေး ထိခိုက်မှုတွင် အရေပြားကင်ဆာ၊ ရောဂါဘယ ခုခံအားကျဆင်းမှု၊ မျက်စိတိမ်စွဲခြင်းတို့ဖြစ်စေနိုင်ပါသည်။

အမှန်တကယ်တွင် သုံးမီလီမီတာခန့်သာအထုရှိသည့် အိုဇုန်းလွှာပါးလေးမှာ လူတို့အသုံးပြုသည့် ဓာတုဓာတ်ပစ္စည်းတို့ကြောင့်ပျက်စီးသွားခြင်းဖြစ်ရာ ပြန်လည်ဖာထေးဖို့ကြိုးပမ်းကြရမည်ဖြစ်သည်။ လူသားများနေ့စဉ်အသုံးပြုကြသည့် နေအိမ်နှင့်ယာဉ်များမှ လေအေးပေးစက်များ၊ ရေခဲသေတ္တာများမှ အဓိကထွက်သည့် ကလိုရင်းနှင့် ဘရိုမင်း ပါဝင်သည့် ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအပေါ်လွှာအပိုင်းသို့ရောက်ရှိသောအခါ ဓာတ်ပြောင်းလဲမှုဖြစ်ကာ အိုဇုန်းလွှာပျက်စီးလာခြင်းဖြစ်သည်။

ကမ္ဘာမြေပြင်အထက်တွင်ရှိသည့် အိုဇုန်းလွှာအခွန့်ရှည်စွာ ဆက်လက်တည်ရှိနေစေရေးအတွက် ကမ္ဘာ့လူသားများအားလုံး ဝိုင်းဝန်းထိန်းသိမ်းရေးသည် အလွန်အရေးကြီးနေပြီဖြစ်ပါသည်။ ဆက်လက်ထိန်းသိမ်းခြင်းမရှိဘဲ ထိုအတိုင်း လူတို့အသုံးပြုနေမည်ဆိုပါက ထို့ထက်မက ပျက်စီးပြီး ကမ္ဘာကြီးနှင့်တကွ လူသားအားလုံးကို အန္တရာယ်ပေးနိုင်သည့် ခြိမ်းခြောက်မှုကြီးဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် အိုဇုန်းလွှာကိုထိခိုက်စေနိုင်သည့် လူတို့မဖြစ်မနေ အသုံးပြုနေသော ရေခဲသေတ္တာ၊ လေအေးပေးစက် စသည့် လူသုံးကုန်ပစ္စည်းများကို လျှော့ချသုံးစွဲသွားရန်လိုအပ်ပြီး အိုဇုန်းလွှာကို ထိခိုက်မှုနည်းသော နည်းပညာများ အစားထိုးပြောင်းလဲသုံးစွဲနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြခြင်းဖြင့် ကမ္ဘာကြီး၏အမိုးပေါက်ကို ဖာထေးကြရန် တိုက်တွန်းချင်ပါသည်။ ။

## တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ လောက်ကိုင်၊ ကွမ်းလုံနှင့် လားရှိုးမြို့တို့တွင် အလှူငွေနှင့်အထောက်အကူပြုပစ္စည်းများလာရောက်လှူဒါန်း

**လားရှိုး ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယမြို့တော်ဝန် အမြဲတမ်းကော်မတီဝင် Mr.Li Huasong ခေါင်းဆောင်သည့်အဖွဲ့ဝင် ကိုးဦးသည် Asiaworld Foundation ၏ ကူညီမှုဖြင့် လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးသို့ သွားရောက်ကာ ဆိုနီကင်မရာ သုံးလုံး၊ နီကွန်ကင်မရာ ငါးလုံး၊ စားပွဲတင်ကွန်ပျူတာ ၁၀စုံ၊ 2 in 1 မိတ္တူကူးစက် တစ်လုံးနှင့် ပရင်တာတစ်စုံတို့ကို လှူဒါန်းပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ကွမ်းလုံမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ လူနာတင်ယာဉ်ဝယ်ယူရန် ယွမ်ငွေ ၁၅၀၀၀၀၊ အလူမီနီယံ ဗီရို ငါးလုံး၊ လူနာသံခုတင် အစုံ ၅၀၊ CCTV ကင်မရာ နှစ်စုံ၊ ရိုးရိုး X-Ray ရိုက်စက် တစ်လုံး၊ LED TV နှစ်လုံး တို့ကို လှူဒါန်းပေးအပ်ကြသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် လားရှိုးမြို့သို့ ဖေဖော်ဝါရီ ၁၆ ရက်တွင် ရောက်ရှိပြီး လားရှိုးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် ခွဲစိတ်ခန်းသုံးမီး ငါးစုံ၊ 25/30 KVA ထရန်စဖော်မာ တစ်လုံး၊ ကလေးခုတင် နှစ်စုံ၊ ကလေးဓာတ်ကင်စက် နှစ်စုံ၊ အောက်ဆီဂျင်ထုတ်စက် ၁၀ စုံနှင့် အလှူငွေ ယွမ် ၂၀၀၀၀၀ တို့ကို လှူဒါန်းပေးအပ်သည်။

ထို့နောက် လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သွားရောက်ပြီး လက်ပ်တော့ကွန်ပျူတာ ခြောက်လုံး၊ ကာလာပရင်တာ နှစ်လုံး၊ ESPON1390 ပရင်တာ တစ်လုံး၊ ပရင်တာ သုံးလုံး၊ မိတ္တူကူးစက် သုံးလုံး၊ နီကွန်ကင်မရာ ငါးလုံး၊ စားပွဲတင်ကွန်ပျူတာ ခြောက်လုံးနှင့် ဆောင်းဘောက် မိုက်ခရိုဖုန်း တစ်စုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါတရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံအတွက် ကူညီလှူဒါန်းမှုအစီအစဉ်များ အဆင်ပြေချောမွေ့စေရန် အေးရှားဝေါလ်ဖောင်ဒေးရှင်းအဖွဲ့မှ တာဝန်ယူကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**




## ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈။** ။ တောင်ဥက္ကလာပမြို့နယ်တွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာဒေါ်အေးအေးမိုးက ကလေးငယ်များ မသန်မစွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ အသက်ငါးနှစ်အရွယ် ကလေးငယ်တိုင်း ပိုလီယိုကာကွယ်ဆေးကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကရုံးတည်ရာ ဓမ္မရက္ခိတကျောင်းတိုက်တွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၂၅ ရာခိုင်နှုန်းအနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်းဆိုင်ရာလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ခဲ့သည်။

## သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အစားထိုးရွေးချယ်

အနားယူခြင်းနှင့် အစားထိုး ရွေးချယ်ပွဲအခမ်းအနားတွင် ကြီးကြပ်ရေးဥက္ကဋ္ဌ ဆရာတော်အဖြစ် တောင်ဒဂုံမြို့နယ် နိကာယ်စာသင်တိုက်မှ ဘဒ္ဒန္တနရိန္ဒ၊ အကျိုးတော်ဆောင်ဆရာတော်အဖြစ် တာမွေမြို့နယ် ဘုံဘေကျောင်းတိုက်မှ ဘဒ္ဒန္တဇနိတ၊ အဖွဲ့ဝင်ဆရာတော်အဖြစ် တာမွေမြို့နယ် သာသနာ့မာန်အောင်ကျောင်းတိုက်မှ ဘဒ္ဒန္တဇောတိကတို့က ကြီးကြပ်ဆောင်ရွက်ကာ ခရိုင်သာသနာရေးမှူး ဦးအောင်မင်းဇော်၊ မြို့နယ် သာသနာရေးမှူး ဦးခင်မောင်ညွန့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက် ၂၀ မှ အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့တို့က မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့ ခုနစ်ပါးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**(ကျော်စိုးမိုး)**

## စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ရှိ ဖေယျာမွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တို့ ပူးပေါင်းပြီး ယနေ့နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်တွင် စာအုပ်လှူဒါန်းပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စီက စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ(၁၀)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆန်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်(ရွှေဈေး) ၇၉၃၀၀၀ - ၇၉၃၀၀၀ မန္တလေး(ရွှေဈေး) ၇၉၂၅၀၀ - ၇၉၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၁၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၀၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၅၉၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၃. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၀၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၆၅၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၀၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၀၅၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၈၂. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၈၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၁. ၄၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၈. ၄၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

# အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဖေဖော်ဝါရီလ၊ ၂၀၁၆) ဗဟိုအဆင့်ဖွင့်ပွဲ အထိမ်းအမှတ်အခမ်းအနားကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်သူများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာရေးအတွက် တစ်နှစ်အောက်ကလေးသေနှုန်း၊ (၅)နှစ်အောက်ကလေးသေနှုန်း လျှော့ချရေးအတွက် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းဖြင့် ကူးစက်ရောဂါကိုးမျိုးမှ ကင်းဝေးစေရန်အတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေးအသစ်လေးမျိုးပိုမိုထည့်သွင်းထိုးနှံခဲ့ကြောင်း ယနေ့ နံနက်စနာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသော အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဖေဖော်ဝါရီလ၊ ၂၀၁၆) ဗဟိုအဆင့်ဖွင့်ပွဲ အထိမ်းအမှတ်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးကို ဦးစားပေးလုပ်ငန်းအနေဖြင့်ဆောင်ရွက်လျက်ရှိရာတွင် နည်းဗျူဟာများဖြစ်သော လတ်တလောပျော့ခွေ အကြောသေရောဂါ စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်း၊ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်း အားဖြည့်ဆောင်ရွက်ခြင်း၊ အပိုဆောင်း ကာကွယ်ဆေးတိုက်လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ၁၉၉၆ ခုနှစ်မှစတင်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များကို ခြောက်ကြိမ်၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ၁၁ ကြိမ်နှင့် အိမ်တိုင်ရာရောက်ကောက်သင်းကောက်ကာကွယ်ဆေးတိုက်လုပ်ငန်း ၁၂ ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ၁၁ နိုင်ငံအား ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် မတ်လတွင် ကြေညာခဲ့ပြီးဖြစ်ရာ နည်းဗျူဟာအရ ကမ္ဘာတစ်ဝန်းတွင် Trivalent OPV မှ ပိုးအမျိုးအစား(၂)မပါဝင်သော Bivalent OPV သို့ ပြောင်းလဲသုံးစွဲပြီး Trivalent OPV များအားလုံးကို ဖျက်ဆီးခြင်းပြုလုပ်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသောနေရာဒေသများ ဖော်ထုတ်၍ အစုလိုက် ကာကွယ်ဆေးတိုက်လုပ်ငန်းကို ရောဂါကူးစက်ပျံ့နှံ့နိုင်ခြေရှိသော မြို့နယ် ၁၇၁ မြို့နယ်တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အသက်(၅)နှစ်အောက် ကလေး ၂ဒသမ ၄၅ သန်းခန့်ကို ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖြင့်တိုက်ကျွေးခဲ့ရာ လွှမ်းခြုံမှု ၉၉ ဒသမ ၈ ရာခိုင်နှုန်းရရှိခဲ့ပါကြောင်း၊ ကူညီဆောင်ရွက်ပေးခဲ့ကြသည့်ဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါကြောင်း။

လူထုအတွင်း ပိုလီယိုရောဂါကာကွယ်နိုင်စွမ်းအားအမြင့်ဆုံးရရှိစေရန် နောက်ဆုံးအခွင့်အရေးတစ်ရပ်အနေဖြင့် တစ်နိုင်ငံလုံးတွင်ရှိသော မွေးကင်းစမှ အသက်(၅)နှစ်အောက်ကလေး ၄ ဒသမ ၆ သန်းခန့်ကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရန် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် နီးနွယ်သောဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းပါကြောင်း၊ ပြည်သူလူထုက tOPV ကာကွယ်ဆေးများသည် မိမိတို့၏ ရင်သွေးငယ်များအတွက် နောက်ဆုံးအခွင့်အရေးတစ်ရပ် ဖြစ်သည်ဟု ခံယူပြီး ကလေးတစ်ဦးမျှမကျန် ရာနှုန်းပြည့်ကာကွယ်ဆေးတိုက်ကျွေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကာ ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြပြီး လက်ဆောင်အရုပ်များ ပေးအပ်သည်။ **(သတင်းစဉ်)**

### ❁ မန်းရွှေစက်တော်မှ

နှစ်ဆန်းတစ်ရက်နေ့တွင် အောက်ခြေတော်ရာအဆူကို ပြန်လည်ပိတ်လေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာ နှစ်ဆူရှိသည့်အနက် အောက်ခြေတော်ရာအဆူကို မန်းရွှေစက်တော်ပွဲတော်ကာလ အချိန်ကျရောက်မှသာ ဖွင့်လှစ်အပူဇော်ခံလေ့ရှိသည့်အတွက် ရွှေစက်တော်ဘုရားဖွင့်ပွဲဆိုသည်မှာ အောက်ခြေတော်ရာ အဆူကို ဖွင့်လှစ်သည့်ပွဲဟု ဒေသခံများပြောပြချက်အရ သိရသည်။

မန်းရွှေစက်တော်ခြေတော်ရာဘုရားပွဲမှာလည်း တစ်နှစ်ထက် တစ်နှစ် စည်ကားသထက် စည်ကားလာကြောင်း ဘုရားပွဲတွင် နှစ်စဉ်လာရောက်၍ ဈေးရောင်းသူများထံမှလည်း သိရသည်။ ရှေးရိုးရာအစဉ်အလာတစ်ရပ်အနေဖြင့် နှစ်စဉ်တပေါင်းလပြည့်နေ့ရက်မျိုးတွင် မန်းရွှေစက်တော်တစ်ဝိုက်ရှိ ကျေးရွာများမှ ရွာသူရွာသားများက ၎င်းတို့၏ လှည်းများနှင့် မြတ်စွာဘုရားရှင်၏ ခြေတော်ရာနှစ်ဆူကို လာရောက်ဖူးမြော်လေ့ရှိကြကြောင်းကိုလည်း ဒေသခံများဆီမှတစ်ဆင့် ကြားသိခဲ့ရသည်။

မန်းရွှေစက်တော်ပွဲကာလတွင် ဘုရားဖူးခရီးသွားများအနေဖြင့် ကမ္ဘာပေါ်တွင် ရှားပါးစာရင်းဝင်ဖြစ်နေပြီဖြစ်သော ရွှေသမင်နှင့် ကြယ်လိပ်များကိုလည်း လေ့လာကြည့်ရှုနိုင်စေရန် ၂၀၁၃ခုနှစ်မှ စတင်ကာ သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်တစ်ခုကိုလည်း အနီးတွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်စေရန်အတွက် ထိုဘေးမဲ့တောနယ်မြေနှင့် ဆက်စပ်နေသော တောတောင်ကြောများပေါ်တွင် နေထိုင်ကြသည့် ကျေးငှက်များဖြင့် ဘေးမဲ့တောကို ပိုမိုဆွဲဆောင်နိုင်စေရန် ကြိုးပမ်းထားသည်။ တစ်နှစ်ထက်တစ်နှစ် ဘုရားဖူးခရီးသွားဧည့်သည်များ စည်ကားလာသည့်အလျောက် ဈေးဆိုင်များ၊ တည်ခိုနားနေဆောင်များလည်း တိုးပွားလာလျက်ရှိသည်ကို တွေ့ရှိခဲ့သည်။

ရွှေစက်တော်လာ ဘုရားဖူးဧည့်သည်များက ဒေသထွက်ပစ္စည်းများရောင်းချသော ဈေးဆိုင်များဆီမှ အပြန်လက်ဆောင်ပစ္စည်းများကို အမှတ်တရဝယ်ယူကြလေ့ရှိကြသည့်အတွက် တစ်နှစ်ထက်တစ်နှစ် ဈေးတန်းမှာလည်း စည်ကားတိုးပွားလာနေသည်ကို တွေ့ရှိရသည်။ နှစ်စဉ် ပုံမှန်အားဖြင့် ဘုရားဖူးခရီးသွားများ ပိုမိုများပြားစွာ လာရောက်ဖူးမြော်လေ့ရှိသည်မှာ မတ်လတွင်ကျောင်းသားကျောင်းသူများအတန်းတင်စာမေးပွဲပြီးစီးချိန်နှင့်တက္ကသိုလ်ဝင်စာမေးပွဲများပြီးချိန်တွင် မိသားစုလိုက်သီးသန့်သော်လည်းကောင်း၊ သူငယ်ချင်းအပေါင်းအသင်းများဖြင့်သော်လည်းကောင်း ဘုရားဖူးကားများဖြင့် အုပ်စုလိုက်ထွက်လာလေ့ရှိသည့်အတွက် ပိုမိုစည်ကားလေ့ရှိကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားဖူးဧည့်သည်များအနေဖြင့် မန်းချောင်းရေတွင် ရေချိုးခြင်း၊ ရေကူးခြင်းမှာလည်း အထူးတလည်ပျော်ရွှင်စရာ အမှတ်တရဖြစ်စေသည့် ခရီးစဉ်ဖြစ်လေ့ရှိသည်။ သင်္ကြန်ရက်များတွင်လည်း မန်းချောင်းရေမှ ရေများဖြင့် ဘုရားဖူးခရီးသွားအချင်းချင်း ရေပက်ဆော့ကစားလေ့ရှိကြသည့် ဓလေ့ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ယခုနှစ်မှ စတင်ကာ သက်ဆိုင်ရာအာဏာပိုင်များဘက်ကလည်း မန်းချောင်းရေသို့ ဘုရားဖူးများ ရေဆင်းချိုးခြင်းနှင့် ရေကူးဆော့ကစားကြရာတွင် အန္တရာယ်မကျရောက်စေရန်အတွက် နေရာများကို သတ်မှတ်ပေးထားပြီးဖြစ်ရာ ခရီးသွားများအနေဖြင့် ပွင့်လင်းရာသီအတွင်း ပျော်ရွှင်စရာ ခရီးစဉ်တစ်ခုအနေဖြင့် မြတ်စွာဘုရား၏ ပါဒခြေတော်ရာအစစ် နှစ်ဆူကို ဖူးမြော်ကြခြင်းဖြင့် စိတ်ချမ်းသာခြင်းဖြစ်နိုင်ကြစေရန် ရည်ရွယ်ကာ ရေးသားအပ်ပါသည်။ **(ကေသွယ်)**

### ❒ (၇၁)နှစ်မြောက်မှ

နှစ်စဉ် တံတားကျိုးကျ ပျက်စီးမှုများရှိခဲ့၍ ပြင်ဆင်ခဲ့ရကာ ငွေကြေးကုန်ကျမှုများစွာရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပုလောကုန်း-ဝတ်တိုး တံတားအရှည်ပေ ၂၄၀ တန်ဖိုးကျပ်သန်းပေါင်း ၅၄၀ ဖြင့် ပုလောမြို့နယ်သို့ လည်းကောင်း ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပုလောကုန်း-တစ်မိုင်တောင် တံတားအရှည်ပေ၂၄၀ တန်ဖိုးကျပ်သန်းပေါင်း ၅၁၃ သန်းဖြင့် ပုလောကုန်းကျေးရွာမှ မြိတ် - ပုလော - ထားဝယ် ကားလမ်းမကြီးပေါ်သို့ လည်းကောင်း အချိန်အနည်းငယ်အတွင်း ရောက်ရှိနိုင်ရေး တည်ဆောက်ပေးခဲ့သော နိုင်ငံတော်သမ္မတကြီးနှင့်တကွ တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ကျေးရွာနေပြည်သူတစ်ဦးက ပြောကြားသည်။

အဆိုပါတံတားကို ၁၈-၁၀-၂၀၁၄ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၈-၂-၂၀၁၆ ရက်တွင် ပြီးစီးသည်။ တံတားအရှည်ပေ ၂၄၀၊ အကျယ် ၁၄ ပေ၊ အမြင့်ပေ ၂၀ ၊ ဘိုးပိုင်သံမဏိရက်မသံကူကွန်ကရစ်တံတားဖြစ်ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၅၄၀ ကုန်ကျခံကာ DEVELOPMENT STEPs LIMITED-D တို့က တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ❍ ရခိုင်ပြည်နယ်မှ

ရင်းနှီးစွာလုပ်ငန်းဆောင်ရွက်မှုများဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ပဋိပက္ခဒဏ်ခံစားခဲ့ရသည့် ပြည်သူများအားလုံးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊ အခြေခံအဆောက်အအုံများ တိုးပွားလာခြင်းနှင့် စီးပွားရေးအခွင့်အလမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဖန်တီးပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်တောင်းဆိုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စု၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီသည် မြန်မာနိုင်ငံ ပြည်သူများ၏ စီးပွားရေးအလားအလာများ အမှန်တကယ်ပြည့်ဝလာစေရေး ထောက်ပံ့မှုများပြုလုပ်သွားရန် အခြားသောပြည်တွင်းပြည်ပအလှူရှင်အေဂျင်စီများနှင့်လည်း ရင်းနှီးစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သံရုံးက ထုတ်ပြန်သောသတင်းထုတ်ပြန်ချက်က ဖော်ပြသည်။ **(နိုင်လင်းကြည်)**

### ❂ ကျောဖုံးမှ

ထပ်မံတိုးချဲ့ပြေးဆွဲမည် ဖြစ်သည်။ အလားတူ ATR လေယာဉ်များဖြင့်လည်း ပြည်တွင်း ပြည်ပခရီးစဉ်များတွင် အားဖြည့်ပြေးဆွဲလျက်ရှိသည်။ ယခု Boeing 737-800NG လေယာဉ်သစ်တစ်စင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယမန်နေ့ရောက်ရှိလာခဲ့ကာ ထပ်မံတိုးချဲ့ပြေးဆွဲသွားမည့် ခရီးစဉ်များနှင့် လက်ရှိပြေးဆွဲနေသော ခရီးစဉ်များတွင် အားဖြည့်ပြေးဆွဲသွားမည်ဟု သိရသည်။

ယခုရောက်ရှိလာသော လေယာဉ်အမှတ် XY-ALF သည် မျိုးဆက်သစ် Boeing 737-800NG အမျိုးအစား လေယာဉ်ခြောက်စင်းနှင့် Boeing 737-800 Max လေယာဉ်အမျိုးအစား လေးစင်းထဲမှ Boeing 737-800NG (New Generation) တတိယတစ်စင်းဖြစ်ပြီး နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်း၏ အမှတ်တံဆိပ်ကို မြှင့်တင်ရန်နှင့် ကမ္ဘာ့လေကြောင်းဈေးကွက်တွင် ယှဉ်ပြိုင်ဘက်အဖွဲ့ဝင်အနေဖြင့် ဆောင်ရွက်နိုင်ရန် ဘိုးရင်းလေယာဉ်သစ်များငှားရမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မြန်မာအမျိုးသားလေကြောင်းလိုင်းအနေနဲ့ ပြည်ပခရီးစဉ်တွေနဲ့ ပြည်တွင်းခရီးစဉ်တွေကို ချိတ်ဆက်ပျံသန်းပြေးဆွဲသွားမှာ ဖြစ်လို့ နိုင်ငံတကာ ဧည့်သည်တွေအတွက် မြန်မာနိုင်ငံကိုလာရောက်လည်ပတ်ရာမှာ သွားလာမှုအဆင်ပြေ ချောမွေ့စေမှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာပါ ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်”ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းက ပြောသည်။




အလားတူ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ မှာယူထားသော ဒုတိယမြောက်ATR (72-600) XY-AJZ လေယာဉ်သစ်တစ်စင်း ဇန်နဝါရီ ၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လေယာဉ်ရုံသို့ ရောက်ရှိလာပြီး အဆိုပါ လေယာဉ်သစ်အား ပြည်တွင်းပြည်ပခရီးစဉ်များတွင် ထည့်သွင်းအသုံးပြုလျက်ရှိသည်။ အဆိုပါ လေယာဉ်အပါအဝင် လေယာဉ်နှစ်စင်း လက်ခံရရှိပြီးဖြစ်ပြီး စုစုပေါင်းခြောက်စင်း မှာယူထားကြောင်း သိရသည်။ ယင်းအပြင် ပြည်တွင်းခရီးစဉ်များတွင် စင်းလုံးငှားခရီးစဉ်အဖြစ် Cessna Grand Caravan Ex လေယာဉ်များဖြင့် ပြေးဆွဲပေးနေသည့်အပြင် အဆိုပါ လေယာဉ်ငယ်များဖြင့် ကျောက်ဖြူမြို့၊ မာန်အောင်မြို့တို့အပြင် စစ်တွေမြို့တို့သို့လည်း ပြေးဆွဲပေးနေကြောင်း သိရသည်။

နိုင်ငံပိုင် လေကြောင်းလိုင်းတစ်ခုဖြစ်သော မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် ပျံသန်းပြေးဆွဲနေသည့် လေယာဉ်အမျိုးအစားများမှာ Boeing Next-Generation 737-800(၂၀၁၅ခုနှစ်တွင် ရောက်ရှိ)၊ Boeing 737 Max 8၊ Embraer 190၊ ATR၊ Caravan၊ Beech အမျိုးအစားတို့ဖြစ်ကြောင်း သိရသည်။ **ဆုနှင်းလဲ့**

# တရုတ်က ပိုင်နက်အငြင်းပွားကျွန်းတစ်ကျွန်း၌ ဒုံးကျည်များဖြန့်ကြက်ထားသည်ဆိုမှု အမေရိကန်ဆွေးနွေးလို

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

ပိုင်နက်အငြင်းပွားမှုတွင် ပတ်သက်နေသော ကျွန်းတစ်ကျွန်း၌ တရုတ်နိုင်ငံက အဆင့်မြင့်နည်းပညာသုံး မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များကို ဖြန့်ကြက်ထားသည်ဟု သတင်းထွက်ပေါ်လာခဲ့ပြီးနောက် တောင်တရုတ်ပင်လယ်အတွင်း စစ်ရေးအခင်းအကျင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် အလေးအနက် ဆွေးနွေးသွားနိုင်မည်ဟု မိမိတို့မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။

ပါရာဆယ်ကျွန်းစုရှိ ဝူဒီကျွန်း၌ ဒုံးကျည်စနစ်များကို တရုတ်နိုင်ငံက ဖြန့်ကြက်ထားသည်ဟု တရုတ်တိုင်ပေကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။အဆိုပါကျွန်းကို ဆယ်စုနှစ်ပေါင်းများစွာကြာမျှ တရုတ်နိုင်ငံက ထိန်းချုပ်ခဲ့သော်လည်း တရုတ်တိုင်ပေနှင့် ဗီယက်နမ်နိုင်ငံတို့က ယင်းကျွန်းကို ၎င်းတို့က ပိုင်ဆိုင်သည်ဟု ကြေညာထားသည်။

ပိုင်နက်အငြင်းပွားနေသောကျွန်း၌ တရုတ်နိုင်ငံက ဒုံးကျည်များ ပေါ်ပေါ်လွင်လွင်ဖြန့်ကြက်ထားသည်ဟု အမေရိကန်ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့ကြောင်း အမေရိကန်ဖောက်စ်နယူးစ်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လာမည့်ရက်များအတွင်း ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့်အလေးအနက်ဆွေးနွေးမှုများပြုလုပ်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

တောင်တရုတ်ပင်လယ်၌ တရုတ်နိုင်ငံက ပိုင်နက်နယ်မြေသတ်မှတ်ချက်များကို အခိုင်အမာပြောကြားနေခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း အမေရိကန်က ပြောကြားသည်။ **ရိုက်တာ။**


**တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်အငြင်းပွားမှုတွင် ပတ်သက်နေသော ကျွန်းတစ်ကျွန်းကို ဝေဟင်မှ တွေ့ရစဉ်။**

# ဇီကာပိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းအတွက် ဒေါ်လာ ၅၆ သန်း ဒဗလျူအိပ်ချ်အို လိုအပ်

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၈**

လာမည့် ဇွန်လအထိ ဇီကာဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းအတွက် ဒေါ်လာ ၅၆ သန်းသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသုံးပြုရန် လိုအပ်သော ရန်ပုံငွေ ဒေါ်လာ ၂၅ သန်းအပါအဝင် အထက်ဖော်ပြပါရန်ပုံငွေကို ဇီကာဗိုင်းရပ်စ်ထိန်းချုပ်ရေးလုပ်ငန်းအတွက် သုံးစွဲရမည်ဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို မဟာဗျူဟာမြောက်တုံ့ပြန်ရေးမူဘောင်နှင့် ပူးတွဲလုပ်ငန်းများအစီအစဉ်က ဂျီနီဗာမြို့၌ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဇီကာဗိုင်းရပ်စ်သည် ယခုအခါ နိုင်ငံပေါင်း ၃၉ နိုင်ငံအထိ ကူးစက်ပျံ့နှံ့ခဲ့သည်။ ဘရာဇီးနိုင်ငံ၌ ကိုယ်အင်္ဂါချို့ယွင်းမှုရှိသော မွေးကင်းစကလေးများသည် ဇီကာဗိုင်းရပ်စ်နှင့် ဆက်နွယ်ဖွယ်ရှိကြောင်း သုတေသနလေ့လာချက်များအရ သိရသည်။

ဇီကာဗိုင်းရပ်စ်သည် မိခင်မှ ကလေးသို့ ကူးစက်နိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ သုတေသနလေ့လာမှုများပြုလုပ်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ **ရိုက်တာ။**



# ဒုံးလက်နက်ကာကွယ်ရေးစနစ်တစ်ရပ် ဖြန့်ကြက်ရန် အမေရိကန်နှင့် တောင်ကိုရီးယားဆွေးနွေး

**ဆိုးလ် ဖေဖော်ဝါရီ ၁၈**

တောင်ကိုရီးယားနိုင်ငံတွင် အဆင့်မြင့်အမေရိကန်နည်းပညာ ဒုံးလက်နက်ကာကွယ်ရေးစနစ်တစ်ရပ်ဖြန့်ကြက်ထားရှိနိုင်ရန်အတွက် အမေရိကန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံ တာဝန်ရှိသူများက ဆွေးနွေးလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ယနေ့ဖော်ပြထားသည်။

မကြာသေးမီက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တာဝေးပစ်ဒုံးလက်နက်စမ်းသပ်သည်ဟု ကမ္ဘာ့အဝန်းက ယုံကြည်ထားသော ဂြိုဟ်တုတစ်လုံးလွှတ်တင်ခဲ့ပြီး နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် တောင်ကိုရီးယားနိုင်ငံအတွင်း ကာကွယ်ရေးစနစ်ဖြန့်ကြက်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ဒုံးလက်နက်တိုက်ဖျက်ရေးစနစ်တစ်ရပ် Terminal High Altitude Area Defense System (THAAD) ဖြန့်ကြက်ထားရန် ဖေဖော်ဝါရီ ၇ ရက်တွင် နှစ်နိုင်ငံတာဝန်ရှိသူများက တရားဝင်တွေ့ဆုံခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မွန်ဆန်းဂျောင်က ဆိုသည်။

ယင်းစနစ်သည် တောင်ကိုရီးယားနိုင်ငံ၏ ယခင်ရှိထားသည့်စနစ် PAC-3 ထက် ဖျက်စွမ်းအား ပိုမိုကောင်းမွန်ကြောင်းသိရသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ ဒုံးလက်နက်ကာကွယ်ရေးစနစ်တစ်ရပ် ဖြန့်ကြက်ထားသည်ကို တရုတ်နိုင်ငံက အကြိမ်ကြိမ်ရှုတ်ချခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မွန်ဆန်းဂျောင်က ဆိုသည်။ ယခုဖျက်ဒုံး လက်နက်စနစ်တွင် တပ်ဆင်ထားသော အဆင့်မြင့်ရေဒါသည် အနီးဝန်းကျင်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများကို အသေးစိတ်ထောက်လှမ်းနိုင်သည်ဟု တရုတ်နိုင်ငံက ပြောသည်။

တောင်ကိုရီးယားပြည်သူများ၏အသက်နှင့်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနည်းပညာ ဖွံ့ဖြိုးလာမှုနှင့်ပတ်သက်ပြီး ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မွန်ဆန်းဂျောင်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**


**ဒုံးလက်နက်တိုက်ဖျက်ရေး THAAD စနစ် စမ်းသပ်နေသည်ကို တွေ့ရစဉ်။**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အမေရိကန်ရပ်တည်ချက် နိုင်ငံခြားရေးဝန်ကြီးနှင့် ဟောလိဝုဒ်အကြီးအကဲများဆွေးနွေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အိုင်အက်စ်အိုင်အက်စ်စစ်သွေးကြွအဖွဲ့အစည်းအား ချေမှုန်းမည့်မဟာဗျူဟာများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုအပေါ် ကမ္ဘာ့နိုင်ငံများ၏အမြင်တို့ကို ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်သူများ သိရှိနိုင်စေရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဟောလိဝုဒ်ရုပ်ရှင်စတူဒီယိုများ၏ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ရှိ ယူနီဗာဆယ်စတူဒီယိုများရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အလွတ်သဘောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က မိနစ် ၉၀ ကြာကျင်းပရာတွင် ဝန်ကြီးကယ်ရီတက်ရောက်ဆွေးနွေးခဲ့ကြောင်း ရုပ်ရှင်ထုတ်လုပ်ရေးသတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ၂၀ ရာစု ဖောက်စ်စတူဒီယိုလုပ်ငန်း၊ ဝေ့ါဒစ္စနေးရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း၊ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း၊ ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း၊ အင်န်ဘီစီယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတို့မှ အကြီးအကဲများ တက်ရောက်ကြသည်။ **ရိုက်တာ။**

# အသက်(၁၀၃)နှစ်အရွယ်ရှိ အာဖဂန်အဘိုးအိုက အကြိမ်(၂၀)မြောက် လက်ထပ်လို

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈**

(၁၉)ကြိမ်လက်ထပ်ခဲ့ဖူးသည်ဆိုသော အာဖဂန်နစ္စတန်နိုင်ငံသား အဘိုးအိုတစ်ဦးက သူ့အား မည်သည့်အမျိုးသမီးနှင့်မဆို လက်ထပ်ခွင့်ပြုပါက နောက်တစ်ကြိမ်လက်ထပ်ထိမ်းမြားရန် အဆင်သင့်ရှိကြောင်း ဒေသန္တရသတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၁၈ ရက်တွင် ရေးသားဖော်ပြသည်။

အသက်(၁၀၃)နှစ်အရွယ်ရှိပြီး ပြီးခဲ့သည့် နှစ် ၄၀ ကျော်ကာလတစ်လျှောက်လုံး နိုင်ငံအနောက်ပိုင်း ဂေါ်ပြည်နယ်မြို့တော် ဖီရော့ဇ်ခိုရှိ ဆင်းရဲသားရပ်ကွက်၌ နေထိုင်ခဲ့သည်ဆိုသော မိုဟာမက်ဆာဝါက သူသည် (၁၉)ကြိမ်ထိ လက်ထပ်ဖူးသော်လည်း ယနေ့အချိန်တွင် ၎င်း၏ဇနီးအားလုံးမှာသေဆုံးသွားပြီဖြစ်ကြောင်း အာဖဂန်နစ္စတန်နေ့စဉ်သတင်းစာက ပြောကြားသည်။

သားသမီးများနှင့်မြေးများအရေအတွက်ကို ဖော်ပြထားခြင်းမရှိသော အဆိုပါအဘိုးအို ဆာဝါမှာ ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ချိုမြိန်မှုနှင့် ခါးသီးမှုများ ရောယှက်နေသည့် အမှတ်တရဖြစ်ရပ်များစွာ တွေ့ကြုံခဲ့ဖူးပြီး ဇနီးသည်ဂူလ်ဇာကို အခြားဇနီးများထက်ပိုချစ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# ညောင်တုန်းကျွန်းနှင့် စံကင်းကျွန်းကိုဆက်စပ်သော ပါလှဲ့-ဂုံမင်းဆိပ် ဇက်ကူးတို့ရေယာဉ်ဖွင့်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ညောင်တုန်းကျွန်းနှင့် စံကင်းကျွန်းတို့သည် ပန်းလှိုင်မြစ်ခြားနေပြီး စံကင်းကျွန်းသည် ညောင်တုန်းမြို့နယ်အတွင်းရှိ ကျွန်းတစ်ကျွန်းဖြစ်သည်။ အဆိုပါကျွန်းနှစ်ကျွန်းအား ပန်းလှိုင်မြစ်ကိုဖြတ်၍ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရန်အတွက် ဇက်ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်နိုင်ရေး၊ ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်လာစေရေးတို့ကို ရည်ရွယ်၍ ဇက်ရေယာဉ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်က ဇက်ရေယာဉ်ထားရှိမည့် ဂုံမင်းဆိပ်ကျေးရွာဘက်ကမ်း၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်နှင့် ပါလှဲ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်အားပေးချီးမြှင့်သည်။ ဝန်ကြီးချုပ်သည် ဇက်ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးမည့် ရေလမ်းကြောင်းအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဇက်ကူးတို့ရေယာဉ်သည် ညောင်တုန်းမြို့နယ် ဂုံမင်းဆိပ်နှင့် ပါလှဲ့ကျေးရွာတို့ကို ဆက်စပ်ပို့ဆောင်ပေးမည်ဖြစ်ပြီး စံကင်းကျွန်းဒေသရှိ ကျေးရွာအုပ်စု ၁၇ အုပ်စုရှိ လူဦးရေ ခုနစ်သောင်းကျော်တို့၏ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ယခင်ကထက် ပိုမိုတိုးတက်လာတော့မည် ဖြစ်ကြောင်းသိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပမည်

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

အင်္ဂမအကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကြီးကို စစ်တွေမြို့ ဝက်ဘာကွင်း၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ရထားဆွဲပွဲတော်ကြီးတွင် မြို့ပေါ်ရပ်ကွက်အသီးသီးတို့က မိမိတို့ရပ်ကွက်အလိုက် ခြိမ့်ခြိမ့်သဲ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရခိုင်ရိုးရာရထားဆွဲပွဲကို ရခိုင်တိုင်းရင်းသားများ၏ အစဉ်အလာရိုးရာပွဲတော်တစ်ခုအဖြစ် နှစ်စဉ် တပို့တွဲလတွင် ကျင်းပကြသည်။ ရှေးခေတ်ရခိုင်သား၊ ရခိုင်သူတို့သည် ရထားဆွဲပွဲကျင်းပရခြင်းကြောင့် ရာသီဥတုမျှတခြင်း၊ လယ်ယာသီးနှံအထွက်တိုး ပေါများခြင်း၊ တိုင်းပြည် နိုင်ငံအေးချမ်းသာယာခြင်းတို့ဖြစ်စေသည်ဟု ယုံကြည်မှုဖြင့် ရထားဆွဲပွဲကို အလေးထား၍ ပါဝင်ဆင်နွှဲပြီး ရထားဆွဲကြခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာရထားဆွဲပွဲသည် တစ်ဖက်နှင့်တစ်ဖက် အပြိုင်ဆွဲရသော အားပြိုင်ပွဲဖြစ်သကဲ့သို့ ပျော်ရွှင်ကြည်နူးစဖွယ် သံချပ်များကိုလည်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးကြလေ့ရှိကြောင်းနှင့် ရထားဆွဲပွဲမကျင်းပမီ ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)အစည်းအဝေး ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) မူးယစ်ဆေးဝါးပြတိုက်၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်-ငြိမ်း) က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဦးမြင့်ခိုင်(အတွင်းရေးမှူး)က ဖတ်ကြားခဲ့ကာ ဦးဘိုကြီး(ဘဏ္ဍာရေးမှူး)နှင့် ဦးတင်ထွန်း(စာရင်းစစ်)တို့က ၂၀၁၅ ခုနှစ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားကြပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ငွေကြယ်ပွင့်လူငယ်အဖွဲ့ခေါင်းဆောင် ဦးမြင့်ခိုင်နှင့် လူငယ်အားမာန်အဖွဲ့ခေါင်းဆောင် ဦးမြင့်စိုး၊ တိုင်းမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းတို့က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**(ကြေးမုံ)**



# ခရိုင်တိုင်းရင်းဆေးသို့ ကွန်ပျူတာ လှူဒါန်း

**လှိုင်လင် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် တိုင်းရင်းဆေးပညာ ဦးစီးဌာနသို့ ကျိုင်းတုံမြို့ ရပ်ကွက် (၃)မြို့သစ်နေ အလှူရှင် ဦးစိုင်းဝန်းဖနှင့်ဇနီးတို့က ငွေကျပ်ခြောက်သိန်းငါးသောင်းတန်ဖိုးရှိ ကွန်ပျူတာ တစ်စုံကို ဖေဖော်ဝါရီ ၁၅ ရက်က လာရောက်လှူဒါန်းရာ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မြင့်က လက်ခံရယူပြီး ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

ဝဝဝ

# ပခုက္ကူစာပေဆုများ စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲရက်ကို ၂၀၁၆ ခုနှစ် မတ် ၁၅ ရက်အထိ တိုးမြှင့်လိုက်ကြောင်းသိရသည်။

ပခုက္ကူစာပေတွင် သတ်မှတ်ထားသည့် ဘာသာရပ်ငါးမျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသည့်စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှပုံစံမှာယူလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်းသိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း ပခုက္ကူစာပေဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံတွင် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ကိုင်ဆောင်အလုပ်လုပ်ကိုင်နေသူများ သက်တမ်းတိုးရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ထိုင်းနိုင်ငံတွင် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် TR38 ကိုင်ဆောင်၍ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ၏ လုပ်ကိုင်ခွင့်သက်တမ်းသည် မတ် ၃၁ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်ရာ နောက်ထပ် နှစ်နှစ်ထပ်မံသက်တမ်းတိုးအလုပ်လုပ်ကိုင်ခွင့် ရရှိရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်အကိုင်ဌာနတာဝန်ရှိသူများ ထိုင်းနိုင်ငံ ချွန်ဘူရီမြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိကျင်းပသည့် ထိုင်း-မြန်မာ အလုပ်သမားအရေးဆွေးနွေးပွဲတွင် ဆွေးနွေးပြီး သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်သက်တမ်းတိုးရေးကိစ္စများတွင် လုပ်ငန်းလုပ်ကိုင်ခွင့်လေးနှစ်ပြည့်ပြီး ဗီဇာသက်တမ်း နှစ်နှစ်ကျန်သူများနှင့် လုပ်ကိုင်ခွင့်ခြောက်နှစ်ပြည့်ပြီးသူများအား နောက်ထပ်သက်တမ်းနှစ်နှစ်တိုးပေးရေးကိစ္စများအပြင် သက်တမ်းတိုးခွင့်ပြုချက်ရ အလုပ်သမားများ သတ်မှတ်ငွေကြေးပေးသွင်းရာတွင် မလိုအပ်သောကုန်ကျစရိတ်များ မရှိစေရေးအတွက် ငွေသွင်းကောင်တာများ သတ်မှတ်ဖွင့်လှစ်ပြီး အဆိုပါငွေသွင်းစလစ်ဖြင့် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်ကတ် စနစ်တကျထုတ်ယူရရှိရေးကိစ္စများကိုပါ ဆွေးနွေးသဘောတူခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မယ်ဆိုင်၊ မဲဆောက်၊ ကန်ချနာဘူရီ၊ ရနောင်း၊ မဟာချိုင်၊ စမုမရာဂမ်မြို့များတွင် အဆိုပါလုပ်ကိုင်ခွင့်ကတ်များ ထုတ်ပေးနိုင်ရေး မြန်မာဘက်မှတောင်းဆိုထားပြီး ဆွေးနွေးသဘောတူညီချက်များကို ဖေဖော်ဝါရီ ၂၃ ရက်တွင်ပြုလုပ်မည့် ထိုင်းဝန်ကြီးများအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မီးဘေးသင့်အိမ်ထောင်စုများကို ထောက်ပံ့ပစ္စည်းများပေးအပ်

**မလှိုင် ဖေဖော်ဝါရီ ၁၈**

ဖေဖော်ဝါရီ ၁၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သော မလှိုင်မြို့ အမှတ်(၂)ရပ်ကွက် နယ်မြေ(၁၁)မှ မီးဘေးသင့် အိမ်ထောင်စုနှစ်စုကို ဖေဖော်ဝါရီ ၁၆ ရက်က ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဦးစီးဌာနက အိမ်ထောင်စုတစ်ခုလျှင် စောင်၊ လုံချည်(ကျား/မဝတ်)၊ တီရှပ်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုး စသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုးနှင့် အိမ်ဆောက်ပစ္စည်းဝယ်ယူရန်အတွက် ငွေကျပ်ငါးသောင်းနှုန်း၊ Care Myanmar Kit မှထောက်ပံ့သော ပစ္စည်း ၁၄ မျိုးပါ အထုပ်တစ်ထုပ်တို့ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်နှင့် တာဝန်ရှိသူများက မီးဘေးသင့် အိမ်ထောင်စုနှစ်စုတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# ခရီးသည်တင်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်တိုက်မိ၊ ခုနစ်ဦးသေဆုံး

**ပြည် ဖေဖော်ဝါရီ ၁၈**

ရွှေတောင်မြို့နယ် ပြည်-ရန်ကုန် ကားလမ်းမကြီး ဝါးလည်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးကြောင်း သိရသည်။

ပြည်ခရိုင် ရွှေတောင်မြို့နယ် ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်(၁၆၇/၀) နှင့် (၁၆၇/၁)အကြား မီးလောင်အုပ်စု ဝါးလည်ကျေးရွာတွင် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ်၄၀ ခန့်က ပြည်မှရန်ကုန်ဘက်သို့ သဲကုန်းမြို့နယ် ပုတီးကုန်းရပ်နေသူ ဦးကျော်ကြီး အသက်(၄၇)နှစ် မောင်းနှင်လာပြီး ခရီးသည်များတင်ဆောင်လာသည့် ယာဉ်အမှတ်(ဟ/----) သုံးဘီးယာဉ်နှင့် ရန်ကုန်မှပြည်ဘက်သို့ ပန်းတောင်းမြို့နယ် ရပ်သာအုပ်စု ဘူးဘက်ရွာနေ ဦးပိုင်စိုး အသက်(၂၆)နှစ် မောင်းနှင်လာသည့် ယာဉ်အမှတ်(7C/----) မာန်သစ္စာ ခရီးသည်တင် (ရန်ကုန်-အမ်း)မော်တော်ယာဉ်တို့သည် မျက်နှာချင်းဆိုင်တိုက်မိရာ သုံးဘီးယာဉ်မှာ တိမ်းမှောက်သွားပြီး သုံးဘီးယာဉ်ပေါ်ပါရှိလာသူ အိုင်ကုန်းရွာ ပုတီးကုန်းရပ် သဲကုန်းမြို့နယ် နေသူများဖြစ်ကြသည့် ယာဉ်မောင်း ဦးကျော်ကြီး၊ မဝါဝါ၊ မမြဆန်း၊ မချိုးချိုးဝါ၊ မယုဝေ၊ ဦးကျော်ငွေနှင့် မစုမြတ်နိုးတို့ သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စဉ်အား ရွှေတောင်မြို့နယ် မြို့မရဲစခန်း၌ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရအောင်(ပြည်)**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြည်ပဧည့်သည်များအား သီးခြားစီတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ကိုယ်စားလှယ် Mr. Paul Scully ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ Australian Defence Force Academy မှ Professor Dr. Morten Pedersen အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဦးမင်းဦး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်အစည်းအဝေး



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ ကော်မတီ (၃)ရပ်ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးတင်ပြကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ စသည့်ကော်မတီ(၃)ခု၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် လှိုင်သာယာမဲဆန္ဒနယ်မှ ဒေါက်တာသန်းမြင့်နှင့် အတွင်းရေးမှူးအဖြစ် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့အပါအဝင် အဖွဲ့ဝင်(၁၅)ဦးဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် အတွင်းရေးမှူးအဖြစ် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးတို့ အပါအဝင် အဖွဲ့ဝင်(၁၅)ဦးဖြင့်လည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်နှင့် အတွင်းရေးမှူးအဖြစ် တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်တို့ အပါအဝင် အဖွဲ့ဝင်(၁၅)ဦးဖြင့်လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ထုတ်ပြန်ကြေညာချက်အမှတ် (၂/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

## လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်(Induction Programme)ကို လွှတ်တော်ရုံးအသီးသီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter Parliamentary Union– IPU)နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီပေးရေးအစီအစဉ်အရ ၁၅-၂-၂၀၁၆ ရက်မှစတင်၍ ၁၉-၂-၂၀၁၆ ရက်အထိ နေပြည်တော်၊ လွှတ်တော်ဝင်းအတွင်း၌ ကျင်းပပြုလုပ်လျက်ရှိပါသည်။ ဤအစီအစဉ်ကို ပထမအကြိမ်လွှတ်တော်သက်တမ်းကာလကတည်းကပင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများအတွက် ပူးပေါင်းအကူအညီပေးဆောင်ရွက်လျက်ရှိသည့် UNDP၊ IPU တို့နှင့် ဆွေးနွေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၂။ UNDP နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဥပဒေပြုလွှတ်တော်များကိုသာမက အုပ်ချုပ်ရေးဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင်လည်း အကူအညီပေးပူးပေါင်းဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်းများဖြစ်ပါသည်။

၃။ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာအတွေ့အကြုံများကို တစ်နေရာတည်း၌ အချိန်တိုအတွင်း လေ့လာသိရှိခွင့်၊ ပါဝင်ဆွေးနွေးခွင့်ရရှိပြီး လွှတ်တော်၏အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါသည်။

၄။ ဤအစီအစဉ်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၆၅ ဦး တက်ရောက်ပါဝင်ဆွေးနွေးလျက်ရှိပြီး တည်ဆဲလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်သော ရှင်းလင်းဆွေးနွေးမှုများဖြစ်စေရန် လွှတ်တော်ရုံးအသီးသီးမှ ဘာသာရပ်ဆိုင်ရာအရာထမ်းများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ရာတွင် လူမှုကွန်ရက်အချို့၌ အထက်ပါအစီအစဉ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် ဥပဒေပြုလွှတ်တော်များ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် UNDP၊ IPU အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုများကို ထိခိုက်စေသောအချက်များ၊ ပြည်သူများ အထင်အမြင်လွဲမှားစေနိုင်သည့် ထင်မြင်ယူဆချက်များကို ရေးသားဖော်ပြလျက်ရှိကြောင်း သိရှိရပါသည်။

၆။ နိုင်ငံတော်၏ သိမ်မွေ့ညင်သာသော ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့် တာဝန်လွှဲပြောင်းမှု ချောချောမွေ့မွေ့ဖြစ်စေရေးအတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထားကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အချိန်ကာလတွင် မလိုလားအပ်သော အပြုသဘောမဆောင်သည့် ရေးသားဖော်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်သူလူထုအနေဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

# နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းထားသည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းအား နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှနှင့်အမေရိကတာဝန်ခံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စအန်ဒရီယာစမစ်**(ယာပုံ)**သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ အမေရိကန်အောက်လွှတ်တော် ဒီမိုကရေစီမိတ်ဖက်ကိုယ်စားလှယ်အဖွဲ့မှ မစ္စတာဂျပ်စတင်ဝိန်းနှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် စီးပွားရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ဆောင်းသီးနှံစိုက်ပျိုးရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းထားသည့် ကိစ္စရပ်များကိုလည်းကောင်း၊ အမေရိကန်နိုင်ငံ House Democracy Partnership (HDP) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မန္တလေးအမျိုးသားဇာတ်ရုံ၌ သုဝဏ္ဏသာမဇာတ်တော်ကြီး အခမဲ့ဖျော်ဖြေမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အကအလှပဒေသာယိမ်းများနှင့် ရွှေတံဆိပ်ဆုများရှင် မင်းသား တက္ကသိုလ်အားမာန်၊ ဇေယျာလင်း၊ သိန်းထွန်းဦး၊ မင်းသမီး ဆောင်းနှင်းဝေဝေတို့က ရွှေတံဆိပ်ဆုများရှင် ရွာစားစိန်လှငွေနှင့်တွဲဖက်၍ သုဝဏ္ဏသာမဇာတ်တော်ကြီးကို အများပြည်သူများအား ဖေဖော်ဝါရီ ၂၀ ရက် ည ၇ နာရီတွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ(၃)ရပ် ဖွဲ့စည်း

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ(၃)ရပ် ဖွဲ့စည်းခြင်း၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ** (၃)ရပ် ဖွဲ့စည်းရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **တိုင်းရင်းသားရေးရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်နှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **တောင်သူလယ်သမားရေးရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းနှင့် အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာမြသောင်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၀)မှ ဒေါ်နော်လှလှစိုး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။



ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပညာရေးမြှင့်တင်မှုကော်မတီ** ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပညာရေးမြှင့်တင်မှုကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဒေါက်တာဝင်းမြတ်အေးနှင့် အတွင်းရေးမှူးအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ**ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် (ခ)ဦးကိုလတ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ**ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာငွေးကြွယ်ကကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာငွေးကြွယ်နှင့် အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင် | ဥက္ကဋ္ဌ |
| ၂။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးစောစိန်ထွန်း | အဖွဲ့ဝင် |
| ၃။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးစောဘီစံသိန်းမြင့် | ။ |
| ၄။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးငွန်ဟေး | ။ |
| ၅။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးဇခုန်တိန့်ယိန်း | ။ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာ ခင်မောင်ဝင်း | ။ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးလှဦး | ။ |
| ၈။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးခင်ဝင်း | ။ |
| ၉။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဒေါ်သီရိရတနာ | ။ |
| ၁၀။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးမောင်ကျော်ဇံ | ။ |
| ၁၁။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစိုင်းစံအောင် | ။ |
| ၁၂။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဒေါ်မမလေး | ။ |
| ၁၃။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးနိုင်သီဟ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ် ကျော်ကျော်စိုး | ။ |
| ၁၅။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးခွန်သိန်းဖေ | အတွင်းရေးမှူး |

## အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးဘမျိုးသိန်း | ဥက္ကဋ္ဌ |
| ၂။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးနောင်နဂျာတန် | အဖွဲ့ဝင် |
| ၃။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးဘော်ရယ်စိုးဝေ | ။ |
| ၄။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်နော်ဆာမူထူး | ။ |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးသက်နိုင်စိုး | ။ |
| ၆။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဦးကျော်ဆွေ | ။ |
| ၇။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဦးစိုးအောင် | ။ |
| ၈။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဦးတက်ထွန်းအောင် | ။ |
| ၉။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးစိုင်းလုံစံခတ် | ။ |
| ၁၀။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးခင်ဇော်ဦး | ။ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးအောင်မျိုး | ။ |
| ၁၂။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးလင်းတင်ငွေး | ။ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | မန်းတိုးရွှေ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး လှဝင်းအောင် | ။ |
| ၁၅။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစိုးဝင်း | အတွင်းရေးမှူး |

## အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဒေါက်တာမြသောင်း | ဥက္ကဋ္ဌ |
| ၂။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဦးကျော်သန်း | အဖွဲ့ဝင် |
| ၃။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစောယှား ဖောင်အွာ | ။ |
| ၄။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဒေါက်တာ တင်တင်ဝင်း | ။ |
| ၅။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဦးကျော်ကျော်ဝင်း | ။ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်မေသန်းနွဲ့ | ။ |
| ၇။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးကျော်နိုင် | ။ |
| ၈။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးအေးမင်းဟန် | ။ |
| ၉။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) | ဒေါက်တာဝင်းမြင့်ချစ် | ။ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးတင်ဝေ | ။ |
| ၁၁။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးဝင်းမောင် | ။ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဦးမောင်မောင်ဆွေ | ။ |
| ၁၃။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးညီစိန် | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီးမြင့်ဆွေ | ။ |
| ၁၅။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | ဒေါ်နော်လှလှစိုး | အတွင်းရေးမှူး |

ပြည်တွင်းရေးရာ

# နှစ်ရက်လုံးမှာတော့ အာဆီယံနဲ့အမေရိကန်အကြားမှာ မဟာဗျူဟာဆွေးနွေးပွဲအဆင့်ကို ရောက်သွားတာဖြစ်ပါတယ် ဒါကြောင့် အများကြီးအကျိုးရှိပါတယ်

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

# နည်းပညာဆန်တာရှိသလို အခွင့်အလမ်းနဲ့ အခွင့်အရေးဈေးကွက်ရလာအောင် ဘယ်လိုလုပ်ပေးမလဲ ဒါကို ဆွေးနွေးတာဖြစ်ပါတယ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့၌ ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တာ ကျင်းပခဲ့ပြီး ထိပ်သီးအစည်းအဝေး ပထမနေ့တွင် အာဆီယံအသိုက်အဝန်းအတွင်း စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှု တိုးမြှင့်စေခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယနေ့တွင် အာရှ-ပစိဖိတ်ဒေသကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်ရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးကြကာ အမေရိကန်- အာဆီယံ ပူးတွဲကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်နိုင်ခဲ့သည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးများ၏ ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ပြောကြားချက်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

ကျွန်တော်တို့ ဆွေးနွေးပွဲ နှစ်ရက်လုပ်ပါတယ်။ ပထမတစ်ရက်ကတော့ စီးပွားရေးနဲ့ ဆိုင်တဲ့အကြောင်းအရာဖြစ်ပါတယ်။ အဓိကအားဖြင့် ပထမနေ့မှာ သတင်းအချက်အလက်နည်းပညာနဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေကိုသုံးပြီး စီးပွားရေးလုပ်ငန်းတွေကို တိုးတက်အောင်ဘယ်လိုလုပ်မလဲ။ စီးပွားရေးလုပ်ငန်းတွေမှာ တီထွင်ဆန်းသစ်တဲ့ အကြံဉာဏ်တွေကို ဘယ်လိုအသုံးချမလဲဆိုတာကို အဓိကထား ဆွေးနွေးပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ကတော့ အဲဒီဟာမျိုးတွေကို အာဆီယံနိုင်ငံအတွင်းမှာ ဦးစားပေးဖော်ထုတ်ပေးနိုင်ဖို့အတွက် စီမံကိန်းသုံးခုကို အဆိုပြုပါတယ်။ ဒါတွေအားလုံး လက်ခံလိုက်ပါတယ်။ ဒုတိယနေ့မှာ လုံခြုံရေးနဲ့ပတ်သက်တဲ့၊ အဓိကအားဖြင့် တောင်တရုတ်ပင်လယ်နဲ့ ပတ်သက်တဲ့ကိစ္စတွေဆွေးနွေးတယ်။ ပြီးရင် နိုင်ငံဖြတ်ကျော်မှုခင်းတွေ၊ ရောဂါကိစ္စတွေ၊ တရားမဝင်လူကုန်ကူးမှုကိစ္စတွေ ဆွေးနွေးတယ်။ နှစ်ရက်လုံးမှာတော့ အာဆီယံနဲ့အမေရိကန်အကြားမှာ မဟာဗျူဟာ ဆွေးနွေးပွဲအဆင့်ကို ရောက်သွားတာဖြစ်ပါတယ်။ ဒါကြောင့်အများကြီး အကျိုးရှိပါတယ်။

နောက်ပေါ်ပေါက်လာမယ့် အစိုးရတာဝန်ယူရင်လည်း နိုင်ငံရဲ့တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်လုပ်ကိုင်ရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ရင် အမေရိကန်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေအနေကောင်းတွေ ဖန်တီးပေးမယ့်စီမံကိန်းတွေမှာ ဆက်ပြီးတော့ လုပ်ဆောင်ခြင်းအားဖြင့် ပိုပြီးတော့ အကျိုးရှိမှာဖြစ်ပါတယ်။

ဒုတိယနေ့မှာ ဒုတိယသမ္မတက ဘာကိုဆွေးနွေးခဲ့လဲဆိုတော့ အမေရိကန်နိုင်ငံအနေနဲ့ ဒီလိုစီးပွားရေး အခွင့်အလမ်းကောင်းတွေပေးတယ်ဆိုတာ အာဆီယံနိုင်ငံ ၁၀ နိုင်ငံထဲက ကိုးနိုင်ငံကပဲ ဒီလိုအခွင့်အရေးမျိုးကို အပြည့်အဝခံစားရတယ်။ မြန်မာနိုင်ငံက လူငယ်စီးပွားရေးသမားတွေ အသေးစားနဲ့ အလတ်စားလူငယ်စီးပွားရေးသမားတွေအနေနဲ့ အဆိုပြုတဲ့ဟာတွေကို အပြည့်အဝ မခံစားနိုင်သေးဘူး။ ပြီးတော့ ကျန်တဲ့အာဆီယံနိုင်ငံ ကိုးနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပြိုင်ဆိုင်နိုင်စွမ်းလည်း မရှိသေးဘူး။ အဲဒါဘာကြောင့်လဲဆိုရင် အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့အရေးယူထားမှုတွေက ကျန်နေသေးတယ်။

အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံက ဘာကိုတောင်းဆိုသလဲဆိုတော့ ဒီလိုမျိုးအဆိုပြုတဲ့အချိန်မှာပဲ မြန်မာနိုင်ငံမှာလည်း နိုင်ငံရေးအရ တိုးတက်မှုတွေ အများကြီးရှိနေပြီ။ ဒါကြောင့် ကျန်တဲ့ဟာတွေ ရုပ်သိမ်းပေးပါလို့ပြောခဲ့တယ်။ အမေရိကန်ဘက်ကလည်း မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ကြည့်ပြီးတော့ စဉ်းစားဆောင်ရွက်မယ်လို့ ပြောပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

Action Plan စီးပွားရေးကတော့ သုံးခုပြောခဲ့ပြီးပါပြီ။ ပင်လယ်ရေကြောင်း လုံခြုံရေးနဲ့ပတ်သက်လို့ သူတို့စီမံချက်တစ်ခုလုပ်ထားတာရှိတယ်။ ပြီးတော့ နိုင်ငံဖြတ်ကျော်မှုခင်းတွေ အခုဖြစ်နေတဲ့ ဗိုင်းရပ်စ်ကိစ္စဆိုရင် အာရှကို ကူးစက်မလားဆိုပြီး ဝိုင်းပြီးကူညီပေးမယ်ဆိုတာမျိုးပြောတယ်။ အဓိကဆွေးနွေးတာကတော့ လူကုန်ကူးမှုပေါ့။ လူကုန်ကူးမှုနဲ့ပတ်သက်လို့ ဒေသအတွင်း နိုင်ငံတွေရော ကျန်တဲ့လူတွေရော ပေါင်းပြီးလုပ်ဖို့ရှိတယ်။ ပြီးတော့ အကြမ်းဖက် အိုက်အက်စ် (IS)လို အဖွဲ့မျိုးတွေ အာရှမှာ အခြေမချနိုင်အောင် ဘယ်လိုသတင်းအချက်အလက် ဖလှယ်မယ်ဆိုတာကို လုပ်ခဲ့တယ်။

ပထမတစ်ခုကတော့ ကျွန်တော်တို့က အာဆီယံနိုင်ငံထဲမှာ ဖွံ့ဖြိုးမှုတစ်နိုင်ငံနဲ့ တစ်နိုင်ငံမတူတဲ့အတွက်ကြောင့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် ဒါတွေတော့ နောက်မှာကျန်နေခဲ့တယ်။ အချို့ကိစ္စတွေကိုတော့ နောက်မှ အချိန်ယူပြီး ဖြည့်ဆည်းရမှာတွေရှိတယ်။ အမေရိကန်ကတော့ မြန်မာနိုင်ငံတစ်နိုင်ငံထဲကို ပြောတာမဟုတ်ပါဘူး။

အာဆီယံနိုင်ငံတွေအားလုံးမှာ ယှဉ်ပြိုင်နိုင်စွမ်း၊ တီထွင်နိုင်စွမ်းတွေရှိအောင် သူတို့ကနည်းပညာအရ အကူအညီပေးမယ်။ ငွေတွေချေးတာမဟုတ်ဘူး။ သင်တန်းတွေ အလုပ်ရုံဆွေးနွေးပွဲတွေ အတွေ့အကြုံတွေဖလှယ်ပြီး ဒါမျိုးတွေနဲ့ ကူညီသွားမှာဖြစ်ပါတယ်။ ဒီခရီးစဉ်ကတော့ အာဆီယံနဲ့အမေရိကန်အကြားမှာ ဆက်ဆံရေးကို တစ်ဆင့်မြှင့်လိုက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံအကျိုးရှိရင် မြန်မာနိုင်ငံလည်း အကျိုးရှိမှာဖြစ်ပါတယ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

ထိပ်သီးအစည်းအဝေးနဲ့ ပတ်သက်လို့ကတော့ အဓိကတီထွင်ဆန်းသစ်မှုနဲ့ စွန့်ဦးတီထွင်မှုကိစ္စကို အဓိကထား ဆွေးနွေးတာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အထဲမှာ အဓိကအားဖြင့်တော့ (၅)ချက်ဆွေးနွေးပါတယ်။ နံပါတ်(၁) အချက်က သိပ္ပံပညာရှင်တွေနဲ့ သုတေသနပညာရှင်တွေ အာဆီယံနဲ့ အမေရိကန်ကြားမှာ ဘယ်လိုသွားလာပြောင်းရွှေ့ဆောင်ရွက်ကြမလဲဆိုတဲ့ကိစ္စ၊ နံပါတ် (၂)အချက်က စွန့်ထွင်ဦးစီးသူတွေနဲ့ပတ်သက်လို့ စွန့်ထွင်ဦးစီးမှုကို မြှင့်တင်တဲ့အခါမှာ အမျိုးသမီးနဲ့ လူငယ်တွေရဲ့ကဏ္ဍ၊ အာဆီယံမှာရှိတဲ့ လူငယ်တွေရဲ့ စွန့်ထွင်ဦးစီးမှုတွေကို ဘယ်လိုအားပေးမလဲ။ ဘယ်လိုနေရာပေးမလဲ။ နောက်နံပါတ် (၃)အနေနဲ့ ထိရောက်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ် နည်းပညာပြောင်းလဲမှုနဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်ထွန်းလာဖို့ တက္ကသိုလ်တွေ၊ သုတေသနအဖွဲ့အစည်းတွေကြားမှာ၊ ပုဂ္ဂလိကကဏ္ဍကြားမှာ ဘယ်လိုပေါင်းစပ်ကြမလဲ။ ပြီးတော့ နံပါတ်(၄)အချက်က အသေးစားနဲ့ အလတ်စား Micro လို့ခေါ်တဲ့ အသေးစား စက်မှုလုပ်ငန်းတွေ ဘယ်လိုဖွံ့ဖြိုးအောင်လုပ်ကြမလဲ။ နောက်နံပါတ်(၅)ကတော့ အာဆီယံရဲ့ သိပ္ပံနည်းပညာ ဆန်းသစ်တီထွင်မှုတွေအတွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

အခွင့်အလမ်းပါ။ အဲဒီအခွင့်အလမ်းတွေကို ခေါင်းဆောင်တွေက ဆွေးနွေးကြတာဖြစ်ပါတယ်။

ဒီလိုဆွေးနွေးတဲ့အခါမှာ အမေရိကန်နိုင်ငံက စွန့်ထွင်ဦးစီးမှုရဲ့ တကယ့်ဗဟိုချက်တစ်ခုဖြစ်တယ်။ အသစ်အဆန်းတွေ တီထွင်တဲ့နေရာဖြစ်တယ်။ အထူးသဖြင့် ကယ်လီဖိုးနီးယားပြည်နယ်ကြီးမှာ Silicon Valley ရှိတယ်။ နောက်တစ်ခါ ဆန်ဖရန်စစ္စကိုမှာ IBM၊ CISCO System၊ Microsoft တို့ အားလုံးရှိတဲ့ နေရာပေါ့။ တစ်ဖက်မှာလည်း Hollywood တို့ရှိမှာပေါ့။ အဲ့ဒီလိုရှိတဲ့ နေရာတွေ ဖြစ်တဲ့အတွက် တီထွင်မှုတွေနဲ့ ပတ်သက်လို့ ဘယ်လို အားပေးမလဲ။ တီထွင်မှုတွေကို ဘယ်လိုနေရာပေးမလဲဆိုတာကို အဓိကဆွေးနွေးကြတာဖြစ်တယ်။

ဒီလိုဆွေးနွေးတဲ့အခါမှာတော့ နိုင်ငံခေါင်းဆောင်တွေအနေနဲ့က ကိုယ့်နိုင်ငံမှာရှိတဲ့ အတွေ့အကြုံတွေကို ဖလှယ်ကြတာဖြစ်သလို အထူးသဖြင့်တော့ IBM၊ CISCO System၊ Microsoft က CEO သုံးယောက်ကနေပြီး သူတို့ရဲ့ အသစ်အဆန်း တီထွင်ထားမှုတွေနဲ့ အာဆီယံနိုင်ငံများနဲ့ အမေရိကန်နိုင်ငံတွေမှာရှိတဲ့ လူတွေကြားထဲမှာ ဒီအသစ်အဆန်းတီထွင်မှုတွေ၊ နည်းပညာအသစ်တွေကို ဘယ်လိုသုံးစွဲခြင်းအားဖြင့် ကျေးလက်နဲ့ မြို့ပြမှာရှိတဲ့ လူတွေရဲ့မညီမျှမှုတွေကို ပိုပြီးညီမျှလာအောင်၊ အခွင့်အရေးတွေ ပိုကောင်းလာအောင်၊ အာဆီယံနိုင်ငံတွေကတော့ အထူးသဖြင့်တော့ လယ်ယာကို အခြေခံတဲ့နိုင်ငံရှိသလို သိပ္ပံနဲ့နည်းပညာကို အခြေခံသွားပြီဖြစ်တဲ့ စင်ကာပူ၊ မလေးရှားနိုင်ငံတို့ရှိတယ်။

ထိုနည်းတူစွာပဲ ကျွန်းတွေထောင်ချီပြီးတော့ရှိတဲ့ အင်ဒိုနီးရှား၊ ပြီးတော့ ဖိလစ်ပိုင် အဲဒီလိုနိုင်ငံတွေကျတော့ ကျွန်းတွေနဲ့ သူတို့ရဲ့မြို့တော်ရှိတဲ့ နေရာကြီးနဲ့ အကွာအဝေးပေါ့။ အဲဒီလိုကွာနေတဲ့နေရာတွေမှာ ကျေးလက်နဲ့ မြို့ပြ သို့မဟုတ်ရင်တော့ ဗဟိုနဲ့ ဝန်းကျင်ကွာခြားမှု ဘယ်လိုရှိလဲပေါ့။

မြန်မာနိုင်ငံမှာလည်း မြို့တွေက တိုးတက်နေသလို ကျေးလက်တွေမှာလည်း ဒီအတိုင်း တိုးတက်လာအောင် ဘယ်လိုလုပ်ကြမလဲ။ ဒါတွေအပေါ်မှာ ခုနကပြောတဲ့ နည်းပညာဖြစ်တဲ့ အထူးသဖြင့် ICT နည်းပညာကို ဘယ်လိုသုံးကြမလဲ။ ICT နည်းပညာတွေကနေ ဘယ်လို အထောက်အကူပေးမလဲ။ ဥပမာအားဖြင့် စိုက်ပျိုးရေးဆို စိုက်ပျိုးရေးနည်းပညာတွေ၊ ရာသီဥတုဖောက်ပြန်တော့မယ်ဆို ရာသီဥတုဖောက်ပြန်တာကို ကျေးလက်မှာ အစွန်အဖျားမှာ လုပ်နေတဲ့လူတွေ ဘယ်လိုအသိပေးမလဲ။ အဲဒီလို အသိပေးခြင်းအားဖြင့် ကြိုသိနိုင်ခြင်းဖြင့် ကာကွယ်နိုင်တာဆို ကာကွယ်နိုင်တယ်။ နည်းပညာအသစ်ဆိုလည်း ပျံ့ပျံ့နှံ့နှံ့သုံးနိုင်တယ်။ တစ်ဖက်က တီထွင်မှုကလည်းရှိရမယ်။ တစ်ဖက်က တီထွင်တဲ့သူတွေကိုလည်း သူတို့တီထွင်နိုင်အောင် နေရာရှိရမယ်။ သူတို့ရဲ့တီထွင်မှုကိုလည်း ရောင်းချနိုင်တဲ့ဈေးကွက်ရှိရမယ်။ အဲဒီအရာတွေကို အဓိကအားဖြင့် ဆွေးနွေးပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်

ဆွေးနွေးတဲ့အရာကတော့ တော်တော်ကြီး နည်းပညာဆန်ပါတယ်။ နည်းပညာ ဆန်တာရှိသလို အခွင့်အလမ်းနဲ့ အခွင့်အရေး ဈေးကွက်ရလာအောင် ဘယ်လိုလုပ်ပေးမလဲ။ ဒါကိုဆွေးနွေးတာဖြစ်ပါတယ်။

အထူးသဖြင့်တော့ အာဆီယံနဲ့ အမေရိကန်နိုင်ငံတို့အနေနဲ့ မဟာဗျူဟာ ဆက်ဆံရေးကို တိုးမြှင့်တည်ထောင်လိုက်ပြီ။ ဒါကြောင့်မို့လို့ အာဆီယံမှာရှိတဲ့ AEC ဖြစ်လာတဲ့အခါမှာ AEC ရဲ့ သဘောတရားမှာကိုက စွန့်ထွင်ဦးစီးသူတွေ၊ နည်းပညာတွေ၊ တက္ကသိုလ်တွေချင်း ပေါင်းစည်းရမယ်။ သုတေသနဌာနတွေချင်း ပေါင်းစည်းရမယ်။ နောက်တစ်ခါ ကျွမ်းကျင်သူတွေဆိုရင် ကျွမ်းကျင်တဲ့သူ ပရော်ဖက်ရှင်နယ်တွေ အာဆီယံကြားမှာ ကူးသန်းသွားလာနိုင်သလို အခုကတော့ အမေရိကန်ဘက်ထိအောင်လည်း ကူးသန်းသွားလာနိုင်ဖို့အတွက် တံခါးဖွင့်ပေးမယ်။

တကယ်တော့ နည်းပညာ အပြန်အလှန်လဲလှယ်သလို ကြိုးစားသူ၊ တော်သူ၊ စွန့်ထွင်ဦးစီးနိုင်သူ နောက်တစ်ခါ တီထွင်နိုင်သူတွေအနေနဲ့ကတော့ အာဆီယံ ဈေးကွက်တွင်သာမက အမေရိကန်ဈေးကွက်ကိုပါ လာပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် အခွင့်အလမ်းတွေရှိလာပါတယ်။

အရင်တုန်းကတော့ နည်းပညာရဖို့အတွက်ဆိုရင် အဆင့်ဆင့်ယူရတာပေါ့လေ။ အခုကျတော့ သူတို့ပြောတာကတော့ နည်းပညာတွေကတော့ နည်းပညာအသစ်ကို တစ်ခါတည်းယူသုံးလိုက်၊ ဒီအဆင့်ဆင့်သွားနေတဲ့ဟာလေးကို ကျော်လိုက်ဖို့ ဖားခုန်ခုန်ပြီးတော့ ကျော်လို့ရတယ်။ ဒီအတွက်လည်း အခုနောက်ပိုင်း နည်းပညာ တိုးတက်မှုနဲ့စွန့်ထွင်ဦးစီးမှု တိုးတက်မှုအရ ဖားခုန်ခုန်ရမှာကို မစိုးရိမ်ပါနဲ့။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံကို အမီလိုက်ဖို့အတွက်ကို နည်းလမ်းရနိုင်တဲ့ အခြေအနေတစ်ခုကို ဖွင့်ပေးပါ့မယ်တဲ့။ အရင်တုန်းကတော့ သူတို့နည်းပညာတွေပေးဖို့အတွက် အဆင့်ဆင့် အကာအကွယ်တွေရှိတယ်။ အသစ်တွေ့တဲ့သူကလည်း ချက်ချင်းမပေးလိုဘူး။

အခုကတော့ ICT တိုးတက်လာမှုတွေ၊ နောက်တစ်ခါ ခုနကပြောတဲ့ Information Technology တိုးတက်လာတာတွေနဲ့ နောက်ဆုံးဆွေးနွေးသွားတာကတော့ iCloud ဆိုတာကို ဆွေးနွေးသွားတယ်။ iCloud ပေါ်မှာ နည်းပညာတွေကို တင်ထားလို့ရတယ်။ သတင်းအချက်အလက်တွေကို ဖလှယ်တဲ့အခါမှာ iCloud ပေါ်ကို သုံးပြီးတော့ ဖလှယ်ခြင်းအားဖြင့်လည်း ကမ္ဘာနဲ့အဝန်း ကျေးလက်နဲ့ မြို့ပြမကျန် မြန်မာနိုင်ငံမှာဆိုလည်း ကျေးလက်က လူတွေက iCloud ကို သုံးတတ်လာမယ်။ နည်းပညာတွေ၊ သတင်းအချက်အလက်တွေ၊ သတိပေးချက်တွေပေါ့။ မိုးရွာတော့မယ်၊ ရေကြီးတော့မယ်၊ မုန်တိုင်းလာတော့မယ် အစရှိသဖြင့် အဲဒီလိုအရာတွေကို iCloud က ယူကြည့်လိုက်ရင် သိနေပြီ။

စာမျက်နှာ ၉ သို့ »»

# နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တည်ဆောက်ရေးစီမံကိန်း ၄၅ ရာခိုင်နှုန်းခန့်ပြီးစီး

**နေပြည်တော်  ဖေဖော်ဝါရီ ၁၈**

အငြိမ်းစားတပ်မတော်သား မိသားစုဝင်များ၊ အကြောင်းအမျိုးမျိုးကြောင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့ကြသောစစ်သည်များ၏ ကျန်ရစ်သူမိသားစုများနှင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် ပေးဆပ်ခဲ့ကြသူများကို စောင့်ရှောက်ရန် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့်ရတနာမဏ္ဍလမ်းဆုံတွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာကို ဆောက်လုပ်လျက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကြရာ စီမံကိန်းရှင်းလင်းဆောင်၌ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်မြိုင်က ရိပ်သာအဆောက်အအုံနှင့် အုပ်ချုပ်မှုအဆောက်အအုံများ ဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကရုဏာကမ္ဘာဘိုးဘွားရိပ်သာစောင့်ရှောက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (အငြိမ်းစား)က ဘိုးဘွားများနေထိုင်ရေးနှင့်စားသောက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် ပြီးမြောက်အောင် ကြပ်မတ်ဆောင်ရွက်ရန်၊ အရိပ်ရပင်များစတင်စိုက်ပျိုးရန်နှင့် ရိပ်သာတွင်နေထိုင်မည့် ဘိုးဘွားများ၏ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် လူနာတင်ယာဉ်၊ ဆရာဝန်၊ သူနာပြုများနှင့် ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ပြောကြားသည်။



ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ဘောကထ ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုး

**နေပြည်တော်  ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဘောကထချောင်းပေါ်တွင် တည်ဆောက်မည့် ဘောကထ ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သူးလေကုမ္ပဏီလီမိတက်တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနလုပ်ငန်းမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သူးလေကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးစောတာဒိုမူးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အရ လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းနှင့် သူးလေကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးစောတာဒိုမူးတို့က ဘောကထ ရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန် လဲလှယ်ကြသည်။

ဘောကထ ရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ ဘောကထချောင်းပေါ်တွင် တည်ဆောက်မည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ စီမံကိန်း တည်ဆောက်ပြီးစီးပါက စက်တပ်ဆင်အင်အား ၁၆၀ မဂ္ဂါဝပ် ထွက်ရှိမည့် စီမံကိန်းတစ်ခုဖြစ်ပြီး လျှပ်စစ်ဓာတ်အားရရှိခြင်းမရှိသေးသော ကရင်ပြည်နယ်အတွက် များစွာအကျိုးရှိသော စီမံကိန်းတစ်ခုဖြစ်သည့်အပြင် စီမံကိန်းဒေသဖြစ်သည့် ပဲခူးတိုင်းဒေသကြီးအတွက်ပါ များစွာအကျိုးရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မော်လမြိုင်-မြဝတီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း မိုင် ၈၀ တည်ဆောက်ခြင်း၊ မြဝတီ-ကော့ကရိတ် ၆၆ကေဗွီ ဓာတ်အားလိုင်း မိုင် ၄၀ တည်ဆောက်ခြင်း၊ ၂၃၀/၆၆/၁၁ကေဗွီ (၂×၅၀) အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ကော့ကရိတ် ဓာတ်အားခွဲရုံ ၆၆/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ကော့ကရိတ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ယခု MoU လက်မှတ်ရေးထိုးသည့် ဘောကထ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ကရင်ပြည်နယ်ဒေသတစ်ခုလုံးအပြင် ပဲခူးတိုင်းဒေသကြီးနှင့် နိုင်ငံတော်အတွက် များစွာအကျိုးပြုသော စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

»» စာမျက်နှာ ၈ မှ

ကျေးလက်ဘယ်လောက်ပဲခေါင်ခေါင် ကြိုတင်ပြင်ဆင်ချိန်ရသလို နည်းပညာကို ကြိုတင်ယူပြီးတော့ အခြေအနေရလာတဲ့အတွက် အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းတွေမကဘူး။ ကျေးလက်မြို့ပြပါမကျန် တိုးတက်လာတဲ့ Technology ကို အခုလိုဖွင့်ပြီးတော့ ပေးပြီးတော့ သုံးခွင့်ရမယ်ဆိုရင် နိုင်ငံငယ်တွေအတွက် အခွင့်အလမ်းပိုပြီးတော့ ရလာမှာဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**

အာဆီယံ- အမေရိကန် ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်နဲ့ ၁၆ ရက်နေ့မှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီအစည်းအဝေးကတော့ အာဆီယံနဲ့ အမေရိကန်ရဲ့ ဆွေးနွေးဖက်နိုင်ငံအဆင့်ကနေ မဟာဗျူဟာအဆင့်ဆွေးနွေးဖက်အဖြစ် တိုးမြှင့်ခဲ့တဲ့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က ကွာလာလမ်ပူ မလေးရှားမှာလုပ်ခဲ့တဲ့ အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးကနေ ဆုံးဖြတ်ခဲ့တဲ့ မဟာဗျူဟာမြောက်အဆင့် မိတ်ဖက်ဆွေးနွေးဖက်တွေအဖြစ်နဲ့ တိုးမြှင့်ပြီးတဲ့နောက်ပိုင်းမှာ အမေရိကန်ပြည်ထောင်စုမှာ ပထမဦးဆုံးကျင်းပခဲ့တဲ့ အစည်းအဝေးဖြစ်ပါတယ်။

ဒီအစည်းအဝေး ကျင်းပတဲ့ ပုံစံကလည်းပဲ သီးသန့်အစည်းအဝေးဖြစ်ပါတယ်။ သီးသန့်အစည်းအဝေးဖြစ်တဲ့အတွက် ဒီထဲမှာ ခေါင်းဆောင်တွေက အမေရိကန်သမ္မတမစ္စတာ အိုဘားမားအပါအဝင် အာဆီယံဒေသအဖွဲ့ဝင် ၁၀ နိုင်ငံက သမ္မတနဲ့ ဝန်ကြီးချုပ်တွေ၊ မြန်မာနိုင်ငံဆိုရင် နိုင်ငံတော်သမ္မတကိုယ်စား ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဦးဆောင်ပြီးတော့ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးကြတာဖြစ်ပါတယ်။

သီးသန့်ဆွေးနွေးပွဲတွေရဲ့ သဘောအရတော့ လွတ်လွတ်လပ်လပ်နဲ့ ပွင့်ပွင့်လင်းလင်း တကယ့်အရေးကြီးတဲ့ မဟာဗျူဟာဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးကြတာဖြစ်ပါတယ်။ ဆွေးနွေးတဲ့ပုံစံကိုက တံခါးပိတ်ဆွေးနွေးပွဲပုံစံလုပ်တယ်။ ဒါနဲ့ပတ်သက်ပြီး အစည်းအဝေးရဲ့အတွင်းမှာဆွေးနွေးတဲ့ကိစ္စရပ်တွေကို အသေးစိတ် ထုတ်ပြန်ကြေညာလေ့မရှိဘူး။

သို့သော်လည်း အစည်းအဝေးရဲ့ ရလဒ်ကိုတော့ ပူးတွဲကြေညာချက်အနေနဲ့ ကြေညာတာရှိပါတယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့နေ့ကဆိုရင် ဆန်းနီးလန်း ကြေညာချက်ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။

ဒီထုတ်ပြန်ကြေညာတဲ့အထဲမှာ ရှေ့မှာ အာဆီယံနဲ့ အမေရိကန် ထိပ်သီးခေါင်းဆောင်တွေအနေနဲ့ ဘယ်လိုဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမလဲ။ ဒေသနှစ်ခုရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဘယ်လိုမြှင့်တင်သွားမလဲဆိုပြီး ဒါတွေကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

အဲဒီတော့ အစည်းအဝေးရဲ့ ပထမနေ့မှာဆိုရင် ဒေသနှစ်ခုရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို အဓိကထားပြီးဆွေးနွေးခဲ့ပါတယ်။ အဲဒီအထဲမှာလည်း တီထွင်ကြံဆမှုတွေနဲ့ စွန့်ဦးတီထွင်မှုတွေကို ဦးစားပေးပြီးတဲ့အခါမှာ ဒေသနှစ်ခုရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်သွားဖို့ပါ။ ဥပမာအားဖြင့် အခုလို IT တိုးတက်နေတဲ့ အခါမှာ Data Base တွေကနေ လွတ်လွတ်လပ်လပ်၊ မြန်မြန်ဆန်ဆန်နဲ့ စီးပွားရေးပိုင်းမှာ အခြေခံပြီးတော့ ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားကြဖို့ တိုးတက်မြင့်မားလာတဲ့ IT ပညာတွေကို စီးပွားရေးကဏ္ဍမှာလည်းပဲ အသုံးပြုပြီးတော့ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ ဒေသတွင်းမှာ ကူးလူးဆက်ဆံသွားဖို့ အဲဒီကိစ္စတွေကို အလေးထားပြီး ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

အဲဒီနေ့ ညပိုင်းမှာတော့ အလုပ်သဘောညစာစားပွဲလုပ်ပါတယ်။ ညစာစားပွဲမှာတော့ မဟာဗျူဟာအရ အရေးကြီးတဲ့ ဒေသတွင်းတည်ငြိမ်ရေး၊ လုံခြုံရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေ၊ အထူးသဖြင့်တော့ အာရှ-ပစိဖိတ်ဒေသမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သာယာဝပြောရေး ဒီလိုကိစ္စတွေနဲ့ အဓိကပတ်သက်နေတဲ့ ဒေသတွင်း ပြဿနာတွေ၊ ဥပမာအားဖြင့် တောင်တရုတ်ပင်လယ်ကိစ္စ၊ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရရှိဖို့ကိစ္စတွေ၊ အဏုမြူလက်နက်တွေကင်းမဲ့ဖို့ကိစ္စတွေ ဒီလိုကိစ္စမျိုးတွေကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

ပထမနေ့မှာတော့ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ ရင်ဆိုင်နေရတဲ့ လူမှောင်ခိုကူးတဲ့ လူကုန်ကူးခံရတဲ့ကိစ္စတွေ တိုက်ဖျက်ဖို့၊ ရာသီဥတုပြောင်းလဲမှုနဲ့ ကမ္ဘာကြီး ပူနွေးလာမှုအတွက်ကို ဘယ်လိုလုပ်မလဲ။ နောက်ကမ္ဘာမှာ ပြန့်ပွားနေတဲ့ ဘေးရောဂါတွေ၊ အခုဆိုရင် ဇီကာဆိုပြီးတော့ ပေါ်လာတယ်။ အရင်နှစ်တွေကဆို မားစ်တို့ ပေါ်လာတယ်။ ဒီလိုနိုင်ငံတွေကို ဖြတ်ကျော်ပြီးတော့ ကူးစက်နိုင်တဲ့ ဒီလိုရောဂါဆိုးကြီးတွေကို ဘယ်လိုကာကွယ်မလဲ။ ဘယ်လိုတားဆီးကြမလဲ။ အဲ့ဒီလိုကိစ္စရပ်တွေအပါအဝင် ဒေသတွင်းမှာဖြစ်နေတဲ့ လူကုန်ကူးမှုကို ဘယ်လိုတိုက်ဖျက်မလဲ။ လူမှောင်ခိုတွေ ဘယ်လိုဆက်လက်ပြီးတော့ နိုင်ငံတကာနဲ့ ဒေသတွင်းနိုင်ငံတွေ ဘယ်လိုပေါင်းပြီးတော့ တိုက်ဖျက်သွားမလဲ။

နောက်တစ်ခုကတော့ တစ်ကမ္ဘာလုံးမှာ ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်မှုကိစ္စတွေအနေနဲ့လည်း အစွန်းရောက်တဲ့ အတွေးအခေါ်တွေရှိနေတဲ့ သူတွေကနေပြီးတော့ ဒီအကြမ်းဖက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်တဲ့အတွက် နယ်ပယ်မရှိတော့ဘူး။ ဒေသအားလုံးမှာ အစွန်းရောက်တွေရဲ့ တိုက်ခိုက်မှုတွေ၊ အကြမ်းဖက်မှုတွေ ကြုံခဲ့ရတယ်။ ဒီလိုကြုံနေရတဲ့ အကြမ်းဖက်မှုတွေကို ဘယ်လိုတိုက်ဖျက်သွားမလဲ။ အခြေခံကျကျ ဘယ်လို ဖြေရှင်းသွားမလဲ။ ဒါတွေကို ပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီးဆွေးနွေးကြတာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကနေပြီးတော့ ထုတ်ပြန်ကြေညာလိုက်တဲ့ကြေညာချက်ကလည်းပဲ ဒါရှေ့ဆက်လက်ပြီးတော့ အာဆီယံနဲ့ အမေရိကန်ရဲ့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတွေကို ဒီကြေညာချက်က ချမှတ်ထားတဲ့ မူဝါဒတွေကို ဆက်လက်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ ခေါင်းဆောင်တွေအားလုံးကနေပြီးတော့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒါကြောင့်မို့ ဒီအစည်းအဝေးက အာဆီယံနဲ့ အမေရိကန် မဟာဗျူဟာအဆင့် မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်လိုက်တဲ့အတွက် ထူးခြားတဲ့ အစည်းအဝေးလည်းဖြစ်သလို ထူးခြားတဲ့ရလဒ်တွေလည်း စောစောကပြောခဲ့တဲ့ ကမ္ဘာ့အနှံ့အပြား အာရှ- ပစိဖိတ်ဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တွေကို နှံ့နှံ့စပ်စပ်နဲ့ နိုင်ငံတွေရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် မူဝါဒတွေ ဘယ်လိုချမှတ်မလဲဆိုတာ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါဟာ အောင်မြင်တဲ့ အစည်းအဝေးတစ်ခုဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ် ခင်ဗျား။

**(သတင်းအဖွဲ့)**

# စစ်ကိုင်းလမ်းက ပြောင်းချိန်တန်ပြီလားလေ

**အငြိမ်းစား ပါမောက္ခတစ်ဦး**

**××× ထိုးထွက်တဲ့မနက်နေရောင်ဖြာထွန်းချိန်
စစ်ကိုင်းလမ်းက စောင့်နေမယ်သူမှာလို့
ချိန်းထားတဲ့ - သဲမြေ ပင်အိုအရိပ်ဆီ
မျှော်သူကိုကြိုလင့်ရန်-- ကိုယ်လာမယ်လို့ ××× ။**

နာမည်ကြီးအဆိုတော်ကိုခိုင်ထူး၏"စစ်ကိုင်းလမ်း" သီချင်းလေးသည် တက္ကသိုလ်နှင့်ပတ်သက်သော သီချင်းကောင်းတစ်ပုဒ်ဖြစ်သလို မိမိတို့ အနေဖြင့် ကိုခိုင်ထူးရဲ့ဖခင် ဆရာကြီး ပါမောက္ခဦးသာထို နေထိုင်ခဲ့သော တက္ကသိုလ်နယ်မြေထဲက စစ်ကိုင်းလမ်းတွင် နေထိုင်ခွင့်ရခဲ့သည်ပင်လျှင် တက္ကသိုလ်ဆရာတစ်ဦး၏ဘဝမှာ အမြင့်မားဆုံးနဲ့ ဂုဏ်ယူခွင့်အရဆုံးထဲက တစ်ခုဖြစ်ခဲ့ပါသည်။ ထို့အပြင် ကိုခိုင်ထူးသည် "စစ်ကိုင်းလမ်း ××××× " သီချင်းလေးကို သူ့ဖခင်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနမှူးရာထူးမှာ တက္ကသိုလ်ပါမောက္ခဆရာကြီးများအတွက်ပေးသော ဒီအမှတ်(၂) စစ်ကိုင်းလမ်းက နေအိမ်မှာ နေထိုင်ရင်း သီချင်းစပ်ဆိုခဲ့သည်ကို သိရသည့်အတွက် အလွန်မှတ်မှတ်ရရ ဖြစ်မိပါသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေထဲမှာ နေခဲ့ရတဲ့ဘဝသည်လည်း မမေ့နိုင်သလို"ရန်ကုန်တက္ကသိုလ်"ဆိုတာကလည်း အင်မတန်ဂုဏ်ကြီးခဲ့၊ သမိုင်းကြောင်းရှည်လျားခဲ့ ဆိုတာကိုလည်း မှတ်မှတ်ထင်ထင် အမြဲဖြစ်မိပါသည်။ ဤနယ်မြေဟာ မြန်မာနိုင်ငံ၏ Top များကို မွေးဖွားပေးခဲ့ရာ ဘူမိနက်သန်မြေပါ။ မြန်မာ့နိုင်ငံရေးကို ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့သူများ ရှင်သန်ကြီးပြင်းရာ၊ မြေခံ ရေခံကောင်းရာ နယ်ပယ် လည်းဖြစ်ပါသည်။ နယ်ချဲ့အင်္ဂလိပ် လက်အောက်မှာ "ကျွန်ပညာရေးစနစ်- အလိုမရှိ"ကို ကြွေးကြော်ခဲ့ပြီး "မြန်မာစာသည် တို့စာ"၊ "မြန်မာစကားသည်-တို့စကား"၊ "မြန်မာစာပေသည်တို့စာပေ"ဆိုပြီး အမျိုးသားကျောင်းများ၏အစ မြန်မာ့မြေပေါ်မှာ မြန်မာတို့အရှည်တည်အနေခန့်၍ မြန်မာစာပေ အသရေလွှမ်းစေဖို့ ဆောင်ကျဉ်းပေးနိုင်ခဲ့တာ ကလည်း ဒီနေရာကစခဲ့ကြခြင်းဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်ကြီးရဲ့ Landscappingကို ကြည့်ကြည့်၊ တက္ကသိုလ်ကြီးရဲ့ လမ်းများဖွဲ့စည်းထားပုံ၊ အဆောက်အအုံများနေရာချထားပုံ၊ ကျောင်းသားများအပန်းဖြေရန်၊ အားကစားများဆောင်ရွက်နိုင်ရန်၊ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆက်သွယ်ရေးအတွက် စာတိုက်၊ကြေးနန်း၊ စာပေများ ဖတ်ရှုလေ့လာလိုက်စားဖို့ စာကြည့်တိုက်၊ တက္ကသိုလ်၏ အနှစ်သာရတစ်ခုဖြစ်သည့် ဘွဲ့ဒီဂရီများ အပ်နှင်းရာ ဘွဲ့နှင်းသဘင်ခန်းမကြီးများ ဆောက်လုပ်ထားပုံ၊ တည်ရှိနေပုံတွေဟာ တက္ကသိုလ်ကြီး၏ သမိုင်းများပင်ဖြစ်ပါသည်။

ထို့အပြင် တက္ကသိုလ်ကြီး၏အုပ်ချုပ်ရေး၊ သင်ကြားရေးအတွက် တာဝန်ယူဆောင်ရွက်ကြရသော တက္ကသိုလ်အဓိပတိများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများအတွက် ရာထူးအဆင့်နှင့်အညီ နေအိမ်များသည်လည်း ခံ့ခံ့ညားညား ကြွားကြွားဝင့်ဝင့်နှင့် ဆောက်လုပ်ပေးထားသည်ကိုလည်း ယနေ့တိုင်တွေ့ရပါသည်။ တက္ကသိုလ်နယ်မြေနှင့်ကပ်လျက် တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်အားကစားရုံ၊ တက္ကသိုလ်ဓမ္မာရုံ၊ တက္ကသိုလ်ရေကူးကန်၊ တက္ကသိုလ်ဘောလုံးကွင်း၊ တက္ကသိုလ်ဆေးရုံ၊ တက္ကသိုလ်တင်းနစ်ကွင်းများ အပြင် တက္ကသိုလ်များလှေလှော်အသင်း၊ တောင်တက်အသင်း၊ အနုပညာအသင်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း စသည်တို့ကိုပါ ဖွဲ့စည်းပေး၍ တက္ကသိုလ်ကျောင်းသားများအတွက် ပညာ၊ ကျန်းမာ၊ စာရိတ္တာမဏ္ဍိုင်များပါ ဖွံ့ဖြိုးစေဖို့ စီစဉ်ဆောင်ရွက်ပေးထားပြန်ပါသည်။

ထို့အပြင် အဝေးက လာရောက်ကျောင်းတက်ကြသော ကျောင်းသားများအတွက် အဆောင်များကို အမျိုးသမီး၊ အမျိုးသားခွဲခြား၍ ဖွင့်လှစ်ပေးထားခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။

နှစ်တစ်ရာ သက်တမ်းပြည့်တော့မည့် ရန်ကုန်တက္ကသိုလ်ကြီးကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်အဖြစ် စတင်တည်ထောင်စဉ်က တက္ကသိုလ်အတွက် နယ်မြေတစ်ခုကို ဝယ်ယူဖို့ မြန်မာနိုင်ငံအစိုးရက ထိုစဉ်အခါက ငွေကျပ် ရှစ်သိန်း သတ်မှတ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ထိုငွေဖြင့်ပင် ယခုအခါ ရန်ကုန်တက္ကသိုလ်နယ်မြေဟုခေါ်တွင်သော မြေဧက ၄၀၀ ကျော်ရှိသည့် နယ်မြေကိုဝယ်ခဲ့သည်ဟုသိရသည်။

ရန်ကုန်တက္ကသိုလ်ကြီးတည်ဆောက်ခဲ့မှုသည် ကမ္ဘာ့အလယ်မှာ မျက်နှာမငယ်စရာ ဆောက်လုပ်ထားပြီး၊ အကွက်ကျစွာအဆောက်အအုံများ နေရာချထားနိုင်ခဲ့မှုဟာလည်း မြန်မာနိုင်ငံရှိ တက္ကသိုလ်များထဲတွင် သက်တမ်းအရှည်ကြာဆုံးသော ရန်ကုန်တက္ကသိုလ်ကြီး၏ ထူးခြားသော ဝိသေသ လက္ခဏာတစ်ရပ်ပင်ဖြစ်ပါသည်။

မည်သို့ပင် ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အကူပြုသော ကိုလိုနီပညာရေးစနစ် ဆက်လက်ရှင်သန်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်ဖြစ်စေ ရန်ကုန်မြို့တွင် မားမားမတ်မတ် တင့်တင့်တယ်တယ်နှင့် ဝင့်ထည်ဆဲဖြစ်သည့် ရန်ကုန်တက္ကသိုလ်၏ နှစ်တစ်ရာအလှသည် တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါလက္ခဏာများစွာဖြင့် ပြည့်နှက်နေဆဲ၊ ကျက်သရေရှိနေမြဲ၊ လွှမ်းမောစိတ်စွဲထင်ကျန်နေလျက်ပါ။

အင်္ဂလိပ်အစိုးရသည် တက္ကသိုလ်အဆောက်အအုံများ တည်ဆောက်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းပြီး ဗိသုကာပညာရှင်တစ်ဦးကို အင်္ဂလန်နိုင်ငံသို့ စေလွှတ်ကာ လိုအပ်သောအမှုထမ်းများခေါ်စေခြင်း၊ ပုံစံဒီဇိုင်းများ ရေးဆွဲစေခြင်းစသည်တို့ကို တာဝန်ပေးကာ ရန်ကုန်တက္ကသိုလ်ကို အကွက်ချ တည်ဆောက်ခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရပါသည်။

ထိုစဉ်က ပြည်သူ့လုပ်ငန်းဌာနအင်ဂျင်နီယာချုပ်ဖြစ်သူ မစ္စတာ ဘားနတ်ကလည်း Proposed မြေကွက်ကို ဖြတ်သန်း၍ ပြည်လမ်း(Prome Road) နှင့်အပြိုင် လမ်းမကြီးတစ်ခုဖောက်သင့်ကြောင်း၊ လမ်းမကြီး၏ မြောက်ဘက်ထိပ်တွင် ဘွဲ့နှင်းအဆောက်အအုံကို ဆောက်လုပ်သင့်ပြီး ဘွဲ့နှင်းသဘင်အဆောက်အအုံမှ ပြည်လမ်းဘက်သို့ တိုက်ရိုက်ရောက်နိုင်သည့်လမ်းကို



**ရန်ကုန်တက္ကသိုလ်၏ သင်္ကေတတစ်ခုဖြစ်သော အဓိပတိလမ်းကို တွေ့ရစဉ်။**

ဆောက်လုပ်သင့်ကြောင်း အကြံပြုခဲ့သည်။ အဓိပတိလမ်းမ၏ မြောက်ဘက် (၃၄၃ ဧကခွဲ)တွင် ရန်ကုန်ကောလိပ်နှင့် လမ်းမ၏တောင်ဘက်(၅၆ ဧကခွဲ)တွင် ဂျပ်ဆင်ကောလိပ်တို့အသီးသီး နေရာချထားပေးခဲ့သည်။ Collegiate System ဖြင့် စတင်ခဲ့ကြောင်း မှတ်သားရပါသည်။ ရန်ကုန်ကောလိပ်နှင့်ဂျပ်ဆင်ကောလိပ်တို့ကိုပေါင်းပြီး ရန်ကုန်တက္ကသိုလ်ဟူ၍ ပေါ်ထွန်းလာခဲ့ရာတွင် ရန်ကုန်ကောလိပ်ပိုင်အဆောက်အအုံများကို အင်္ဂလိပ်အစိုးရက တာဝန်ယူတည်ဆောက်ခဲ့ပြီး ဂျပ်ဆင်ကောလိပ်အဆောက်အအုံများကိုမူ ခရစ်ယာန်သာသနာအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များက တည်ဆောက်ထားခဲ့ကြောင်း သိရှိရသည်။

အင်္ဂလိပ်ဗိသုကာပညာရှင်အဖြစ် ဆောက်လုပ်ရန်ရွေးချယ်စေခိုင်းခဲ့သူ မစ္စတာ တီအိုဖော်စတာ၏ (စာသင်ခန်း၊ ဓာတ်ခွဲခန်း)ပုံစံဒီဇိုင်းများသည် ထုထည်ကြီးမားပြီး လေဝင်လေထွက်နှင့် အလင်းရောင်ရရှိမှုအစီအစဉ် ညံ့ဖျင်းသည်ဟု အကြီးအကျယ် ဝေဖန်ခံရ၍ တက္ကသိုလ်မှပါမောက္ခကြီးများအတွက် နေအိမ်များဆောက်လုပ်ခြင်းလုပ်ငန်းကို အစိုးရဗိသုကာပညာရှင်အင်ဂျင်နီယာ S.P Bush က တာဝန်ယူခဲ့ရသည်။ ယခုအင်းလျားကန်(ဝိတိုရိယကန်)ရေသည် ရေရှည်လုံခြုံစိတ်ချစွာ အသုံးမပြုနိုင်ဟု ဆုံးဖြတ်ပြီး အဝီစိရေတွင်းများတူး၍ ရေအခက်အခဲမရှိစေရန် ဆောင်ရွက်ခဲ့ကြကြောင်းလည်း တွေ့ရှိရသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း ဆောက်လုပ်ခဲ့သော အဆောက်အအုံများသည် ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းတွင် အသီးသီးဆောက်လုပ်ခဲ့ကြပြီး ၁၉၃၀ ပြည့်နှစ်ပတ်ဝန်းကျင်ကာလအသီးသီးတွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ အဆောက်အအုံများကိုလည်း ပုဂ္ဂိုလ်၊ ပန္နက်ချပေးသူ အလှူရှင်အမည်များအစွဲပြု၍ ခေါ်ဝေါ်ခဲ့ကြောင်းလည်းလေ့လာတွေ့ရှိရသည်။

ဥပမာ-ယခုသီရိဆောင်ကို ယခင်က ဘင်တန်ဟော(Benton Hall) ဟုခေါ်ဆိုခြင်းမှာ Ms.Caroline Benton ဆိုသူ အမျိုးသမီးက အဆိုပါအဆောင်ဆောက်လုပ်ရန် ငွေလှူဒါန်းခဲ့၍ ဖြစ်ပါသည်။

ယခုဒဂုံဆောင်ကိုယခင်က Wellington Hall ဟုခေါ်ဝေါ်ခဲ့သည်မှာလည်း အမေရိကန်နိုင်ငံ Wellington Missionary မှ Rev-J. H. Benton နှင့် Dr.Truman Johnson တို့ကို ဂုဏ်ပြု၍ ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်တက္ကသိုလ်ဟူသည် ယခင်က နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်ခဲ့ရာဖြစ်သလို အနာဂတ်မြန်မာပြည်ကို ပုံဖော်ခေါင်းဆောင်နိုင်မည့် ခေတ်ပညာတတ်သော၊ စိတ်ဓာတ်ကောင်းမွန်သော မျိုးဆက်သစ် ခေါင်းဆောင်ကောင်းများကို လေ့ကျင့်ပေးရာ၊ ပညာသင်ကြားပေးရာ၊ အတွေ့အကြုံပေးရာ နေရာဌာနမျိုးဖြစ်ပါသည်။ တက္ကသိုလ်၏ပုံရိပ်ကို တက္ကသိုလ်နှင့်တူအောင် ပြည့်စုံအောင် ဖန်တီးပေးထားခြင်းသည်လည်း တက္ကသိုလ်ကျောင်းသားများအနေဖြင့် မိမိ၏ ကျောင်းတော်အပေါ် ဂုဏ်ယူမြတ်နိုးစိတ်၊ လေးစားတွယ်တာစိတ်တို့ကို ဖြစ်စေကာ"ကျောင်းနေပျော်ရေး"ကိုလည်း များစွာအထောက်အပံ့ဖြစ်စေပါသည်။

မြန်မာနိုင်ငံတွင်ရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်နေခဲ့ရသောဘဝများ၏ လွမ်းပုံရိပ်များကို သီကျူးရေးဖွဲ့ကြသော သီချင်းများ၊ ကဗျာများ၊ ဆောင်းပါးများ၊ ဝတ္ထုများ၊ ရုပ်ရှင်များသည် ကဏ္ဍအသီးသီးတွင် လွမ်းမောထင်ဟပ်ဖွယ်ရာ တသသကျန်နေဆဲ အမှတ်ရနေဆဲဖြစ်ပါသည်။

အတွေးအခေါ် စိတ်ကူးကောင်းတို့ဖြင့် စေတနာပေါင်းစပ်ကာ ရေရှည်အတွက် တက္ကသိုလ်ပညာရေးအတွက် များစွာအထောက်အကူပြုနိုင်မည့် ခေတ်မီသော တက္ကသိုလ်ကြီးများ ဖွဲ့စည်းတည်ဆောက်ပေးမှုတွင် အတုယူသင့်သော နှစ်တစ်ရာပြည့်တော့မည့် ရန်ကုန်တက္ကသိုလ်အကြောင်း ပြန်လည်ဖော်ပြရခြင်းသည် ကိုလိုနီခေတ် ပညာရေးစနစ်ကိုသော်လည်းကောင်း၊ အင်္ဂလိပ်တို့၏ ဆောင်ရွက်ခဲ့မှုကိုသော်လည်းကောင်း ပြန်တမ်းတလို၍မဟုတ်ပါ။ တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှ၏ ပညာရေးလောကတွင် ရွှေထီးဆောင်းခဲ့သည်ကို မည်သူမျှ မငြင်းနိုင်သည့် မြန်မာ့ပညာရေးတန်ဆောင်ကို ထင်ဟပ်ပြသခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးနှင့် သူ၏ပညာရေးစနစ်ကြောင့် မွေးထုတ်ခဲ့သော မြန်မာပညာအကျော်အမော်များသည်လည်း "ရန်ကုန်တက္ကသိုလ်ကြီး၏ လက်ဆင့်ကမ်းအမွေ(Legacy) ပင်ဖြစ်သည်"ဟူသော အချက်ကို အမှတ်ရစေလို၍ ဖြစ်ပါသည်။

ဤနှစ်တစ်ရာပြည့်တော့မည့် ရန်ကုန်တက္ကသိုလ်ကြီးသည် အိန္ဒြေသိက္ခာဖြင့် ရပ်တည်ကာ ကံ့ကော်ပန်းရနံ့များသည်လည်း ဤတက္ကသိုလ်မြေပေါ်တွင် သင်းပျံ့နေပေဦးမည်။ ဤနယ်မြေအတွင်းရှိ စာသင်ခန်းများ၊ အဆောင်များ၊ ပါမောက္ခ ဆရာဆရာမများ၏ နေအိမ်များသည်လည်း အဟောင်းအဟောင်းတို့ပြောင်း၍ အသစ်အသစ်များ ထပ်ခါထပ်ခါ ရောက်ရှိလာပေဦးတော့မည်။

သို့ကြောင့်ပင် မိမိတို့ အဆိုပါတက္ကသိုလ်နယ်မြေဝင်းအတွင်း တာဝန်ထမ်းဆောင်စဉ် နေထိုင်ခွင့်ရရှိခဲ့သော တက္ကသိုလ်ဆရာများ၏ဘဝကို မမေ့နိုင်သကဲ့သို့ ယခင်က ကျောင်းသုံးအင်္ဂလိပ်ဖတ်စာ စာအုပ်ဖြစ်သော Archway English Reader ကိုရေးသားခဲ့ကြသည့် အင်္ဂလိပ်ခေတ်တက္ကသိုလ်ဆရာများ၏ Club House လည်းဖြစ်ခဲ့သည့် နာမယ်ကြီးအဆိုတော်ကိုခိုင်ထူး တင်စားသီဆိုခဲ့သော "စစ်ကိုင်းလမ်းကစောင့်နေမယ်-----" သီချင်းမွေးဖွားပေးခဲ့သည့် ဤအမှတ်(၂)စစ်ကိုင်းလမ်းနေအိမ်ကြီးသို့ လွမ်းမောစွာ သတိရနေဦးမည်ဖြစ်ပါသည်။ ယခုအချိန်မှာ ပင်စင်ယူခဲ့ကြပြီဖြစ်၍ စစ်ကိုင်းလမ်းက ပြောင်းချိန်တန်ခဲ့ပေပြီ။

**"စစ်ကိုင်းလမ်းကစောင့်မယ်---သူမှာလို့ ××××××
ခုညတော့အိပ်ပျော်မယ်မထင်ဘူး------ ××××××××
(ဆယ်စုနှစ်တစ်ခုထိ နေထိုင်ခွင့်ရခဲ့သော အမှတ်(၂)စစ်ကိုင်းလမ်းနှင့် ရန်ကုန်တက္ကသိုလ်နယ်မြေသို့ အမှတ်တရ)**

## ပြည်တွင်းရေးရာ

# ချောင်းဝရွာ ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် နန့်တိမ်းချောင်းကမ်းနံဘေးနေထိုင်သူများ မကြာခဏ ပြောင်းရွှေ့နေထိုင်ကြရ၊ မိုးရာသီမရောက်မီ အချိန်မီပြုပြင်ရန်လိုအပ်



**မိုးညှင်း ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ချောင်းဝအုပ်စု ချောင်းဝကျေးရွာ နန့်တိမ်းချောင်းကမ်းနံဘေးနေထိုင်ကြသူများမှာ နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်စဉ်ကြောင့် မကြာခဏ ပြောင်းရွှေ့မှုများပြုလုပ်နေကြရသဖြင့် မိုးရာသီ အချိန်မီပြုပြင်နိုင်ရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ချောင်းဝရွာ နန့်တိမ်းချောင်းကမ်းနံဘေးအနီးတွင် အမြဲပြုနေထိုင်ကြသော အိမ်ထောင်စု ၄၀ ကျော်ခန့်သည် နှစ်စဉ် ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ပြောင်းရွှေ့နေထိုင်လာကြသည်မှာ နှစ်ပေါင်း ၄၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ယခင်နှစ် ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် အဆိုပါချောင်းအနီးတွင် နေထိုင်ကြသူများက အိမ်များရေစီးတွင်မျောပါခဲ့သဖြင့် ၎င်းချောင်းကမ်းနံဘေးတွင် အခိုင်အမာဆောက်လုပ်ရန် အခက်အခဲရှိပြီး ယာယီတဲငယ်များဖြင့်သာ နေထိုင်ကြရကြောင်း၊ နန့်တိမ်းချောင်းကို သက်ဆိုင်ရာမှယာဉ်ယန္တရားအကူအညီဖြင့် ချောင်းရေလမ်းကြောင်းလွှဲခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်သင့်ကြောင်း နန့်တိမ်းချောင်းကမ်းနံဘေးတွင် နေထိုင်သူတောင်သူ ဦးမောင်ကျော်က ပြောသည်။

"ကျွန်မတို့ ဒီနန့်တိမ်းချောင်းကို အမှီပြုပြီးနေထိုင်လာတာ နှစ် ၅၀ ရှိပါပြီ။ ဒီအတောအတွင်းမှာ ချောင်းရေထဲမျောပါသွားလို့ အိမ်ခြေ ၄၀ နီးပါး ပြောင်းရွှေ့ခဲ့ရပြီး အခုချိန်မှာ လမ်းနဲ့အိမ်က လေးပေလောက်ပဲရှိတော့ ဆိုင်ကယ်လမ်းနဲ့ လူသွားလမ်းပဲရတော့တယ်" ဟု ဒေသခံ ဒေါ်သီတာက ပြောသည်။

နန့်တိမ်းချောင်းသည် အင်းတော်ကြီးအင်းရေအိုင်မှ စီးဆင်းလာသောချောင်းဖြစ်ပြီး ရေစီးရေလာကောင်းမွန်သောချောင်းဖြစ်သည်။ "အခုလို နှစ်စဉ်နှစ်တိုင်း ခဏခဏ ပြောင်းရွှေ့နေရရင် လူမှုစီးပွားရေးမှာ အများကြီးနောက်ကျသွားနိုင်ပါတယ်" ဟု ချောင်းဝကျေးရွာတွင် နေထိုင်သူ ဒေါ်သီတာက ပြောသည်။

ချောင်းဝကျေးရွာသည် အိမ်ထောင်စု ၆၀၀ ကျော်၊ လူဦးရေ ၄၀၀၀ ခန့် နေထိုင်လျက်ရှိသည်။ အများစုမှာ လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်လျက်ရှိပြီး လယ် တစ်ဧကလျှင် ပျမ်းမျှ တင်း ၁၀၀ ခန့်ထွက်ရှိကြောင်း၊ တောင်သူတစ်ဦးလျှင် လယ်ဧက ၃၀မှ ၇၀ ကျော်အထိရှိသဖြင့် အင်းတော်ကြီးဒေသသည် ဆန်စပါးအထွက်နှုန်း အများဆုံးနေရာအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

**(နီတိုး)**



# ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များလာရောက်မှုများပြားသည့်အတွက် ငှက်လှေသမားများအဆင်ပြေ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသော မြန်မာနိုင်ငံတွင်၂၀၁၅-၂၀၁၆ တွင် နိုင်ငံတကာခရီးသွားဧည့်သည် လေးသန်းကျော်အထိ ဝင်ရောက်လာမည်ဟု ခန့်မှန်းထားသည်။ လက်ရှိကာလ နွေဦးရာသီ ဖေဖော်ဝါရီလတွင် ဦးပိန်တံတားသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးများဖြင့် နေ့စဉ် စည်ကားလျက်ရှိသည်။

ခရီးသွားဧည့်သည်များမှာ ဦးပိန်တံတားအဆုံးထိ လမ်းလျှောက်ခြင်း၊ ကျောက်တော်ကြီးဘုရားဖူးခြင်းများပြုလုပ်ပြီး မယ်ဇယ်တန်းတွင် အနားယူအပန်းဖြေလေ့ရှိသည်။ ဦးပိန်တံတားဘေး ကမ်းစပ်နားတွင်လည်း စားသောက်ဆိုင်မျိုးစုံ ရောင်းအားကောင်းလျက်ရှိသည်။ တောင်သမန်ဒေသအနေဖြင့် ငါးကြော်၊ အကြော်မျိုးစုံနှင့် အုန်းသီးများမှာ အထူးရောင်းအားကောင်းကြောင်း သိရသည်။

ဦးပိန်တံတားရောက် နိုင်ငံတကာခရီးသွားဧည့်သည်အများစုမှာ ညနေခင်းနေဝင်ဆည်းဆာကို ကြည့်ရှုရန် အဓိက လာရောက်ကြသည်။ ဧည့်သည်အဝင်များသည့်အတွက် ငှက်လှေသမားများ အလုပ်ဖြစ်လျက်ရှိသည်။ ဦးပိန်တံတားတွင် ငှက်လှေ ၆၀ ကျော်ရှိသည်။ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများနှင့် ချိတ်ဆက်ထားသည့် ငှက်လှေအသင်းရှိသလို ကိုယ်တိုင်ဧည့်ကြိုကာ လှော်ခတ်သည့် ငှက်လှေများလည်းရှိသည်။ ခရီးသွားကုမ္ပဏီများဖြင့် ချိတ်ဆက်ထားကာ နိုင်ငံတကာခရီးသွားဧည့်သည်များကို တင်ဆောင်လှော်ခတ်ပါက ငွေကျပ်တစ်သောင်းနှစ်ထောင်ယူကြသည်။

ငှက်လှေတစ်စီးလျှင် နိုင်ငံခြားသားခရီးသွားဧည့်သည်နှစ်ယောက်သာ တင်ဆောင်ကြပြီး အသက်ကယ်အင်္ကျီများကို ကုမ္ပဏီကတစ်ပါတည်း ယူဆောင်ပေးလာကြသည်။ ငှက်လှေပေါ်တွင် စားဖွယ်များတင်ဆောင်ကာ ဆည်းဆာအလှကို ကြည့်ရှုမှု ပိုမိုများပြားသည်။ ကိုယ်တိုင်ဧည့်ကြိုသည့် ငှက်လှေများမှာ နိုင်ငံခြားသားခရီးသွားဧည့်သည်များကို ငှက်လှေတစ်ခေါက်လျှင် ငွေကျပ်တစ်သောင်းခွဲ ယူကြသည်။

ပြည်တွင်းဘုရားဖူးများကိုမူ လူဦးရေအလိုက် သင့်တင့်သော ဈေးနှုန်းဖြင့် ယူလေ့ရှိသည်။ ပြည်တွင်းဘုရားဖူးများဆိုပါက ငှက်လှေတစ်စီးတွင် လူငါးဦးမှ ခုနစ်ဦးအထိ တင်ဆောင်သည်။ တစ်ဦးလျှင် ပျမ်းမျှငွေကျပ်ငါးရာနှုန်းမှ တစ်ထောင်ကြားအတွင်း သင့်သလိုယူဆောင်ကြသည်။ လက်ရှိကာလ နွေဦးရာသီတွင် ဦးပိန်တံတားသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုများသောကြောင့် ငှက်လှေသမားများ အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ပဲစင်းငုံတွင်ကျရောက်သည့် ပွင့်ထွေးပိုးနှင့် သီးလုံးဖောက်ပိုးများအား ကာကွယ်နည်းစနစ် စမ်းသပ်အောင်မြင်

**မုံရွာ ဖေဖော်ဝါရီ ၁၈**

ပဲစင်းငုံသီးနှံတွင် ပွင့်ထွေးပိုးနှင့် သီးလုံးဖောက်ပိုး ကျရောက်မှုကို ထိရောက်သော ကာကွယ်နှိမ်နင်းနည်းစနစ်ကို မုံရွာမြို့ ဇလုတ်စိုက်ပျိုးရေးသုတေသနခြံမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စမ်းသပ်ဆောင်ရွက်ခဲ့ရာ ပဲစင်းငုံပွင့်ထွေးပိုးနှင့် သီးလုံးဖောက်ပိုးကိုထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်သည်ကို တွေ့ရကြောင်း စပ်မျိုးပဲစင်းငုံ သုတေသနလုပ်ငန်း တာဝန်ခံ ဦးကျော်ထွေးအောင်ထံမှ သိရသည်။

"ဓာတုဗေဒ လျှော့ချလိုတဲ့အတွက် စမ်းသပ်ခဲ့တာ အထွက်နှုန်းလည်းကောင်းပြီး ဓာတုပိုးသတ်ဆေးမသုံးဘဲ တစ်ပတ်တစ်ကြိမ် Shaking လုပ်တဲ့ စမ်းသပ်ချက်ဟာ ပဲစင်းငုံပွင့်ထွေးပိုးနဲ့ သီးလုံးဖောက်ပိုးကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်တာကို တွေ့ရပါတယ်။

"သင်္ချာဗေဒစိစစ်ရာမှာ တစ်ဧကအထွက်နှုန်း တစ်ပင်ပါသီးတောင့်၊ တစ်ပင်ပါပိုးထိုးတောင့် ရိတ်တဲ့ဧရိယာမှာရှိတဲ့ ရိတ်သိမ်းပင်တွေဟာ F Test ကို အောင်မြင်မှုမရှိလို့ စမ်းသပ်ချက်တွေဟာ တစ်ခုနဲ့တစ်ခု သိသိသာသာ ကွာခြားတာမရှိပါဘူး" ဟု ဦးကျော်ထွေးအောင်က ပြောသည်။

စမ်းသပ်ရာတွင် Chloropyrifos 300cc/ac နှုန်းကို ပန်းဖူးစချိန်မှစ၍ နှစ်ပတ်တစ်ကြိမ် ပက်ဖျန်းခြင်းကို သုံးကြိမ် ဆောင်ရွက်ခြင်းဖြင့် တစ်ဧက ၂၈ ဒသမ ၆၆ တင်းနှုန်းဖြင့် အထွက်အကောင်းဆုံး ဖြစ်သည်ကို တွေ့ရပြီး ပန်းဖူးစချိန်တစ်ပတ်လျှင် တစ်ကြိမ် အပင်ကိုရမ်းခါပေးခြင်းဖြင့် တစ်ဧက ၂၈ ဒသမ ၁၅ တင်းနှုန်းဖြင့် ဒုတိယအထွက် အကောင်းဆုံးဖြစ်ပြီး နှစ်ပတ်တစ်ကြိမ် ရေဖျန်းခြင်းထက် တစ်ဧက ၇ ဒသမ ၅ ရာခိုင်နှုန်း အထွက်ပိုသည်ကို တွေ့ရကြောင်း သိရသည်။

တစ်ပင်ပါသီးတောင့် ပါဝင်မှုတွင်လည်း Chloropyrifos 300cc/ac ပက်ဖျန်းခြင်းက တစ်ပင်ပါသီးတောင့် ၄၀၀ခန့် ပါဝင်ပြီး ပိုးထိုးတောင့် တစ်ပင်တွင် ရှစ်တောင့်သာ ပါဝင်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်မှုကို၂၀၁၄ ခုနှစ် ဇွန် ၈ ရက်တွင် စတင်စိုက်ပျိုးခဲ့ပြီး စိုက်ချိန်မှစ၍ အပင်ပေါက်စုံချိန်၊ ဖူးပွင့်ဝင်ချိန်အထိ နေ့စဉ်ကြည့်ရှုလေ့လာခဲ့သလို မိုးခေါင်သည့် ကာလကို ဖြတ်သန်းရသဖြင့် စမ်းသပ်ကွက်ကို ရေတစ်ကြိမ်သွင်းပြီး ကြားတိုက်ခြင်း၊ ပေါင်းပေါက်ခြင်းများ ဆောင်ရွက်ပေးရကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# မြနန္ဒာကန်တော်ကြီးတွင် ပူပြင်းမည့်ရာသီဥတုဒဏ်ကြောင့် သောက်သုံးရေအခက်အခဲဖြစ်မည်ကို ဒေသခံများစိုးရိမ်လျက်ရှိ

**ငါ့သရောက် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် အမှတ်(၂)ဈေးကုန်းရပ်ကွက်အတွင်းရှိ မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်သည် နှစ်စဉ် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများကို နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး သောက်သုံးရေလုံလောက်စွာ အကျိုးပြုပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင်လည်း အဆိုပါ မိုးရေလှောင်ကန်ကြီးအတွင်းသို့ မိုးရေများဝင်ရောက်ခဲ့၍ ယခုအချိန်ထိ ရေများကျန်ရှိနေသေးသော်လည်း ပူပြင်းမည့်ရာသီဥတုဒဏ်ကြောင့် နွေရာသီအချိန် သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့ရမည်ကို ဒေသခံများအနေဖြင့် စိုးရိမ်လျက်ရှိနေကြကြောင်း ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်မှ ဒေသခံပြည်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံး သောက်သုံးရေကို ကျွန်တော်တို့ အမှတ်(၂) ရပ်ကွက်မှာရှိတဲ့ မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်မှရေကိုပဲ မှီခိုအားထားအသုံးပြုနေရတာပါ။ ဒီနှစ်တော့ အမှတ်(၂) ပျဉ်းပင်ရပ်ကွက်အနီးမှာရှိတဲ့ တပြားဆည်ကြီးမှရေကို မော်တာနဲ့စုပ်ပြီး မြနန္ဒာကန်တော်ကြီး မြေသားမိုးရေလှောင်ကန်ထဲကို ကြိုတင် ဖြည့်တင်းဆောင်ရွက်ထားပြီးပါပြီ။ အခုဆိုရင် မြို့ပေါ် ရပ်ကွက်တွေမှာရှိတဲ့ ရေတွင်းတွေဟာဆိုရင် ရေထွက်မှုတွေနည်းသွားပါပြီ။ တချို့တွင်းတွေဆို ရေတောင်မထွက်တော့ပါဘူး။

"ရေတွင်းပေါင်း ၁၀၀ ကျော်ခန့်ရှိပါတယ်။ ဒါပေမယ့် ရေမထွက်တဲ့တွင်းတွေက များနေတယ်။ အဲဒါကြောင့် နွေရာသီမှာသောက်သုံးရေအတွက် အခက်အခဲဖြစ်မှာကို ဒေသခံတွေအနေနဲ့ စိုးရိမ်နေကြပါတယ်"ဟု အမှတ်(၂)ဈေးကုန်းရပ်ကွက်တွင် နေထိုင်သည့် ဦးဇော်လွင်က ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## အင်းတော်၌ မီးဘေးကာကွယ်ရေး ဆောင်ရွက်

**အင်းတော် ဖေဖော်ဝါရီ ၁၈။** ။ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်သည် ကော်မတီ(၃)ရပ်၊ မြို့မိမြို့ဖ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက် နံနက်က မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော မီးသတ်ယာဉ်များ သင့်(၄)သင့်၊ ကောင်း(၄)ကောင်း၊ မြန်(၃)မြန် ရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်(အင်းတော်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉ - ၂ -၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ ပြည်သူတို့ရဲ့စကားသံများ
၈ :၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၉:၃၅ အနုပညာသတင်းအစီအစဉ်
၁၁:၁၅ Weekly Sport Info
၁၁:၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၇)
၁:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၆)
၂:၂၅ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)
၃:၃၅ ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၄:၁၅ ကျန်းမာဘဝရစေဖို့ ကာကွယ်ဆေးကိုတိုက်ကြစို့
၄:၃၅ Football Magazine (ရတနာပုံယူနိုက်တက်အသင်း)
၅:၁၅ ပန်တောင်းမြို့မှပညာရှာ
၅:၃၅ Hyper Sport
၆:၃၅ The Farmer
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၇)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၈)
-ချစ်သော၍ကမ္ဘာမြေ
-သမိုင်းကိုဖော်ပြသောဝါကျများ (ဘိသိတ်ဆရာကြီး ဒဂုဏ်လှိုင်နှင့် တွေ့ဆုံခြင်း)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-အလင်္ကာဝတ်ရည်
မြန်မာမှုတေးဂီတ
အဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၂၆)
၆:၂၀ ပြည်သူ့နီတိ "အဖ္ဖွတ္တ"
၆:၃၅ တေးဂီတအစီအစဉ်
၆:၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၆)
၇:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၁၂)
၈:၃၅ မှတ်မှတ်သားသားပုံပြင်များ
"လူမိုက်ကိုမမှီဝဲမဆည်းကပ်ရ" [(ဘလိတ်၊ ငြိမ်းဖြူ၊ ဟိန်းရှိုင်း) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
၉:၀၀ "မြပုဏ္ဏမာအငြိမ့်" (မင်းသမီး-ဝင့်သီရိ၊ လူရွှင်တော် ဇာဂနာ၊ အရိုင်း၊ ဖိုးဖြူ၊ ငှက်ပျောကြော်၊ ကင်းကောင်၊ ဝေါ်ဇီလာ)
၉:၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းဆီစီးချင်း" (မြင့်မြတ်၊ နဝရတ်၊ မိုးပြည့်ပြည့်မောင်)(ဒါရိုက်တာ-ဝိုင်း)

**မှတ်ချက်**
ညနေ ၃:၅၀
100 Plus Stars Cup MFF Beach Soccer Championship 2016 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၄၀ "စိတ်ချမ်းသာမှု ဘယ်မှာရှိသလဲ (Where is happiness?)" တရားတော် [ပါမောက္ခဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ(အောက်စဖို့ဒ် ဆရာတော်)]
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (DumaxAptamil Super Gold Trade Launch မိတ်ဆက်ပွဲအခမ်းအနား)
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၆)
၁၀:၁၀ ခေတ်သစ်ပျိုမေ
၁၀:၅၅ အနုပညာမိုးကောင်းကင်
၁၁:၁၅ Food & Decor
၁၁:၄၅ MRTV-4 Stage
၁၂:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၆)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၂၃)
၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၇)
၃:၄၀ Road To တေးရေးမင်းချစ်သူ၏ သီချင်းများပွဲတော် (Part-2)
၄:၀၀ Heroes Vs Sanurais Myanmar - Japan Lethwei Challenge Fight မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၀၈)
၇:၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၂၄)
၈:၂၀ ရသစုံညွှန်းတမ်းများ
၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂၇)
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၁၇)
၉:၅၀ အနုပညာမိုးကောင်းကင်
၁၀:၁၀ MRTV-4 Stage
၁၀:၄၀ World of Knowledge (Naked Science : Birth of America)

## mitv

07:26 A Highland with Peace and Charm
07:45 Shan Novices To Be…
08:26 An Ardent Aficionado Of Traditional Design
09:26 Enterpreneur "Soe Nyi Nyi"
09:35 19 Hours
10:26 Natural Lake: Fish Breeding Business
10:39 Toddy Palm Product Shop
10:51 Kindhearted Pet Lovers
Prime Time
07:26 Travelogue: A Tour in Korea (Ep - III)
07:37 Myanmar's Traditions and Culture "The Golden Land"
08:26 Orchidologist Dr. Saw Lwin
08:49 Myanmar Masterclass: Artist Khin Zaw Latt

ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်

# ဖက်ရှင်လောကထဲက မှုခင်းတွေကို ဖော်ထုတ်ခဲ့တဲ့ Zoolander 2 ဇာတ်ကားစတင်ပြသ




ယခုတစ်ပတ်ရဲ့ ရုပ်ရှင်အညွှန်းကဏ္ဍမှာတော့ ဖက်ရှင်လောကထဲက နာမည်ကြီးတေးသံရှင်တစ်ဦးရဲ့ပုံတူကိုယူပြီး ရာဇဝတ်မှုကျူးလွန်သူတွေကို ဘယ်လိုဖော်ထုတ်မလဲဆိုတာကို ရင်သပ်ရှုမောဖွယ် ဟာသဇာတ်ကွက်များနှောကာ ကြည့်ရှုခံစားနိုင်မယ့် Zoolander 2 လို့ အမည်ရတဲ့ သရီးဒီဇာတ်ကားတစ်ကားနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီဇာတ်ကားကို အမေရိကန်ဟာသသရုပ်ဆောင်တစ်ဦးလည်းဖြစ်၊ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးလည်းဖြစ်တဲ့ ဘမ်စတယ်လာက ဒါရိုက်တာတစ်ဦးအဖြစ်ရော သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ပါဝင်ထားပြီး စပိန်မင်းသမီး ပန်နီလုပ်ခရုဇ်လည်း ပါဝင်အားဖြည့်ပေးထားပါတယ်။

ဒီဇာတ်ကားရဲ့ဇာတ်လမ်းအမြည်းကို တင်ပြရမယ်ဆိုရင် အရင်တုန်းက ဖက်ရှင်လောကမှာ နာမည်ကြီးခဲ့တဲ့ နာမည်ကြီးမော်ဒယ် Derek Zoolander ရဲ့ Blue Steel မျက်နှာဖုံးကို စွပ်ပြီး စနစ်တကျ ပိပိရိရိ ရာဇဝတ်မှုကျူးလွန်တဲ့ လူသတ်သမားတွေရဲ့လက်ချက်ကြောင့် ကမ္ဘာ့အချောဆုံး နာမည်ကြီး တေးဂီတအဆိုတော်တွေ ကြွေလွင့်ခဲ့ရပါတယ်။

အဲဒါကြောင့် အပြည်ပြည်ဆိုင်ရာရဲဌာနချုပ်က ရာဇဝတ်သားတွေကို ဖမ်းမိနိုင်ဖို့အတွက် မော်ဒယ်ဟောင်း Derekနဲ့ သူ့ရဲ့သူငယ်ချင်းကို အကူအညီတောင်းကာ ဖက်ရှင်လောကထဲကို စိမ့်ဝင်ထိုးဖောက်ပြီး လူသတ်သမားကို ဖော်ထုတ်စေပါတယ်။

အဲဒီအချိန်မှာပဲ တစ်ချိန်က Derek ရဲ့ပြိုင်ဘက်တစ်ယောက်ဟာ ထောင်ကလွတ်မြောက်လာခဲ့ပြီး သူ့ရဲ့လုပ်ငန်းတွေကို နှောင့်ယှက်ဖို့ကြံစည်လာတဲ့အခါ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ အခက်အခဲတွေကို ကျော်လွှားပြီး သူတို့ရဲ့တာဝန်ကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပုံကို ရိုက်ကူးတင်ဆက်ထားတဲ့ ရုပ်ရှင်ကားတစ်ကား ဖြစ်ပါတယ်။

ဒီဇာတ်ကားကို နေပြည်တော် cineplex 1,2,3 နဲ့ မင်္ဂလာဒိုင်းမွန်း ရုပ်ရှင်ရုံတွေမှာ ဖေဖော်ဝါရီ ၁၉ ရက်မှာ စတင်ရုံတင်ပြသမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# အချစ်နဲ့ပတ်သက်လို့ ဖွင့်ဟလာတဲ့ ရှင်မင်အ

အေးပြည့် - စုစည်းသည်



တောင်ကိုရီးယားမင်းသမီးရှင်မင်အဟာ မြန်မာကိုရီးယားရုပ်ရှင်ချစ်ပရိသတ်တွေနဲ့ အလွန်ရင်းနှီးတဲ့ မင်းသမီးတစ်ဦးဖြစ်ပါတယ်။ သူဟာ မြန်မာပရိသတ်တွေအကြိုက် "မြေခွေးမလေးကိုယ့်ချစ်သူ"အပါအဝင် ရုပ်သံဇာတ်လမ်းတွဲများစွာနဲ့ မြန်မာပရိသတ်ရှေ့ရောက်ရှိခဲ့သူဖြစ်ပါတယ်။ ရှင်မင်အဟာ တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော်မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ "Cosmopolitan"ရဲ့ မတ်လထုတ်မဂ္ဂဇင်းမှာတော့ သူ့ရဲ့အချစ်အပေါ် ထားရှိတဲ့ အမြင်နဲ့ ခံစားချက်တွေကို ဖွင့်ဟခဲ့ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါမဂ္ဂဇင်းမှာပါဝင်တဲ့ ရှင်မင်အရဲ့ အင်တာဗျူးမှာတော့ မင်းသမီးက အချစ်ဟာ သူ့ဘဝအတွက် အရေးပါတဲ့အရာတစ်ခုဖြစ်တယ်လို့ ရင်ဖွင့်ခဲ့ပါတယ်။

ရှင်မင်အက "အချစ်ဟာ ကျွန်မဘဝအတွက် ခွန်အားလည်းဖြစ်ပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ လူတွေဟာ အချစ်ကို လက်ခံခံစားနေရချိန်မှာ ပိုမိုလှပနေတတ်လို့ပဲ ဖြစ်ပါလိမ့်မယ်။ လူတွေဟာ ရုပ်ပိုင်းဆိုင်ရာအရသာ ကွဲပြားမှုရှိချင်ရှိမယ်။ အချစ်ကိုခံစားရချိန်မှာ စိတ်ထဲမှာတော့ ပြည့်စုံသွားတာချည်းပဲ။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေလည်း ပိုရှိလာတယ်။ အဲဒီအရာတွေကပဲ လူတစ်ဦးကို ပိုမိုလှပသွားစေတာလေ"လို့ အဆိုပါအင်တာဗျူးမှာ ဖြေကြားထားပါတယ်။

အသက်(၃၁)နှစ်အရွယ် ရှင်မင်အဟာ (၂၆)နှစ်ရှိပြီဖြစ်တဲ့ မင်းသားကင်မ်ဝူဘင်နဲ့ ချစ်သူတွေပါ။ သူတို့နှစ်ဦးဟာ ၂၀၁၅ ဖေဖော်ဝါရီလအတွင်းက တစ်ဦးနဲ့တစ်ဦးစတင်စိတ်ဝင်စားခဲ့ကြပြီး ချစ်သူတွေဖြစ်နေကြောင်းကို မတ်လမှာ တရားဝင်ကြေညာခဲ့ပါတယ်။ သူတို့နှစ်ဦးဟာလည်း တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော အနုပညာရှင်စုံတွဲတွေထဲမှာ ပါဝင်ပါတယ်။

# နယူးယောက်မြို့ကို စောင့်ရှောက်နေတဲ့ နင်ဂျာပင်လယ်လိပ်လေးများ

နင်ဂျာသိုင်းတတ်တဲ့ ပင်လယ်လိပ်လေး လေးကောင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးထားတဲ့ "Teenage Mutant Ninja Turtles" ရုပ်ရှင်ဇာတ်လမ်းတွဲရဲ့ ရုပ်ရှင်သစ် "Teenage Mutant Ninja Turtles: Out of the Shadows" အတွက် ပိုစတာကို ဖေဖော်ဝါရီ ၁၇ရက်က ယင်းရုပ်ရှင်ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေ တစ်ဆင့် ဖော်ပြခဲ့ရာမှာတော့ ယင်းလိပ်လေးတွေဟာ နယူးယောက်မြို့မှာရှိတဲ့ မြင့်မားတဲ့အဆောက်အအုံတွေပေါ်မှာ ထိုင်နေကြရင်း မြို့ကိုစောင့်ကြည့်နေတာ တွေ့ရပါတယ်။

အဆိုပါရုပ်ရှင်တွေမှာ ပါဝင်တဲ့ ရက်ဖယ်လ်၊ မိုက်ကယ်လန်ဂျလို၊ ဒေါ်နယ်တယ်လိုနဲ့ လီယိုနာဒို အမည်ရတဲ့ လိပ်လေးကောင်ဟာ မြို့သူမြို့သားတွေ ဒုက္ခရောက်ချိန်တိုင်း ကူညီကယ်ဆယ်ပေးလေ့ရှိပါတယ်။ ယခုရုပ်ရှင်သစ်မှာလည်း သူတို့တစ်ကောင်ချင်းစီဟာ နယူးယောက်မြို့ရဲ့ မိုးမျှော်တိုက်ကြီးတွေရဲ့ထိပ်ဖျားမှာ အသီးသီးနေရာယူရင်း မြို့ကို စောင့်ကြည့်နေပုံရတာကြောင့် ဒီရုပ်ရှင်သစ်မှာလည်း နယူးယောက်မြို့ကြီး ဘယ်လိုအခက်အခဲတွေနဲ့ တွေ့ကြုံရမလဲ၊ လိပ်လေးတွေကကော ဘယ်လိုကယ်တင်မှာလဲ၊ ဘယ်သူတွေကိုတော့ မကယ်လိုက်နိုင်ဘူးလဲဆိုတာကို ခံစားကြရမှာပါ။



ဒါရိုက်တာ ဒေ့ဗ်ဂရင်းရိုက်ကူးတဲ့ ယင်းရုပ်ရှင်သစ် "Out of the Shadows "မှာ လိပ်နင်ဂျာလေးတွေဟာ သိပ္ပံပညာရှင် ဒေါက်တာဘတ်ဇ်တာစတော့မန်းနဲ့ အခြားသောရန်သူတွေရဲ့ နယူးယောက်မြို့အပေါ် ကျူးကျော်တိုက်ခိုက်မှုတွေမှာ ပါဝင်ဖြေရှင်းပေးပုံတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာလည်း လိပ်လေးတွေရဲ့ လူသားသူငယ်ချင်းတွေဖြစ်ကြတဲ့ သတင်းထောက်အိုနေးလ်နဲ့ ကင်မရာသမား ဗာန္ဒန်ဖန်းဝစ်ခ်တို့အဖြစ် မင်းသမီး နက်ဂန်ဖောက်ဇ်နဲ့ မင်းသား ဝေလ်အန်းနက်တို့ကပင် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

ယင်း "Teenage Mutant Ninja Turtles" ရုပ်ရှင်ဇာတ်လမ်းတွဲကို ၂၀၁၄ ခုနှစ်က စတင်ရိုက်ကူးထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယခုထုတ်လွှင့်မယ့် ဒုတိယမြောက် ရုပ်ရှင်သစ်ကိုတော့ လာမယ့်ဇွန် ၃ ရက်မှာ အမေရိကန်၌ စတင်ရုံတင်မှာဖြစ်ပါတယ်။

**အားကစား**

## လာလီဂါသွင်းဂိုး ၃၀၁ ဂိုးအထိသွင်းယူနိုင်သည့် ပထမဆုံးကစားသမား မက်ဆီဖြစ်လာ

ဘာစီလိုနာအသင်းနှင့် စပို့တင်းဂီဂွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး မက်ဆီသည် လာလီဂါ သွင်းဂိုး ၃၀၀ ပြည့်ခဲ့ပြီဖြစ်ပြီး လာလီဂါသွင်းဂိုး ၃၀၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။

ထို့အတူ ဘာစီလိုနာအသင်းသည်လည်း ၎င်းတို့၏ ယခုနှစ် စပိန်လာလီဂါမှတ်တမ်းတွင် ၂၄ ပွဲ ကစားခဲ့ရာ၌ ၁၉ ပွဲနိုင်ပွဲရရှိကာ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၆၀ အထိ ရရှိထားကာ လာလီဂါအမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ရီးယဲလ်မက်ဒရစ်အသင်းကို ခြောက်မှတ်အထိ ဖြတ်ကာ ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းနှင့် စပို့တင်းဂီဂွန်အသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို တိုက်စစ်မှူး မက်ဆီက နှစ်ဂိုးနှင့် တိုက်စစ်မှူးဆွာရက်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး စပို့တင်းဂီဂွန်အသင်းအတွက် ချေပဂိုးကို ဂါစီယာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် တိုက်စစ်မှူးဆွာရက်ဇ်သည် ဘာစီလိုနာအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီ၏ လာလီဂါ ဂိုးသွင်းအများဆုံးစာရင်းတွင် သွင်းဂိုး ၂၄ ဂိုးဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီး ၎င်းနောက်တွင် ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သွင်းဂိုး ၂၁ ဂိုးဖြင့် ဒုတိယ၊ ဘင်ဇီမာက သွင်းဂိုး ၁၉ ဂိုးဖြင့် တတိယ၊ နေမာက သွင်းဂိုး ၁၇ ဂိုးဖြင့် စတုတ္ထ၊ ဘတ်စ်တန်က သွင်းဂိုး ၁၆ ဂိုးဖြင့် ပဉ္စမ၊ မက်ဆီက သွင်းဂိုး ၁၅ ဂိုးဖြင့် ဆဋ္ဌမ စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။



လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားများအဖြစ် လက်ရှိတွင် တိုက်စစ်မှူး မက်ဆီသည် သွင်းဂိုး ၃၀၁ ဂိုးဖြင့် ပထမ၊ တယ်မိုဇာရာသည် သွင်းဂိုး ၂၅၁ ဂိုးဖြင့် ဒုတိယ၊ စီရိုနယ်လ်ဒိုသည် သွင်းဂိုး ၂၄၆ ဂိုးဖြင့် တတိယ၊ ဟူဂိုဆန်းချက်ဇ်သည် သွင်းဂိုး ၂၃၄ ဂိုးဖြင့် စတုတ္ထနှင့် ရာအူးလ်ဂွန်ဇာလက်သည် သွင်းဂိုး ၂၂၈ ဂိုးဖြင့် ပဉ္စမစသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

(ငွေကြယ်)

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့တွင် ရိုးမားအား အနိုင်ရရှိခဲ့၍ ကျေနပ်မိဟု ဇီဒန်းဆို



ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲ၏ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရိုးမားအသင်းတို့၏ ပွဲစဉ်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက အနိုင်ရရှိခဲ့ပြီး ယင်းအနိုင်ရလဒ်ကို ကျေနပ်မိကြောင်း နည်းပြ ဇီဒန်းက ဆိုသည်။

ရီးယဲလ်မက်ဒရစ်အသင်းက ရိုးမားအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်နှင့် ၈၆ မိနစ်တို့တွင် စီရိုနယ်လ်ဒိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်တို့က သွင်းယူပေးခဲ့ပြီး ကွာတားဖိုင်နယ် တက်လှမ်းနိုင်မည့် အခွင့်အရေးတစ်ရပ်ဟုလည်း ဇီဒန်းက မှတ်ချက်ပြုခဲ့သည်။

"ရိုးမားလိုမျိုး အသင်းကောင်းတစ်သင်းနဲ့ ကစားရတာဖြစ်လို့ ခက်ခဲတဲ့ပွဲစဉ်တစ်ခုပါ။ ပထမပိုင်းမှာဆို အတော်လေးရုန်းကန်ခဲ့ရပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းမှာ အခွင့်အရေးတွေ ဖန်တီးလာနိုင်ခဲ့သလို သွင်းဂိုးတွေလည်း ရရှိခဲ့ပါတယ်"ဟု ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ပြောကြားခဲ့သည်။

(ငွေကြယ်)

## တိုက်စစ်မှူး ရွန်းနီ ဒူးဒဏ်ရာပြဿနာကြောင့် ခြောက်ပတ်ကြာအနားယူရမည်

မန်ယူအသင်းနှင့် အင်္ဂလန်အသင်းခေါင်းဆောင် တိုက်စစ်မှူး ရွန်းနီသည် ဒူးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ရက်သတ္တခြောက်ပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ရွန်းနီသည် ပြီးခဲ့သည့်တစ်ပတ်က ဆန်းဒါးလန်း အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဒဏ်ရာပြဿနာမှာ ပြင်းထန်ခဲ့ခြင်းကြောင့် မန်ယူအသင်းကစားရမည့် နောက်လာမယ့် ပွဲစဉ်ရှစ်ပွဲအထိ လွဲချော်လိမ့်မည်ဖြစ်သည်။



မန်ယူအသင်းသည် လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အဆင့် (၅) နေရာ၌ ရပ်တည်လျက်ရှိပြီး အဆင့်(၄) နေရာတွင် ရပ်တည်လျက်ရှိသည့် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် ခြောက်မှတ်အထိ ကွာဟနေသည်။

တိုက်စစ်မှူး ရွန်းနီသည် ဒဏ်ရာပြဿနာကြုံခဲ့ရခြင်းကြောင့် မတ်လအတွင်း ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်လက်ရွေးစင်အသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များဖြစ်သည့် ဂျာမနီအသင်း၊ နယ်သာလန်အသင်းတို့နှင့် ပွဲစဉ်များတွင် လွဲချော်လိမ့်မည်ဖြစ်သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ် ဇွန်လအတွင်း စတင်မည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်မူ အင်္ဂလန်အသင်းနှင့် ပါဝင်လာဖွယ်ရှိကြောင်း သိရသည်။

(ငွေကြယ်)

## ဂျူဗင်တပ်ဘယ်နောက်ခံလူ အဲလက်ဆန်ဒရို ဘိုင်ယန်မြူးနစ်နှင့်ပွဲစဉ် လွဲချော်မည်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ဘရာဇီး ဘယ်နောက်ခံကစားသမား အဲလက်ဆန်ဒရိုသည် တံကောက်ကြောဒဏ်ရာပြဿနာ ကြုံခဲ့ရခြင်းကြောင့် လာမည့်တစ်ပတ်အတွင်း ယှဉ်ပြိုင်ကစားမည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပွဲစဉ်တွင် ပထမဦးစားပေး ကစားသမားအဖြစ် ရွေးချယ်နိုင်လိမ့်မည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးဘယ်နောက်ခံကစားသမား အဲလက်ဆန်ဒရိုသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၁၀ ရက်ကြာ ပွဲထွက်ကစားခွင့် ပျောက်ဆုံးလိမ့်မည်ဖြစ်ကြောင်း အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းက အတိအလင်း ထုတ်ဖော်ပြောကြားခဲ့ပြီး နည်းပြဂွါဒီယိုလာ၏ ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်နှင့် ဘိုလော့နာအသင်းနှင့်ကစားမည့် စီးရီးအေပွဲစဉ်များတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

နောက်တန်းကစားသမား အဲလက်ဆန်ဒရိုသည် ဖေဖော်ဝါရီ ၁၆ ရက်က ဂျူဗင်တပ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၂၁ ပွဲပါဝင်ကစားထားခဲ့ရာ သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

(ငွေကြယ်)

## နိုင်ပွဲဆက်ဖို့ ရုန်းကန်ရမယ့် လာဇီယိုနဲ့ ရိုးမား

### စီးရီးအေရာင်ခုန်သံ – ၂၆

***အီတလီစီးရီးအေ ၂၅ မှာတော့ လာဇီယိုက ဗီရိုနာကို ၅-၂ ဂိုး၊ ရိုးမားက ကာပီကို ၃-၁ ဂိုးတွေနဲ့ အနိုင်ရခဲ့ပါတယ်။ အခုဖေဖော်ဝါရီ ၂၀၊ ၂၁၊ ၂၂၊ ၂၃ နေ့တွေမှာ ကစားမယ့်ပွဲစဉ် ၂၆ မှာတော့ ဒီနှစ်သင်းဟာဥရောပပြိုင်ပွဲတွေကြောင့် ပွဲပန်းမှုတွေ ရှိနိုင်တဲ့အတွက် နိုင်ပွဲဆက်နိုင်ပါမလားဆိုတာ စောင့်ကြည့်သွားရမယ်။***

ရှိုင်းမင်းမင်း

**ဘိုလော့နာ - ဂျူဗင်တပ် နံနက် ၂း၁၅ (၂၀-၂-၁၆)**

ဘိုလော့နာက လက်ရှိခြေစွမ်းပိုင်းမဆိုးပါဘူး။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ရုန်းကန်အားပိုကောင်းတတ်ပါတယ်။ ဂျူဗင်တပ်ကတော့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲကစားရဖို့နေတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ကစားနိုင်ဖို့ မသေချာပါဘူး။ ဂျူဗင်တပ် အနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့တော့ ခက်မယ်။

**ဗီရိုနာ - ချီယေဗို ည ၁၁း၃၀ (၂၀-၂-၁၆)**

လာဇီယိုကို ဂိုးပြတ်ရှုံးနိမ့်ပြီး အမှတ်ပေးဇယားအောက်ဆုံးမှာ ဆက်ရှိနေပေမယ့်လည်း ဗီရိုနာဟာ တန်းမဆင်းရဖို့ နိုင်ပွဲပြန်ယူရေး အားစိုက်လာမှာပါ။ အိမ်ကွင်းဖြစ်သလို နောက်ဆုံးငါးပွဲမှာ အဲဒီတစ်ပွဲသာ ရှုံးခဲ့တဲ့ ဗီရိုနာအနေနဲ့ ခြေမတည်ငြိမ်တဲ့ ချီယေဗိုကို အနိမ့်ဆုံးသရေကစားသွားနိုင်မှာပါ။

**အင်တာ - ဆမ်ဒိုးရီးယား နံနက် ၂း၁၅ (၂၁-၂-၁၆)**

အင်တာမီလန်ဟာ လက်ရှိအမှတ်ရရှိထားမှုအခြေအနေအရ ယူရိုပါလိဂ်ဝင်ခွင့်ရဖို့အတွက်တောင်မှ မသေချာတော့လို့ နိုင်ပွဲရရေး အားစိုက်လာမှာဖြစ်ပေမယ့် အခုနောက်ပိုင်း ခံစစ်ကစားပုံကအစ မတည်ငြိမ်ပါဘူး။ ဒါပေမယ့် ဆမ်ဒိုးရီးယားကလည်း အဝေးကွင်းခြေ အားနည်းသလို လက်ရှိခြေလည်းညံ့လွန်းလို့ အင်တာပဲ ကပ်နိုင်မယ်။

**တိုရီနို - ကာပီ ည ၈း၃၀ (၂၁-၂-၁၆)**

ရိုးမားကိုဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး နောက်ဆုံးသုံးပွဲဆက်တိုက်ရှုံးခဲ့ရတဲ့ ကာပီအနေနဲ့ တန်းမဆင်းရရေး ဒီပွဲမှာပြန်ပြီး အားစိုက်လာမှာမှန်ပေမယ့်လည်း တိုရီနိုကို ထိန်းချုပ်ဖို့ ခက်ပါလိမ့်မယ်။ တိုရီနိုက လက်ရှိခြေစွမ်းပိုင်းသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းဖြစ်တယ်။ တိုရီနိုသာနိုင်ပွဲကပ်ရသွားမှာ သေချာတယ်။

**ဆာစူအိုလို - အမ်ပိုလီ ည ၈း၃၀ (၂၁-၂-၁၆)**

ဆာစူအိုလိုခြေက အကျဘက်ကို ရောက်ရှိနေပါတယ်။ အိမ်ကွင်းပွဲစဉ်တွေမှာတောင် သရေပွဲတွေများနေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးခြေမတည်ငြိမ်ပါဘူး။ ဒါပေမယ့် အမ်ပိုလီကလည်း ခြေစွမ်းပိုင်းသာမန်ထက်မပိုတဲ့အသင်းပါ။ ခြေစွမ်းကွာဟမှုကျဉ်းမြောင်းလို့ အိမ်ကွင်းအားနဲ့ ဖိအားပေးမယ့် ဆာစူအိုလိုကပ်နိုင်မယ်။

**အတ္တလန္တာ - ဖီအိုရင်တီးနား ည ၈း၃၀ (၂၁-၂-၁၆)**

ဖီအိုရင်တီးနားက ချန်ပီယံလိဂ်ဝင်ခွင့်မှန်းနေတာကြောင့် ပွဲတိုင်းဂရုတစိုက် ကစားနေပါတယ်။ ဒါပေမယ့် ယူရိုပါလိဂ်ပွဲစဉ်တွေကြောင့် ပွဲပန်းမှုတွေရှိနေနိုင်သလို အဝေးကွင်းပွဲတွေမှာလည်း ခြေကကျဆင်းတတ်ပါတယ်။ အတ္တလန္တာကလည်း အိမ်ကွင်းမှာ ခြေကုန်ထုတ်မှာဖြစ်လို့ ဖီအိုရင်တီးနား နိုင်ရင်တောင် မပြတ်သားဘူး။

**ဂျီနိုအာ - အူဒီးနီးစ် ည ၈း၃၀ (၂၁-၂-၁၆)**

ဂျီနိုအာက လက်ရှိအမှတ်ရရှိထားမှုအခြေအနေအရ တန်းမဆင်းရဖို့ အာမခံချက်လုံးဝမရှိသေးပါဘူး။ ဒါကြောင့် အခုလို ဘဝတူပြိုင်ဘက်နဲ့ ရင်ဆိုင်ရချိန်မှာ အမှားခံမှာမဟုတ်သလို လက်ရှိခြေမှာလည်း ဂျီနိုအာက အူဒီးနီးစ်ထက် ပိုကောင်းနေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဂျီနိုအာပဲ အနိုင်ရမှာပါ။

**ဖရိုစီနိုနီ - လာဇီယို ည ၈း၃၀ (၂၁-၂-၁၆)**

ဗီရိုနာကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ လာဇီယိုဟာ ဥရောပဝင်ခွင့်မှန်းနိုင်တဲ့အခြေအနေကို ရောက်ရှိနေသလို ဒီပွဲကိုလည်း ဂရုတစိုက်ကစားသွားမှာပါ။ ဒါပေမယ့် လာဇီယိုဟာ ယူရိုပါလိဂ်တွေကြောင့် ပွဲပန်းနိုင်သလို ဖရိုစီနိုနီကလည်း တန်းမဆင်းရဖို့ အားစိုက်လာမှာ သေချာပါတယ်။ လာဇီယိုနိုင်ရင်တောင် မပြတ်သားဘူး။

**ရိုးမား - ပါလာမို နံနက် ၂း၁၅ (၂၂-၂-၁၆)**

အခုနောက်ပိုင်းမှာ ရိုးမားခြေက တောက်လျှောက်ကောင်းမွန်နေပါတယ်။ ကာပီကို အနိုင်ရခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးလေးပွဲဆက် အနိုင်ရခဲ့တယ်။ အိမ်ကွင်းလည်းဖြစ်လို့ အမှားခံမှာမဟုတ်ဘူး။ ဒါပေမယ့် ချန်ပီယံလိဂ်ကြောင့် ရိုးမားတို့ ပွဲပန်းနိုင်ပြီး ပါလာမိုကလည်း ခြေကုန်ထုတ်ခံကစားမှာဖြစ်လို့ ရိုးမား ကပ်ပြီးသာနိုင်မယ်။

**နာပိုလီ - အေစီမီလန် နံနက် ၂း၃၀ (၂၃-၂-၁၆)**

နာပိုလီရဲ့ခြေက ကောင်းမွန်မှုအပြည့်ရှိပါတယ်။ ချန်ပီယံဆုရရှိရေးလည်း မျှော်လင့်နေလို့ ဒီအိမ်ကွင်းပွဲမှာ အမှားခံမှာမဟုတ်ပါဘူး။ ဒါပေမယ့် နာပိုလီဟာ ယူရိုပါလိဂ်တွေကြောင့် ပွဲပန်းလာနိုင်ကာ အေစီမီလန်ရဲ့ခြေကလည်း ကောင်းမွန်နေတာ သတိပြုရမယ်။ မထင်မှတ်ဘဲ နာပိုလီ သရေလောက်ပဲရမယ်။

# ဆိပ်ကမ်း၌ရပ်နားထားသောစက်လှေ တိမ်းစောင်းနစ်မြုပ်



**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဇက်ဆိပ်ဟောင်း ဆိပ်ကမ်းတွင် ရပ်နားထားသော မြစ်သဲကျောက်တင် စက်လှေတစ်စင်း နစ်မြုပ်မှု ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၄ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်သဲကျောက်တင် စက်လှေရေယာဉ်မောင်းမှာ ကော့ဖျံကျေးရွာနေ ဦးအေးလွင်(၃၅) နှစ်ဖြစ်ပြီး စက်လှေလုပ်သားသုံးဦးဖြင့် အလျား ၂၅ ပေ၊ အနံ ၁၀ ပေ၊ မြင်းကောင်ရေ ၂၀ အားရှိ Nissan လေးလုံးထိုးအင်ဂျင် တပ်ဆင်ထားသော စက်လှေဖြင့် သံလွင်မြစ်အထက်ဘက်ရှိ မီးဖုံကျေးရွာအနီး မြစ်ထဲမှမြစ်ကျောက် ၁၇ ကျင်း စုပ်ယူတင်ဆောင်လာခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၅ နာရီခန့်တွင် ဘားအံမြို့ ဇက်ဆိပ်ဟောင်း ဆိပ်ကမ်းသို့ရောက်ရှိပြီး ကျောက်ချ ရပ်နားထားခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၄ နာရီခန့်က သံလွင်မြစ်ရေကျချိန်တွင် သောင်တင်၍ စောင်းလျက်နစ်မြုပ်သွားခဲ့ကြောင်း၊ လှေနစ် မြုပ်မှုကြောင့်တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## မိုးညှင်းမြို့နယ်တွင် ဘိန်းစိမ်း ၉ ဒသမ ၁ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နယ်မြေခံတပ် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က နန့်မွန်း-မိုင်းနောင်သွားကားလမ်း မိုင်တိုင်အမှတ်(၂၀/၁)တွင် နန့်မွန်းဘက်မှ မိုင်းနောင်ဘက်သို့ ဇော်ဝမ်းမောင်းနှင်ပြီး မအေးမြင့်ဇော် လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ



ဘိန်းစိမ်း ၉ ဒသမ ၁ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ဖေဖော်ဝါရီ ၁၄ ရက်က နောင်ချိုမြို့ ဘူတာရပ်ကွက် နယ်မြေ(၃) အကွက်(၁)နေ ဒေါ်စု(ခ) စန္ဒာအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀ ကိုလည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၅ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)နေ အေးထွန်း(ခ) အတွမ်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ အာဆမ်း(ခ) လီရိုဟောက်အား တွေ့ရှိပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ကြယ်လိပ်ခိုးယူသူများအား ဖမ်းဆီးအရေးယူ

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၈**

နွားထိုးကြီးမြို့နယ် ရှောက်တောရိုး ကြယ်လိပ်ခြံမှ ကြယ်လိပ် ၁၈၈ ကောင်ခိုးယူမှုအတွက် ကန်နားရဲစခန်းမှ သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇(က)ဖြင့် ကြယ်လိပ်ခိုးသူ ခုနစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ကြယ်လိပ်ခိုးသူများမှာ ကံချွန်(၅၆) နှစ်ပါ ခုနစ်ဦးတို့ဖြစ်ကြောင်း၊ ကြယ်လိပ်များမှာ ကမ္ဘာ့ရှားပါးတိရစ္ဆာန်စာရင်းဝင်ဖြစ်ပြီး နွားထိုးကြီး ရှောက်တောရိုး ကြယ်လိပ်ခြံတွင် ကောင်ရေထောင်ချီ မွေးမြူထားစဉ် ၂၀၁၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်းက ခိုးယူခံရခြင်းဖြစ်၍ အမှုဖွင့်ထားခြင်းဖြစ်ကြောင်း နွားထိုးကြီးမြို့ရဲစခန်းမှ သိရသည်။ **(ငွေးမြင့်မောင်)**

## ပုသိမ်မြို့လယ်ရွှေဆိုင်မှ ရွှေဆွဲကြိုးလုယူသူများအား ဖမ်းဆီးရမိ

**ပုသိမ် ဖေဖော်ဝါရီ ၁၈**

ပုသိမ်မြို့လယ်ရှိ ရွှေဆိုင်ကြီးမှ ရွှေဆွဲကြိုး ဝယ်ယူရန် ဟန်ဆောင်ပြီး လုယူထွက်ပြေးသွားသည့် ညီအစ်ကိုနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းရောင်းချနေစဉ် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ကုန်စုံလမ်းနှင့် မြေနုလမ်းထောင့်ရှိ နဝရတ်ရွှေဆိုင်ဖွင့်ချိန်၌ ရွှေဆိုင်အရောင်းတာဝန်ခံ အောင်စိုးမိုး (၂၀) နှစ် ရှိနေစဉ် ဆိုင်ရှေ့၌ ဆိုင်ကယ်ဦးထုပ်ဆောင်းထားသော လူရွယ်နှစ်ဦးရောက်ရှိလာပြီး တစ်ဦးက ရွှေဆိုင်ထဲဝင်ရောက်၍ ရွှေဆွဲကြိုးတစ်ကုံးလိုချင်ကြောင်း ပြောဆို



သဖြင့် အောင်စိုးမိုးက ရွှေဆွဲကြိုးများပြသနေစဉ် ၁၂ သိန်းကျော်တန်ရွှေဆွဲကြိုးကို ရွေးယူ၍ လမ်းပေါ်မှ ဆိုင်ကယ်နှင့်ရပ်နေသူ ဝင်းလှိုင်အား ၁၂ သိန်းကျော် ပေးချေရန် လှမ်းပြောလိုက်သည်။ ဆိုင်ကယ်နှင့် ရပ်နေသူကလည်း လွယ်အိတ်ထဲမှ ငွေများထုတ်ယူ၍ ရေတွက်ဟန်ပြုလုပ်နေစဉ် ရွှေဆိုင်အတွင်းမှ ရွှေချိန်တစ်ကျပ်ခုနစ်ပဲဆွဲကြိုး ဝယ်ယူနေသူ မြင့်လှိုင်က ၎င်းဆွဲကြိုးကို ဝတ်ဆင်ကြည့်လိုကြောင်း ပြောလိုက်သဖြင့် အောင်စိုးမိုးက ၎င်းနှင့်အတူရှိနေသော မိခင်ဒေါ်မေရီအား ဝတ်ဆင်ပေးစေလိုက်သည်။ ထိုစဉ် ဆွဲကြိုးဆွဲထားသူက လမ်းပေါ်ရှိဆိုင်ကယ်နှင့် ရပ်နေသူထံမှ ငွေယူ၍ပေးချေရန် ထွက်ခွာသွားရာမှ ရွှေဆွဲကြိုးဖိုးကျသင့်ငွေပေးချေခြင်းမရှိဘဲ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ အမည်၊ နေရပ်မသိ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းရှာဖွေရာ ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ယခင်ပြစ်မှုကျူးလွန်ခဲ့ဖူးသူတို့ဖြစ်နိုင်ကြောင်း သံသယရှိသဖြင့် ၎င်းတို့အား လိုက်လံ၍ရှာဖွေရာ သာပေါင်းမြို့မဈေး ရွှေဆိုင်တစ်ဆိုင်၌ သက်သေခံရွှေဆွဲကြိုးကို ရောင်းချနေစဉ် ဖမ်းဆီးရမိကြောင်း သိရသည်။

**ပုသိမ်လှကြည်**

၀၀


ASIA KING 09-43114301, 09-420221257
+ ရွှေတိဂုံ၊ ကျိုက်ထီးရိုး ... 35000
+ ဆက်၍- အလောင်းတော်ကဿပ (၅)ရက် 75000/ Hotel 120000
+ မန်းရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် 75000/ Hotel 120000
+ ပုဂံ၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည်ပါ၊ ပြည်) ပခုက္ကူ Hotel 75000
+ အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ 65000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ်ဖမ်း Guest 70000
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest 75000/ Hotel 120000
ကျိုက်ထီးရိုး ချောင်းသာ ... 35000 Feb 21,26
Feb 19,26 Mar 4,11,18,25



GOLDEN STAR ခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448



Pleasant Times Travels & Tours
Release Your stress with Pleasant Times
Luxury Packages (Feb:27 Mar:18,19)
• မုံရွာ- အလောင်းတော်ကဿပ
• မန်းရွှေစက်တော်
• ပုဂံ- စွယ်တော်လေးဆူ
• တောင်ကြီး- အင်းလေး
• လွိုင်ကော်-ကလော-အင်းလေး
• မြိတ်ဘုရားစုံ - သဘာဝကျွန်းစု
• ထားဝယ်-ရှင်ကိုးရှင်-လောင်းလုံးကျွန်း
Day Return Trips (Feb:27 Mar:1,5,12,19)
• ပြည် (အကောက်တောင်)
• ဘားအံ - ကျုံထော်ရော်ခွန်
• ဘားအံ ၄(၅)၄
• သထုံ-မဲလ်တောင်-ရေပုစမ်း
• နေပြည်တော်-ဗုဒ္ဓဂယာ-လေ့ခွင်းတောင်
• တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း
• မော်လမြိုင် - ကျိုက္ကမီ - စက်စဲ
ကုမ္ပဏီအသင်းအဖွဲ့များအတွက်ခရီးစဉ်များကို စိတ်တိုင်းကျစီစဉ်ဆောင်ရွက်ပေးပါသည်။
အမှတ်(၇၃)၊ အထက်ကြည့်မြင်တိုင်လမ်းနှင့် ဆွန်ပင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-9317220, 09-73158702, 09-73072661, 09-252872529


### အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာန၏ ၂၀၁၄-၁၅ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သောအချိန်ပြည့်၊ အချိန်ပိုင်းသင်တန်းများဖြစ်သည့် ပြည်သူ့ရေးရာမူဝါဒနှင့်အုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ၊ ဖွံ့ဖြိုးမှုစီမံကိန်းဘွဲ့လွန်ဒီပလိုမာ၊ ဖွံ့ဖြိုးမှုလက်တွေ့ဒီပလိုမာသင်တန်းများ အောင်မြင်ပြီးမြောက်သူများအတွက် ပထမ အကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါနေ့ရက်နှင့်အချိန်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်သင်တန်းသူ၊ သင်တန်းသားများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်လွှာပုံစံများကို အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန် သင်တန်းဌာနတွင် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) မှ ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) အထိ ရုံးချိန်အတွင်းဖြည့်စွက်နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

၂၆-၂-၂၀၁၆ (သောကြာနေ့) နံနက် ၉း၀၀နာရီ အစမ်းလေ့ကျင့်ခြင်း
၂၇-၂-၂၀၁၆ (စနေနေ့) နံနက် ၉း၀၀နာရီ ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနား

- ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ပွဲအခမ်းအနားကို မပျက်မကွက်တက်ရောက်ကြရမည်။
- အခမ်းအနားလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံအပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။
- အသေးစိတ်အချက်အလက်များကို အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန၏ အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဦးကြည်မြင့် ညွှန်ကြားရေးမှူး ဖုန်း-၀၉၉၇၅၀၈၇၂၆၉၊၀၉၇၉၆၁၁၅၀၄၇၊ ဒေါ်ကြည်ကြည်ဝင်း ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၂၅၀၈၀၄၈၂၀၊ဒေါ်ရီရီမြင့် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉၄၂၀၇၁၁၅၄၀**

### ဆွေးနွေးပွဲဖိတ်ကြားခြင်း

Turkey Fam Trip နှင့်ပတ်သက်၍ တူရကီခရီးသွားလုပ်ငန်းရှင်များအသင်းမှ ရန်ကုန်-ဗန်ကောက်-ရန်ကုန် လေယာဉ်လက်မှတ်ခမှအပ Fully Sponsor ပေး၍ ဖိတ်ကြားခဲ့သော်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အသင်းသားများထံ ဥရောပလေယာဉ် လက်မှတ်ခတောင်းခံခဲ့ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများ အားလုံးနှင့် သတင်းမီဒီယာများအား အောက်ပါအစီအစဉ်အတိုင်း တက်ရောက်နိုင်ပါရန် ဖိတ်ကြား အပ်ပါသည်။

ရက်စွဲ - ၂၀-၂-၂၀၁၆ရက် (စနေနေ့)
အချိန် - မွန်းလွဲ ၂း၀၀ နာရီမှ ညနေ ၄း၀၀ နာရီထိ
နေရာ - Oriental House Restaurant, No.126 (A), Myomakyaung Road, Dagon Township, Yangon. Ph: 09 8611933.

### ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၂-၂၀၁၆ ရက်နေ့ထုတ် စာမျက်နှာ(၁၄) ကန့်ကွက်နိုင်ပါကြောင်း ဒေါ်ဇင်ဇင်ထိုက်၏ မြေကွက်အမှတ် (၃၉)အစား မြေကွက်အမှတ် (၃၉၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ဇင်ဇင်ထိုက် ဖုန်း-၀၉ ၅၀၅၈၀၆၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဇော်ဌေး [၁၀/မလမ(နိုင်)၂၅၄၅၇၄] ကိုင်ဆောင်သူ၏ ပတ်စ်ပို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

**ဖုန်း-၀၉-၂၅၅၈၅၃၃၆၀၊ ၀၉-၉၆၀၇၆၁၅၉**

### အသိပေးကြေညာခြင်း

ကျိုင်းတုံမြို့၊ အမှတ်(၂၂)၊ တောင်ကြီးလမ်း၊ ဦးဆုပ်ရပ်နေ ဒေါ်နန်းအေးလှ[၁၃/ကတန(နိုင်)၀၁၁၈၈၀]၏သား စိုင်းကျော်သန့်စင်[၁၃/ကတန(နိုင်)၁၂၀၉၈၈]သည် မိဘပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူနေထိုင်ပါသဖြင့် နောက်နောင် စိုင်းကျော်သန့်စင်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းအေးလှ

### တစ်ချက်တည်းကျင်းဝင်

ဦးသန့်စင်သည် နေပြည်တော်၊ ရွှေင်ရယ်မြန်မာ ဂေါက်ကလပ်၌ ၁၂-၁-၂၀၁၆ရက် (၁၇း၃၇)နာရီတွင် ကစားဖော်များဖြစ်ကြသောဦးမြင့်ဇော်၊ဦးအောင်မျိုးအေးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)ကို (၁၇၀)ကိုက်အကွာမှ Titleist Pro V1 No.3 ဘောလုံးအား Honma,Beres,Hybrid 21˚ တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။

**Management**

**Royal Myanmar Golf Club**(နေပြည်တော်)


BHAMOTHU Travels & Tours
သံဝေဇနိယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန(အိန္ဒိယ၊ နီပေါ)ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
(၇)ညအိပ်၊ (၈)ရက်ခရီးစဉ်
၂-၄-၂၀၁၆ ရက် (စနေနေ့) စထွက်ပါမည်။
အထူးနှုန်း ၈. ၅သိန်း (စရိတ်ငြိမ်း)ဖြင့် ပို့ဆောင်ပေးပါမည်။
ဖုန်းနံပါတ် 01-512316, 09-250559259, 09-421079645



ရွှေထိပ်တန်း ပေလီကမ်းခြေ ထွက်မည်
+ ဖြတ်မော်တင်ဆွန်းဘုရားပွဲ Feb 26
+ ရွှေစက်တော် နှင့် လမ်းဘုရားစုံ
+ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ
+ အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဖမ်း
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
01-701015, 09-5403844, 09-5044830

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

ဝင်းအတွင်း ဓမ္မာရုံများဆောက်လုပ်၍ ဘုရားရုပ်ပွားတည်ထားကိုးကွယ်ခြင်း၊ ရပ်ကွက်သူရပ်ကွက်သားများ ဝါတွင်းဝါပ သီတင်းသီလ ဆောက်တည်နိုင်ခြင်း၊ အလှူဒါနပြုလုပ်နိုင်ခြင်း၊ ဘာသာရေးဝတ်အသင်းများ စုစည်းဆောင်ရွက်နိုင်ကြသည်မှာ မန္တလေးမြို့ ရပ်ကွက်ဝင်းများ၏ ယဉ်ကျေးမှု အစဉ်အလာဖြစ်၏။ ဓမ္မာရုံဘုရားပွဲများကိုလည်း နှစ်စဉ်ကျင်းပနိုင်ကြသည်မှာ ရပ်ကွက်ဝင်းနေရပ်သူရပ်သားများ စည်းလုံးညီညွတ်မှုကြောင့်လည်း ဖြစ်၏။

**လယ်တီဝင်း**

မေယဂီရိရပ် ၁၉လမ်းနှင့် ၁၈လမ်းကြား၊ ၈၀လမ်းနှင့် ၈၁လမ်းကြားတွင်ရှိသည်။ လယ်တီဆရာတော်ဘုရား တရား ဟောကြားခဲ့ရာ ဝင်းဖြစ်သည်။ ရှေးက သံတော်ဆင့်မှူထမ်း နေထိုင်ရာဝင်းဖြစ်၍ သံတော်ဆင့်ဝင်းဟုလည်းတွင်သည်။ ၁၂၂၃ခု မင်းတုန်းမင်းလက်ထက်တွင် မဟာမင်းလှမင်းထင်သည် အတွင်းဝန်ယောမြို့စားမင်းရှေ့ သံတော်ဆင့်ရွှေပန်း ချီအုပ်အဖြစ် ထမ်းရွက်ရသည်။

သံတော်ဆင့်ဆိုသည်မှာ ဘုရင့်အမိန့်ကိုထုတ်ပြန်၍ လွှတ်တော်က ဘုရင့်ထံ တင်သွင်းကာ လျှောက်ကြားစာများကို ဖတ်ကြားရသူဖြစ်သည်။ ဘုရင့်ရှေ့တော်ဖတ်အမှုထမ်းဖြစ်သည်။ ဘုရင့်အမိန့်ဖြင့် ထုတ်ပြန်ရန် စာလွှာအမိန့်တော်များကို သံတော်ဆင့်က ထုတ်ပြန်ရသည်။ သံတော်ဆင့်ရာထူးအမည်များကို ရှေးဟောင်းအမိန့်တော်များတွင် တွေ့နိုင်သည်။ ပုရပိုက်များတွင် အများဆုံးတွေ့နိုင်သည်။ ကျုံးအနောက်ဘက် လယ်တီဝင်းကား ယခုနောက်ပိုင်းတွင် ဒေါ်ရီရီ ထမင်းဆိုင်၊ ဒေါ်ကွန့် မုန့်တီဆိုင်တို့ကြောင့် လူသိများသည်။ လယ်တီဆရာတော်ဘုရားကြီး တရားဟောကြားခဲ့သဖြင့် လယ်တီဝင်းဟုလည်း ပြောဆိုမှတ်သားကြသည်။

**မဟာဒါန်လမ်း**

မေယသီရိရပ် ၁၈လမ်း၊ အရှေ့အနောက်ဝင်းအပြင်မှ ရပ်ကွက်အတန်းများကို မဟာဒါန်လမ်းဟုလည်း ရှေးကခေါ်ဝေါ်သည်။ မဟာဒါန်ဝန် နေထိုင်ရာအရပ်ဖြစ်သောကြောင့် မဟာဒါန်လမ်း ခေါ်ဆိုခြင်းဖြစ်သည်။ လမ်း၏ မြောက်ဘက် အတန်းများဖြစ်သည်။ မဟာဒါန်ဝန်ဆိုသည်မှာ မြန်မာမင်းများလက်ထက် သာသနာရေးရာနှင့် သက်ဆိုင်သော ကိစ္စများကို ဆောင်ရွက်ရသောဝန်ဖြစ်သည်။ နိုင်ငံတော်အတွင်း အဝေးမြို့ရွာများမှ တစ်ပါး မင်းနေပြည်တော်နှင့် တကွ အနီးအစပ်မြို့ရွာ၊ တိုက်တာ၊ ကျောင်းကန်ရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာပုဒ်တော်နှင့် အညီ ပြုလုပ် ကျင့်ကြံသည်ကိုတွေ့လျှင် မဟာဒါန်းစာရေးတို့ ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိဆရာတော်ကြီးများစစ်ဖို့ ပို့အပ်ရ၏။ သာသနာပြုဆရာတော်က စာပေးရန်ရှိလျှင် ရေးသားရ၏။ အတွင်းတော်၊ ရွှေလွှတ်တော်များအား ဆင့်ဆိုလျှင် သာသနာပြုဆရာတော်သို့ လျှောက်ထားရ၏။ သာသနာပြုဆရာတော်က အဝေးမြို့ရွာ ဆင့်ဆိုခေါ်ငင်ရန်ရှိသည် များကို မဟာဒါန်ဝန်က လွှတ်တော်မှာတိုင်တန်းခေါ်ယူရခြင်းဖြင့် ရွက်ဆောင်ရသည်။ မဟာဒါန်ဝန် စာရေးများသည်လည်း မဟာဒါန်ဝန်၏ လုပ်ငန်းများကို ကူညီလုပ်ဆောင်ပေးရသည်။ ယနေ့ခေတ်၌ မဟာဒါန်ရပ်၊ မဟာဒါန်ဝန် အသုံးအနှုန်းပင်လျှင် ရပ်ကွက်အတွင်းသိသူ ရှားသွားပြီဖြစ်သည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးကို ရေးသားသူ ကျက်သရေဆောင် ရွှေစလွယ်တော်ရ ဝန်ထောက်မင်း ဦးမောင်မောင်တင် (I) K.S.M.A.TM အား ၁၂၈၇ ခုနှစ်က မြန်မာပြည်ဘုရင်ခံက မဟာဒါန်ဝန်ရာထူးပေးအပ်ခဲ့သည်။ ၁၃၀၂ ခုနှစ်ထိ မဟာဒါန်ဝန်ရာထူး ထမ်းဆောင်ခဲ့သည်။ မန္တလေးမြို့ အာဠဝီလမ်းတွင် နေထိုင်ခဲ့သည်။ ထို့ပြင် ၈၁လမ်း တောင်မြောက် ၁၉လမ်းမှ ၁၆လမ်းထိ အတန်းကိုလည်း ရှေးက လွှတ်တော်တန်းဟု ခေါ်ဆိုခဲ့ကြသည်။

**အိုးတော်ရပ်**

အိုးတော်ရပ်သည် အကွက်(၁၄၃) ညောင်ပင်ဈေး အနောက်မြောက် ၁၉လမ်းနှင့် ၁၈လမ်းကြား ရွှေတချောင်းနှင့် ၈၃လမ်းကြားရှိသည်။ ယခုညောင်ပင်ဈေးအထည်ဟောင်းတန်း နေရာဖြစ်သည်။ အိုးတော်များကို ဤရပ်ကွက်များတွင် လုပ်ကိုင်၍ ပေးသွင်းရသည်။

အိုးတော်လုပ်ငန်း အမည်မှာလည်း တိမ်မြုပ်ပျောက်ကွယ်သွားသည်။ ခေတ်ကာလရွေ့လျား၍ လူနေရပ်မှ ဈေးဖြစ်သွားသည်လည်းရှိသည်။ စက်ရုံဝင်းဖြစ်သွားသည်လည်းရှိသည်။ (၁၆)လမ်းနှင့် (၁၇)လမ်းကြားတွင် တောင်ပံကား ရေခဲ စက်ကို အကြောင်းပြု၍ တောင်ပံကားဝင်း ဖြစ်သွားသည်။

**ပုလဲငွေရောင်ရပ်**

အောင်မြေသာစံမြို့နယ် (၂၂)လမ်းမှ (၁၉)လမ်း၊ (၈၀) လမ်းနှင့် (၈၆)လမ်း ရွှေတချောင်း အရှေ့ဘက် ရပ်ကွက်များ ပါဝင်သည်။ အရှေ့ဘက်တွင် ၈၀လမ်း အနောက်ကျုံးလမ်းနှင့် အနောက်ဘက်တွင် ရွှေတချောင်းထိဖြစ်၏။ ပုလဲငွေရောင် ရပ်ကွက်အတွင်း၌ ထင်ရှားသော ဘုရားစေတီများအနက် ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဗောင်းတော်ကျဘုရား၊ တဝဂူဘုရားများဖြစ်၏။ ရပ်ကွက်ကြီးအားဖြင့် (၁၂)ကွက်ရှိ၏။ အကွက် ၁၄၇ စက်ရှင်ဝင်းသည် စက်ရှင်တံတားကို အစွဲပြု၍ ခေါ်ဝေါ်ကြသည်။ (၈၀)လမ်းနှင့် (၈၁)လမ်းကြား၊ (၁၉)လမ်းနှင့် (၂၀)လမ်းကြားရှိသည်။ အရှေ့ဘက်တွင် စက်ရှင်တံတားပျက်ကြီးကို တွေ့နိုင်သည်။ ရှေးအမည်မှန်မှာ စည်ရှည်တံခါးဖြစ်သည်။ နောက်ပိုင်းတွင် စက်ရှင်တံခါးဟု နှုတ်ကျိုးခေါ်ဝေါ်ကြပြီး မြန်မာမင်းလက်ထက်က သုသာန်သို့ ချဆောင်ရာ တံတားဖြစ်သည်။

**သံတော်ဆင့်ရာထူးအမည်များကို ရှေးဟောင်းအမိန့်တော်များတွင် တွေ့နိုင်သည်။ ပုရပိုက်များတွင်အများဆုံးတွေ့နိုင်သည်။ ကျုံးအနောက်ဘက် လယ်တီဝင်းကား ယခုနောက်ပိုင်းတွင် ဒေါ်ရီရီ ထမင်းဆိုင်၊ ဒေါ်ကွန့် မုန့်တီဆိုင်တို့ကြောင့် လူသိများသည်။ လယ်တီဆရာတော်ဘုရားကြီး တရားဟောကြားခဲ့သဖြင့်လယ်တီဝင်းဟုလည်းပြောဆိုမှတ်သားကြသည်။**

စက်ရှင်ဝင်း(စည်ရှည်)ရပ်မှာ (၁၉)လမ်းရှိ မေယဂီရိရပ်မီးပြအရာဏ်တော်အသင်းကဲ့သို့ စည်ရှည်ရပ်မှ အရာဏ်တော် အသင်းကြီး တည်ထောင်ခဲ့ဖူးသည်။ စက်ရှင်ဝင်းတွင် သီပေါမင်းခေတ် မြင်းမှုထမ်းများလည်း နေထိုင်ခဲ့ကြကြောင်း သိရသည်။ နောက်ပိုင်းတွင် မြင်းလှည်းထောင်သူများ နေထိုင်ကြသည်။ (၁၉)လမ်းနှင့် (၂၀)လမ်းကြား၊ (၈၀)လမ်းနှင့် (၈၂)လမ်း ကြားတွင်လည်း နွားလှည်းထောင်သူများရှိသဖြင့် လှည်းဝင်းဟုခေါ်ကြသည်။ နောက်ပိုင်းတွင် ရွှေကျီးဆပ်ပြာဝင်း ဟုတွင်သည်။ အကွက်နံပါတ် ၁၄၈ ဖြစ်သည်။

အကွက်နံပါတ် (၁၄၉) သည် (၁၉)လမ်းနှင့် (၂၀) လမ်းကြား၊ (၈၂)လမ်းနှင့် (၈၃)လမ်းကြားရှိသည်။ ယခု သမဝါယမဝင်း ဟုခေါ်သည်။ ညောင်ပင်ဈေး အရှေ့ဘက်တည့်တည့် ညောင်ပင်ဈေး အမှတ်(၄) အလယ်တန်းကျောင်းနှင့် ဆက်လျက်ရှိသည်။ လွတ်လပ်ရေးမရမီက လွတ်လပ်ရေးအတွက် ရဲရဲတောက် တရားဟောကြားခဲ့သော အာဇာနည် ဆရာတော်ဦးဥတ္တမ တရားဟောကြားရာနေရာလည်းဖြစ်သည်။

**ပင်းယမင်းသမီးဝင်း**

အကွက် (၁၅၁) သည် (၂၀)လမ်းနှင့် (၂၁)လမ်းကြား၊ ၈၃လမ်းနှင့် ၈၆လမ်းကြား ရှိသည်။ ပင်းယထိပ်တင်ဝင်း (ခေါ်) ပင်းယမင်းသမီးဝင်းဖြစ်သည်။ မျိုးမြင့်ရုပ်ရှင်ရုံ အနောက်ဘက်တည့်တည့်ဝင်း ဖြစ်သည်။ မင်းရဲရာဇကျော်ခေါင်မင်းသားဘွဲ့ရ ပန်းချီအုပ်မင်းသားကြီးနှင့် တောင်တွင်းဝန်မင်းသမီး မှန်နန်းတော်အပျိုတော်ကြီးတို့က မွေးဖွားခဲ့သည့် သမီး၏ အမည်ကိုခေါ်ဝေါ်ခဲ့ခြင်းဖြစ်၏။ ၎င်းတို့ ဆွေစဉ်မျိုးဆက်များ နေထိုင်ခဲ့ကြ၏။

ဝင်းအတွင်း၌ အုတ်ပြာသာဒ်ငယ်တစ်ခုတွေ့ရာ လွန်ခဲ့သော ၁၈၉၃ ခုနှစ်က ကွယ်လွန်သော (ဘိုးတော်ဘုရား မြစ်) မင်းရဲရာဇကျော်ခေါင်မင်းသားဘွဲ့ရ ပန်းချီအုပ် မင်းသားကြီး၏ အုတ်ဂူဖြစ်သည်ဟု မှတ်သားခဲ့ရ၏။ ပင်းယမင်းသမီးဝင်းကို ယခင်က 'ပန်းချီအုပ်ဝင်း'ဟု ခေါ်ခဲ့ကြသည်။ ပင်းယမင်းသမီး နေထိုင်သောအခါ ပင်းယဝင်းတွင်လာသည်။ ထို့နောက် ပင်းယမင်းသမီး နတ်ရွာစံသောအခါ ဝင်းအတွင်းမှာပင် အုတ်ဂူတည်သည်။ ပင်းယမင်းသမီးသည် ၁၂၈၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်တွင် နှလုံးရောဂါဖြင့် နတ်ရွာစံခဲ့၏။ ပင်းယမင်းသမီးမှာ ပန်းချီအုပ်မင်းသားကြီး၏ သမီးဖြစ်သည်။

သီပေါမင်းလက်ထက်တွင် နန်းမတော်ကြီးအပါး အမြဲခစားရသည်။ ပင်းယမြို့ကို သီပေါမင်းက သနားတော်မူခဲ့သည်။ သုသီရိကုမ္မာဝတီဘွဲ့ထူးကို ရွှေပြားပေါ်မှာတင်စေပြီး အစီးအနင်း အဆောင်အယောင်နှင့် ပေးသနားခံရသူဖြစ်၏။ သီပေါမင်း အပါးတော်မြဲ ဦးစံရွှေမှာ ပင်းယမင်းသမီး၏ ခင်ပွန်းဖြစ်သည်။ သီပေါမင်းပါတော်မူသွားရာ၌ ပင်းယမင်းသမီးလည်း လိုက်ပါသွားရသည်။ သုံးနှစ်မျှကြာသောအခါ ဖခင်ကြီး မကျန်းမာ၍ ရတနာဂီရိမှ ပြန်လာသည်။ ပင်းယမင်းသမီး အဆက်အနွယ်များမှ စာပေဘက်တွင် ထင်ရှားသူများဖြစ်သော ပင်းယအေး၊ ပင်းယငွေ၊ ပင်းယမွှေး တို့မှာ ပင်းယဝင်းထဲ နေထိုင်ခဲ့ကြဖူးပြီး စာပေလောက၌ ထင်ရှားသူများဖြစ်သည်။

ပင်းယမင်းသမီးဝင်း၏ မြောက်ဘက်တွင် ပြင်သစ်ဝင်းရှိသည်။ ပြင်သစ်ကုန်သည်ကြီး အီးစီမာတင်း နေထိုင်ခဲ့ဖူးကြောင်းမှတ်သားရ၏။ ၎င်း၏ တောင်ဘက်ဆုံးဝင်းသည် ချုံဘုရားသားဝင်းဖြစ်သည်။

**ခဲလံဝင်း**

အကွက်(၁၅၂) ပုလဲငွေရောင် (၈၂)လမ်းနှင့် (၈၃) လမ်းကြား၊ (၂၀)လမ်းနှင့် (၂၁)လမ်းကြား ဝင်းသည် မျိုးမြင့်ရုပ်ရှင် ရုံဝင်းဟု ယခုအသိများသည်။ ရှေးက ခလံဝင်းဟုခေါ်သည်။ ခဲလံချောင်း လုပ်ကိုင်သူများ နေထိုင်ခဲ့ကြသဖြင့် ခဲလံဝင်း တွင်ခဲ့သည်။ ယခုခေတ် ဘုရားပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ပွဲဈေးတန်းများ၌ ခဲတံချောင်း လုပ်ကိုင်ရောင်းချသူများ အား တွေ့မြင်နိုင်သည်။ မန္တလေးမြို့၏ မြန်မာ့ရိုးရာ အစားအစာတစ်ခု ဖြစ်သည်။

ဝါးလုံးကို အနေတော်ဖြတ်တောက်ပြီး ဝါးဆစ် (ဝါးလုံးထဲ)ရေဆေးရေစိမ်ပြီး ကောက်ညှင်းဆန်များ ထည့်သွင်းကာ ထိပ်နှစ်ဖက်ကို ကောက်ရိုးဖြင့် ပိတ်ဆို့လျက် ဝါးမီးဖြင့် ကင်ရသော ခဲလံချောင်းဖြစ်သည်။ အချို့က အုန်းသီးဖတ်ထည့် ၍ ပြုလုပ်ကြရာ စား၍အရသာရှိသော ခဲလံချောင်း သို့မဟုတ် ကောက်ညှင်းကျည်တောက် ဖြစ်သည်။ မန္တလေးအခေါ် ခဲလံချောင်းဟုခေါ်ကြပြီး အချို့ဒေသက ကောက်ညှင်းကျည်တောက်ဟု ခေါ်သည်။ ယခု လုပ်ကိုင်သူများ မရှိတော့သလို ဝင်းကြီးအတွင်း ဦးသန်းမြင့်က ရုပ်ရှင်ရုံဆောက်လုပ်ခဲ့ရာမှ မျိုးမြင့်ရုပ်ရှင်ရုံဝင်း အမည်တွင်ခဲ့သည်။ ဦးသန်းမြင့်မှာ ရုပ်ရှင်ရုံဝင်းအပြင် (၈၃)လမ်းတွင် နေထိုင်သူဖြစ်သည်။ အထက်မြန်မာနိုင်ငံ ရုပ်ရှင်လုပ်ငန်းရုံးနှင့် ယခုအခါ ကြေးမုံ၊ မြန်မာ့အလင်း ကိုယ်ပွားတိုက်ခွဲဖြစ်လာသည်။

အကွက်(၁၅၃)သည်(၈၂)လမ်းနှင့်၈၁လမ်းကြား၊(၂၀)လမ်းနှင့် (၂၁)လမ်းကြားဖြစ်သည်။ ရှေးက မြင်းသမားများ နေထိုင်၍ မြက်တန်းဟုခေါ်သည်။ အရှေ့ဘက်ခြမ်းတွင် သက်န်းချုပ်သူများနေထိုင်၍ သင်္ကန်းတန်းဟုခေါ်သည်။ ဘုရားနီဘုရားမြောက်ဘက်ကြားဖြစ်သည်။ ယခု တရုတ်ဘုံကျောင်းဝင်းဟု တွင်နေသည်။ တဝဂူဘုရားမှာ လမ်း ၂၀ထောင့် တည်ရှိသည်။ သက္ကရာဇ် ၈၆၃ ခုနှစ် အင်းဝရွှေနန်းကျော့ရှင် နရပတိမင်းတည်ထားခဲ့သည့် ဘုရားဟု ထင်ရှားသည်။ မုခ်ပေါက်မြောက်ဘက်လှည့် စေတီဖြစ်သည်။ သီပေါမင်း ဒုတိယအကြိမ် ပြုပြင်သည်။ အကွက် (၁၅၄) မှာလမ်း(၂၀)နှင့် (၂၁)လမ်းကြားရှိသည်။ ဟိန္ဒူစတန်နီဝင်းဟု လူသိများသည်။

**ဗိုလ်မကြီးဝင်း၊ နန်းမတော်ဝင်း**

အကွက်(၁၅၅)မှာ (၂၁)လမ်းနှင့် (၂၂)လမ်းကြား၊ လမ်း(၈၀)နှင့် (၈၁)လမ်းကြားရှိသည်။ ရှေးက ဗိုလ်မကြီးဝင်းဟု ခေါ်ဝေါ်သည်။ ကျောက်ပြားစက်ရုံရုံရှိသဖြင့် ကျောက်ပြားစက်ဝင်းဟုလည်း ခေါ်ဝေါ်သည်။ ဗဟိုစာတိုက်ကြီး မြောက်ဘက် တည့်တည့်ဝင်းဖြစ်သည်။ အကွက်အမှတ် (၁၅၆)မှာ ဘုရားနီဘုရားဝင်းကြီးဖြစ်သည်။ တောင်ဘက်တွင် ဗောင်းတော်ကျဘုရားရှိသည်။ အကွက်(၁၅၇)မှာ ဘုရားနီဗောင်းတော်ကျဘုရားတောင်ဘက်ဖြစ်၍ မြက်တန်းဟုလည်းခေါ်သည်။

အကွက် (၁၅၈)သည် (၂၂)လမ်းနှင့် (၂၁)လမ်းကြား၊ ၈၃လမ်းနှင့် (၈၂)လမ်းကြားဖြစ်သည်။ အရှေ့ဘက် (၈၂)လမ်း ပေါ်တွင် ဒေါက်တာဂူးဝါးဆေးတိုက်မှာ လူသိများသည်။ ထိုဝင်းကို ဒေါ်မမကြီးဝင်း၊ နန်းမတော်ဝင်းဟူ၍ မှတ်သားရသည်။ အမရပူရမြို့ ဒုတိယမြို့တည်၊ နန်းတည် ဇောင်းကလောကန်ဦးလောကမဏိစူဠာစေတီတော် ဒါယကာ မင်းတရားကြီး(သာယာဝတီမင်း)၏ သမီးတော်၊ မင်းတုန်းမင်း၏ အနောက်နန်းမတော်ကြီး သီရိမဟာစန္ဒရ ရတနာဒေဝီကို အစွဲပြု၍ ခေါ်ဝေါ်ခဲ့သည်။ ၁၂၅၃ခုနှစ် နတ်တော်လဆန်း ၁ရက် မိဖုရားကြီး ကံတော်ကုန်၍ ယင်းဝင်း အရှေ့ဘက် မီးသင်္ဂြိုဟ်ခဲ့၏။ အုတ်ဂူပြာသာဒ်လည်း တည်ဆောက်ခဲ့၏။ နန်းမတော်၏ ကိုယ်လုပ်တော်မိသားစုများ နေထိုင်ရာဝင်းဖြစ်၏။ ဆရာနန်းတော်ရှေ့ ဆရာတင်သည် ၎င်း၏ ဆွေမျိုးများနေသဖြင့် နေထိုင်သွားခဲ့ဖူးကြောင်း မှတ်သားရသည်။ (၈၂)လမ်း အရှေ့ဘက်တန်းကို ပန်းထိမ်တန်းဟုလည်း ခေါ်သည်။

**ဧဝံဂေလိဘုရားရှိခိုးကျောင်း**

ဘုရားနီဘုရားတောင်ဘက် ၂၂ လမ်းဘေးတွင် ဧဝံဂေလိခရစ်ယာန်အသင်းတော် ဘုရားရှိခိုးကျောင်း တည်ရှိသည်။ မင်းတုန်းမင်း မန္တလေးမြို့တည်ပြီးနောက် အာမေးနီးယန်းလူမျိုးများအတွက် အစောဆုံးနေရာပေးခဲ့သော ဘုရားကျောင်းဖြစ်သည်။ သင်းအုပ်ဂိုဏ်းဆရာမှာ စတီဗင်ဂျော့ဖြစ်ပြီး ၁၈၄၄ ခုနှစ် မွေးဖွား၍ ၁၉၀၅ ခုနှစ် ကွယ်လွန်သည်။ ၎င်း၏ဇနီးမှာ ဂျိုဟင်နာဖြစ်သည်။ ၁၉၁၇ ခုနှစ် မန္တလေး၌ ကွယ်လွန်သည်။ အာမေးနီးယန်း၊ ပေါ်တူဂီ၊ ဂျူးလူမျိုးများ ဘုရားဝတ်ပြုရာ ဘုရားရှိခိုးကျောင်းဖြစ်သည်။

**ပုလဲရုံဝင်း**

အကွက်(၁၅၉)သည် ၈၃ လမ်းနှင့် ၈၆ လမ်းကြား၊ ၂၂ လမ်းနှင့် ၂၁ လမ်းကြားရှိသည်။ ၁၉၆၀ ပြည့်နှစ်လောက်ထိ ပုလဲစီနီမာရုပ်ရှင်ရုံရှိသဖြင့် ပုလဲရုံဝင်းဟု လူသိများသည်။ ဝင်းတောင်ဘက်ခြမ်းတွင် တောင်ငူမင်းကြီး ဆုတောင်းပြည့်ဘုရားနှင့် ဓမ္မာရုံရှိသည်။ တောင်ငူမင်းသားဝင်းဟုလည်း ခေါ်ဆိုကြသည်။

ဘိုးတော်၏ အိမ်ရှေ့မင်းနှင့် ညီတော်တောင်ငူမင်းသားတို့ သင့်မြတ်မှုမရှိရာမှ သားတော်ကို အရာချ၍ မင်းကွန်းတွင်နေစေသည်။ တောင်ငူမင်းသားသည် ခမည်းတော်က သူ့ကို အိမ်ရှေ့အရာမပေးဘဲ နောင်တော် ရွှေတောင်မင်းသားကို အိမ်ရှေ့အရာပေးခဲ့ရာမှ မကျေမနပ်ဖြစ်ကာ တောင်ငူမှ ပုန်ကန်ရန်စီစဉ်ခဲ့သော မင်းသားစု အဆိုရှိ၏။ သူ့ကိုမြှောက်ပင့်ပေးသော မှူးမတ်တို့ကိုလည်း အရေးယူခဲ့၏။ အင်္ဂလိပ်သံအရာရှိ မိုက်ကယ်ဆိုင်း သည် တောင်ငူမင်းသားအား မင်းကွန်းအနီးအိမ်တော်သို့ သွားရောက်နှုတ်ဆက်ခဲ့၏။ ၎င်းဝင်းမြောက်ဘက်ခြမ်းဝင်းကို တရားသူကြီးဝင်းဟု ခေါ်ဆိုသည်။ ၎င်းရပ်ကွက် အနောက်မြောက်ထောင့် သဲခုံစေတီရှေ့တွင် မန္တလေးမြို့မ တူရိယာအသင်းတည်ရှိသည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စိန်ရတုပွဲဆင်နွှဲခဲ့သည်။ ထိုနေရာမှ တီးဝိုင်းပွဲများ လက်ခံသည်။

**ရွှေလေးဝင်း၊ ရွှေလေးဘုရား**

အကွက်(၁၅၀) ပုလဲငွေရောင် (၁၉) လမ်းနှင့် (၂၀) လမ်းကြား၊ (၈၃) လမ်းနှင့် (၈၆) လမ်းကြား ရွှေတချောင်း အရှေ့ဘက် ညောင်ပင်ဈေးသည် ပုလဲငွေရောင်အရပ်၌ ထင်ရှားသော ဈေးဖြစ်၏။ ရှေးကတည်းက ဈေးတည်ရှိခဲ့၏။ ညောင်ပင်ဈေးအတွင်း တောင်ဘက်ခြမ်းတွင် ရွှေလေးဘုရား၊ ရွှေလေးဓမ္မာရုံ တည်ရှိသဖြင့် ညောင်ပင်ဈေး ရွှေလေးဝင်းဟုလည်း လူသိများသည်။

မြန်မာမင်းလက်ထက်က နန်းတွင်းသုံး၊ ဈေးသုံးအဖြစ် အလေးချိန်ခွင် ခြင်တွယ်ရာ၌ အတိုင်းအတာ သတ်မှတ်ပေးပြီး ကြေးဝါကို အရည်ကျိုလောင်းပုံသွင်းထားသော ဟင်္သာရုပ်တု ရွှေအလေးများ သုံးစွဲခဲ့ကြသည်။ သံအလေး၊ ကြေးအလေး၊ ခဲအလေး အမျိုးမျိုးရှိသည်။ ၁၂၄၇ ခုနှစ် သီပေါမင်း ပါတော်မူပြီးနောက် ဈေးသူဈေးသားများက ရွှေအလေးဖြင့်ပင် ရောင်းဝယ်ရာ၌ သုံးစွဲခဲ့ကြသည်။ ဤတွင် အင်္ဂလိပ်အစိုးရက ရွှေလေးများဖြင့် ခြင်တွယ်ရောင်းဝယ်ခွင့်ပိတ်ပင်ပြီး ဟင်္သာရုပ်ရွှေအလေးသုံးစွဲသူများကို ဒဏ်ရိုက်သည်။ ကြေးဝါအလေးများ အပ်နှံခိုင်းသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

# ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာများရောင်းဝယ်ကြမည်ဆိုလျှင်...

**(ဦးညီမြင့် Senior Managing Director၊ KBZ SC Securities Company Ltd. က မတ်လဆန်းတွင် စတင်ရောင်းချတော့မည့် ရန်ကုန်စတော့ရှယ်ယာအိတ်ချိန်းလုပ်ငန်းများ၌ ရှယ်ယာများ မှန်မှန်ကန်ကန်ရောင်းဝယ်နိုင်ရန် အတွက် အသိပညာပေးတင်ပြထားခြင်း ဖြစ်ပါသည်။)**



မြန်မာနိုင်ငံငွေချေးသက်သေခံလုပ်ငန်းကြီးကြပ်ရေး ကော်မရှင်၏ကြီးကြပ်မှုဖြင့်ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယင်း ရန်ကုန်စတော့အိတ်ချိန်း၌စာရင်းသွင်း Listing ပြုလုပ်ပြီး ရှယ်ယာများကိုပထမဦးစွာထုတ်ရောင်းကြမည့်ကုမ္ပဏီများ အဖြစ် FMI ၊ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၊ Great HorKham ၊ Myanmar Citizen Bank ၊ Myanmar First Private Bank၊ MAPCO တို့ကိုပဏာမအဖြစ် ရွေးချယ်ထားသည်ကိုအများသိရှိပြီးဖြစ်ပါသည်။

ထိုသို့ရှယ်ယာများကိုရောင်းချမည့်Listing ကုမ္ပဏီများနှင့် ရှယ်ယာများကိုဝယ်ယူလိုသူပြည်သူများအားချိတ်ဆက်ပေးမည့် underwriter company များအဖြစ် ကုမ္ပဏီ (၁၀) ခုကိုပဏာမရွေးချယ်ထားပြီးဖြစ်သည့်အနက် ယခုအခါ KBZ SC၊ MSEC၊ AYA Trust၊ CB Securities Companyတို့အနေဖြင့် underwriting လုပ်ငန်းများကိုလုပ်ဆောင်ရန်တရားဝင်လိုင်စင်ရရှိထားပြီးဖြစ်ပါသည်။ ထို underwriting လိုင်စင်ကိုရရှိခဲ့သည့်အတွက် အခြားသောလုပ်ငန်း သုံးမျိုးသည့် Broker လုပ်ငန်း၊ Dealer လုပ်ငန်း၊ Advisory လုပ်ငန်းများကိုလည်း တစ်ပါတည်းဆောင်ရွက်ခွင့် ရရှိပြီးဖြစ်သည့်အပြင် ရှယ်ယာများရောင်းဝယ်ကြသည့်အခါ ရှယ်ယာလွှဲပြောင်းပြီးလျှင် ငွေစာရင်းလွှဲပြောင်းခြင်းတို့ကိုတာဝန်ယူစာရင်းရှင်းလင်းဆောင်ရွက်ပေးမည့် Cash Settlement Bank အဖြစ် KBZ Bank ကိုကော်မရှင်ကရွေးချယ်ထားပြီးဖြစ်သည့်အတွက် ရန်ကုန်စတော့အိတ်ချိန်းရှိ underwriting company များအားလုံး၏ ရှယ်ယာရောင်းဝယ်မှုများအတွက် ငွေစာရင်းရှင်းလင်းခြင်းကို Cash Settlement Bank ဖြစ်သည့် KBZ Bank တွင် စာရင်းဖွင့်လှစ်စေပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အထက်ပါ Listing company (၆) ခုအနက် FMI နှင့် မြန်မာသီလဝါအက်(စ်) အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက်တို့၏ ရှယ်ယာများကို ၂၀၁၆ ခုနှစ် မတ်လဆန်းမှစတင်၍ရန်ကုန်စတော့အိတ်ချိန်း၌စတင် ရောင်းချသွားရန် ရည်မှန်းထားရာKBZ SC နှင့် MSEC တို့အနေဖြင့် FMI အတွက် securities account ဖွင့်လှစ်မှုအပါ အဝင်လိုအပ်သည်များဆောင်ရွက်ပေးခဲ့ပြီး မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်အတွက်လည်းလိုအပ်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် KBZ SC၊ MSEC အပြင် AYA Trust နှင့် CB Securities တို့ကလည်းတွေ့ဆုံဆွေးနွေးပြီးဖြစ်ပါသည်။ ယင်းကဲ့သို့ ရန်ကုန်စတော့အိတ်ချိန်း၌ရှယ်ယာများရောင်းချရာတွင် ယခင် IT နည်းပညာများမထွန်းကားမီကကျင့်သုံးခဲ့ကြတဲ့ over the counter စနစ်အစား နိုင်ငံတကာမှာ ရောင်းဝယ်ကြသည့်အတိုင်းအွန်လိုင်းစနစ်ဖြင့်ရောင်းဝယ်နိုင်ကြတော့မည်ဖြစ်ပါသည်။

အွန်လိုင်းစနစ်ဖြင့်ရောင်းဝယ်ရာ၌ရန်ကုန် စတော့အိတ်ချိန်းတွင်တိုက်ရိုက်ရောင်းဝယ်နိုင်ကြမည် မဟုတ်ပဲ အထက်ပါunderwriting company များ၌ ငွေချေးသက်သေခံလက်မှတ်စာရင်း securities account ဖွင့်လှစ်ပြီးမှသာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ Securities account ဖွင့်လှစ်ရာတွင် ရှယ်ယာရှင်များ၏ မူရင်းရှယ်ယာလက်မှတ်များကိုသိမ်းဆည်းပြီးငွေချေးသက်သေခံစာရင်းလက်မှတ်နံပါတ် Login ID နှင့် Password တို့ကို underwriting company များမှ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပြီးယင်းနံပါတ်များဖြင့်သာအွန်လိုင်းစနစ်ရောင်းဝယ်နိုင်မည်ဖြစ်ရာရှယ်ယာရှင်များနေဖြင့် ရှယ်ယာလက်မှတ်ပျောက်ဆုံးခြင်း၊ အတုပြုလုပ်ခြင်းနှင့် လုံခြုံစိတ်ချရမှုမရှိခြင်းတို့အတွက် စိုးရိမ်စရာမရှိတော့ပါ။

Underwriting company များတွင် securities account ဖွင့်လှစ်နိုင်ရန်အတွက် စာရင်းဖွင့်လိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် ဘဏ်တစ်ခုခု၌လက်ရှိဘဏ်စာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်ကိုယူဆောင်လျက်ကိုယ်တိုင်လာရောက်စာရင်းဖွင့်လှစ်ရမည်ဖြစ်ပါသည်။ အကယ်၍ ဘဏ်စာရင်းဖွင့်လှစ်ထားခြင်းမရှိသေးလျှင် KBZ SC ရုံးချုပ်နှင့် သတ်မှတ်ထားသည့် KBZ Bank ခွဲများတွင် ဘဏ်စာရင်းအရင်ဖွင့်လှစ်ရမည် ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် securities account ဖွင့်လှစ်လိုလျှင် ကုမ္ပဏီမှတ်ပုံတင်၊ ကုမ္ပဏီကအခွင့်အာဏာပေးထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကုမ္ပဏီငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်၊ ငွေချေးသက်သေခံလက်မှတ်ဖွင့်လှစ်ရန် ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်းနှင့်အတူ အခွင့်အာဏာရသူကိုယ်တိုင်လာရောက်ရမည် ဖြစ်ပါသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ ရှယ်ယာရောင်းဝယ်ရာတွင် securities account ဖွင့်လှစ်ထားပြီးသူများအနေဖြင့် underwriting company များမှတစ်ဆင့် အွန်လိုင်းဖြင့် အမှာလွှာတင်သွင်း order လုပ်ရပါသည်။ ရှယ်ယာရောင်းဝယ်ရန်အတွက် ၎င်းတို့လက်ရှိဖွင့်လှစ်ထားသည့် ဘဏ်စာရင်းမှ ကျသင့်သည့် တန်ဖိုးငွေကိုဆွဲယူအသုံးပြုသွားမှာဖြစ်ပါသည်။ထိုသို့ဆွဲယူပြီးနောက် Cash Settlement Bank ဖြစ်သည့် KBZ Bank က transaction တစ်ခုလုံးအတွက် စာရင်းရှင်းလင်းပေးသွားမည်ဖြစ်သည်။ ဤသို့စာရင်းရှင်းလင်းရာတွင် အထူးသဖြင့် ရှယ်ယာရောင်းဝယ်လိုသူသည် KBZ Bank တစ်ခုခု၌ငွေစာရင်းဖွင့်လှစ်ထားလျှင် - မူလ bank account က KBZ Bank ၊ အရောင်းအဝယ် order လုပ်သည့်အခါ KBZ SC securities account၊ Cash Settlement ပြုလုပ်ရာ၌လည်း KBZ Bank ဖြစ်၍ရောင်းဝယ်သူ၏စာရင်းအားလုံးသည်ဘဏ်တစ်ခုတည်းမှာပင်ဖြစ်သည့်အတွက်၊ စတော့အိတ်ချိန်းတွင်အရေးပါသောအချိန်နှင့်တစ်ပြေးညီလွှဲပြောင်းမှု real time transaction ရရှိစေပါသည်။

ထို့အပြင် ရှယ်ယာရောင်းဝယ်မှု၌အသုံးပြုသည့် KBZ SC ၏ IT system ၊ မူလ KBZ Bank ၏ Oracle Flex Cube Core-banking system နှင့် KBZ Cash Settlement Bank ၌ အသုံးပြုသည့် IT Process သုံးခုတို့ကို integrated ပြုလုပ်ချိတ်ဆက်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိပြီး ရှယ်ယာရောင်းဝယ်သူများအနေဖြင့် ယင်းတို့၏ order အရ အရောင်းအဝယ်ပြုလုပ်ချိန်မှသာ မူလ bank account မှ အချိန်ပိုင်း instant ဆွဲယူအသုံးပြုမည်ဖြစ်သည့်အတွက် အတိုးနှုန်းဆက်လက်ရရှိစေပြီး အခြားကိစ္စရပ်များအတွက် ငွေပေးချေမှုများတွင်လည်း ကျခံသုံးစွဲနိုင်မည်ဖြစ်ပါသည်။ ငွေစာရင်းလွှဲပြောင်းရာ၌လည်း KBZ Bank တစ်ခုတည်းဖြစ်လျှင် ရန်ကုန်မြို့တွင်းအတွက် ငွေလွှဲခမယူပဲ၊ နယ်ဒေသရှိ KBZ Bankတစ်ခုခုမှလွှဲပြောင်းလျှင် ငွေလွှဲခကိုအထူးနှုန်းဖြင့်သာကောက်ခံသွားမည်ဖြစ်ပြီး အခြားသောဘဏ်တစ်ခုခု၌ငွေစာရင်း ဖွင့်လှစ်ထားလျှင် သတ်မှတ်ငွေလွှဲခနှုန်းအတိုင်းငွေ ၁၀၀ ကျပ်ကို ၁၅ပြားနှုန်းပေးချေရမည်ဖြစ်ပါသည်။

သာမန်အားဖြင့် ရှယ်ယာရောင်းဝယ်လိုသူများသည် underwriting company တစ်ခုထက်ပိုမိုပြီး securities accountsများကိုတစ်ပြိုင်နက်ဖွင့်လှစ်နိုင်သော်လည်း၊ စတော့အိတ်ချိန်း၌ရှယ်ယာရောင်းဝယ်မှုပြုလုပ်သည့် အခါ ယင်းပုဂ္ဂိုလ်အတွက် အရှုံးအမြတ်စာရင်း၊ ငွေကြေးအခြေအနေများကိုသိရှိလိုလျှင် securities accounts များ အတွင်းရောက်ရှိလာသောစာရင်းများကိုပေါင်းစပ်ရှင်းလင်းရန်အတွက် မလွယ်ကူပါ။ Underwriting company တစ်ခုတည်း၌ securities account ဖွင့်လှစ်ဆောင်ရွက်မည်ဆိုလျှင်ယင်းပုဂ္ဂိုလ်အတွက် ရှယ်ယာရောင်းဝယ်ထားမှု အခြေအနေ၊ အရှုံးအမြတ်၊ dividend ရရှိမှုတို့ကိုတစ်စုတစ်စည်းတည်းသိရှိနိုင်ရန် consolidated financial statement ကို တွက်ချက်ရေးဆွဲထားသည့်အတွက်ကြောင့် အွန်လိုင်းတွင် အချိန်မရွေးစစ်ဆေးကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

အထက်ပါရှယ်ယာရောင်းဝယ်မှုများကိုအွန်လိုင်းအသုံးပြုနိုင်သည့် မည်သည့် mobile phone၊ iPad၊ Laptop၊ Desktop များမှာမဆိုအသုံးပြုနိုင်ပါသည်။ KBZ SC ရုံးချုပ်နှင့် သတ်မှတ်ထားသည့် KBZ Bank ဘဏ်ခွဲများတွင် securities account လာရောက်ဖွင့်လှစ်သူတိုင်းအားအွန်လိုင်း၌မည်သို့အသုံးပြုရမည်ကို ဖော်ပြထားသည့် user guide book များထုတ်ပေးလျက်ရှိပါသည်။

အသေးစိတ်သိရှိလိုသူများအနေဖြင့် လူကိုယ်တိုင် (သို့မဟုတ်) ဖုန်းဆက်စုံစမ်းမေးမြန်းနိုင်ရန် စီစဉ်ထားရှိပါသည်။ ရှယ်ယာရောင်းဝယ်မှုဆိုင်ရာအချိန်တိုသင်တန်းများကိုရုံးအားရက်များတွင် အခါအားလျော်စွာပို့ချပေးရန် စီစဉ်ထားရှိပါသည်။ ရှယ်ယာရောင်းဝယ်ခြင်းအားဖြင့် မည်သို့သော အကျိုးကျေးဇူးများရရှိနိုင်မည် စီးပွားရေးပိုမိုတိုးတက်စေနိုင်မည် ဆိုသောအကြံဉာဏ်များပေးရန်အတွက် KBZ SC တွင် Research Department ကို ခိုင်မာစွာဖွဲ့စည်းပြီးဖြစ်၍အချိန်မရွေးအကြံဉာဏ်တောင်းခံနိုင်ကြောင်းပြည်သူများ သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**Securities account ဖွင့်လှစ်ရာတွင် ရှယ်ယာရှင်များ၏ မူရင်းရှယ်ယာလက်မှတ်များကိုသိမ်းဆည်းပြီး ငွေချေးသက်သေခံစာရင်း လက်မှတ်နံပါတ် Login ID နှင့် Password တို့ကို underwriting company များမှ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပြီး ယင်းနံပါတ်များဖြင့်သာ အွန်လိုင်းစနစ်ရောင်းဝယ်နိုင်မည်ဖြစ်ရာရှယ်ယာရှင်များနေဖြင့် ရှယ်ယာလက်မှတ်ပျောက်ဆုံးခြင်း၊ အတုပြုလုပ်ခြင်းနှင့် လုံခြုံစိတ်ချရမှုမရှိခြင်းတို့အတွက် စိုးရိမ်စရာမရှိတော့ပါ**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄ ကြော်ငြာကဏ္ဍတွင်ပါရှိသော သယ်န်းကျွန်း၊ ဦးလှချေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် 'ဒေါ်မိုးမိုးနိုင်[၁၂/သဃက(နိုင်)၁၇၀၇၆၁]' အစား 'ဒေါ်မိုးမိုးခိုင်[၁၂/သဃက(နိုင်)၁၇၀၇၆၁]'ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။
ဒေါ်မိုးမိုးခိုင် [၁၂/သဃက(နိုင်)၁၇၀၇၆၁]

## ချိပ်ပိတ်တင်ဒါဖိတ်ခေါ်ခြင်း

မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ-MITT သည် မိမိ၏ မော်တော်ယာဉ်နှင့် စက်ယန္တရားများတွင် အသုံးပြုရန် အတွက် ဒီဇယ်ဆီနှင့် အောက်တိန်းဆီများကို တစ်နှစ်ကာလ သဘောတူစာချုပ်ချုပ်ဆို၍ ဝယ်ယူရန်ရှိပါသည်။ သို့ပါ၍ လူကြီး မင်းတို့ကုမ္ပဏီသို့ ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ သီလဝါဆိပ်ကမ်းသို့ပေးသွင်းရန်။
- MITT၏ သိုလှောင်ကန်သို့ ပုံမှန်ဆီဖြည့်ရန်အတွက် လိုအပ်သလို အလီလီမှာယူမည်ဖြစ်ပြီး သီလဝါဆိပ်ကမ်းသို့ အရောက်ပေးပို့ ဖြည့်တင်းပေးသည့်စနစ်ဖြင့် ပေးသွင်းရန်ဖြစ်ပါသည်။
- တစ်လခန့်မှန်းလိုအပ်ချက်
  - HSD ဒီဇယ် ဂါလန် ၁၂၀၀၀။

၂။ လူကြီးမင်းတို့၏ စက်သုံးဆီ လက်လီအရောင်းဆိုင်တွင် ဖြည့်တင်းပေးရန်။
- ဆိပ်ကမ်းပြင်ပတွင် မောင်းနှင်သွားလာနေသော မိမိပိုင်မော်တော်ယာဉ်များအား လူကြီးမင်းတို့၏ စက်သုံးဆီ အရောင်းဆိုင်များတွင် ဒီဇယ်ဆီနှင့် အောက်တိန်း(92/95)ဆီများ ဖြည့်တင်းပေးသည့်စနစ်ဖြင့် ရောင်းချရန် ဖြစ်ပါသည်။
- တစ်လခန့်မှန်းလိုအပ်ချက်
  - HSD ဒီဇယ်ဂါလန် ၁၅၀၀၀။
  - ပရီမီယံဒီဇယ်ဂါလန် ၁၀၀၀။
  - အောက်တိန်းဂါလန် ၅၀၀။

လူကြီးမင်းတို့မှ ပေးသွင်းရန် ကမ်းလှမ်းချက်ဈေးနှုန်းလွှာများကို အောက်ဖော်ပြပါ အချက်များထည့်သွင်းပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ MITT, Berth 5~9, Thilawa, Kyauktan Township, Yangon သို့ ၂၉-၂-၂၀၁၆ ရက်နောက်ဆုံးထားပြီး ကမ်းလှမ်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၁) ကျသင့်သည့်ဈေးနှုန်း(Price)ကို အချိန်ကာလအလိုက် မည်သို့သတ်မှတ်မည်ကိုလည်းကောင်း၊
(၂) ကျသင့်ငွေကို မည်သို့ပေးချေရမည်(Term of Payment)ကိုလည်းကောင်း၊
(၃) သီလဝါဆိပ်ကမ်းသို့ပေးသွင်းသည့် ဒီဇယ်ဆီကိုမှာယူရာတွင် အချိန်မည်မျှ ကြိုတင်မှာယူရမည် (Delivery) ကိုလည်းကောင်း၊

အမှတ်စဉ်တစ်ခု (သို့မဟုတ်) နှစ်ခုစလုံးအတွက် တင်ဒါတင်သွင်းနိုင်ပါသည်။
အသေးစိတ်သိလိုပါက ဖုန်းနံပါတ်-**09-8613909, 09-8613929, 09-8613949**သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
တင်ဒါကော်မတီ၊ **MITT**

## ရောင်းမည်

ဈေးချို၊ BCCပါ၊ ဈေး၊ ကျောင်း၊ ကားဂိတ်အနီး ပေ(၁၂½×၅၀)ဒါဘာ၊ သယ်န်းကျွန်း၊ ဈေး- (၁၇၂)သိန်း
ဖုန်း- ၀၉-၇၃၁၅၀၇၃၈၊ ၀၉-၃၀၀၅၁၈၄၉

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ မြေကွက် /ဦးပိုင်အမှတ် (၆၆ ခ)၊ ဧရိယာ (၀. ၀၈၇) ဧကရှိ ဒေါ်ကြည်စိန် အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက် အား အမည် ဦးအောင်ကျော်မိုး (အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ) နိုင်ငံသားစိစစ် ရေးအမှတ် [၉/ပမန(နိုင်) ၀၆၁၉၄၇] အဖ အမည် ဦးသင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

(N.G.E.S) အင်္ဂလိပ်စာ သင်တန်း
နွေရာသီနှင့်ပုံမှန် တန်းခွဲများ
- အင်္ဂလိပ်စကားပြော၊ သဒ္ဒါနှင့် အရေးအဖတ်(၄နှစ်မှ၁၅နှစ်) (၁၆နှစ်မှအထက်)
(English For Speaking, Listening, Reading & Grammar)+
(Essay, Letter & Story Writing)
- Foundation Course For IELTS
- Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK) မှ အောင်လက်မှတ်များရရှိရန်စီစဉ်ပေးခြင်း
(5%) OFF
Junction Mawtin
09-5079896, 5005219, 09 799676100

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၆၉၄/၇၀၀)၊ ကုန်သည်လမ်းနှင့် အမှတ်(၁၃/၁၉)၊ ၂၇လမ်းထောင့်၊ (၉)လွှာ၊ Penthouseတိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဦးဘထွန်း[၁၄/ပတန(နိုင်) ၀၁၉၁၉၄] MD, City Shine Construction Co.,Ltdမှ တရားဝင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ၁၂-၂-၂၀၁၆ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်း နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ဝင်းအောင်(လူမှုထူးချွန်)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၃)
**B.A(Law), LL.B, D.B.L, D.M.L, D.I.L, D.A.Pay, D.L(101), WIPO(Switzerland)**
**Ph: 09-258112583,09-250176904**
၅၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။

ပြည်တွင်းရေးရာ

## စစ်ကိုင်းမြို့တွင် စည်းကမ်းမဲ့ယာဉ်မောင်းနှင်ခြင်းအရေးယူမှု ၁၅၇ မှုရှိ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းမြို့တွင်အမှတ် ၁၀၅ ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဖေဖေါ်ဝါရီ၈ ရက်ကစတင်၍ စည်းကမ်းမဲ့ယာဉ်မောင်းနှင့်သူများအား အရေးယူခြင်း၊ ပညာပေးခြင်းများ လုပ်ဆောင်လျက်ရှိရာ ယနေ့ထိ အမှုပေါင်း ၁၅၇ မှုရှိခဲ့သည်။

အဆိုပါ စည်းကမ်းမဲ့ ယာဉ်မောင်းနှင်သူများအား တရားရုံးသို့ ဦးတိုက်လျှောက်ထား၍ ဒဏ်ငွေရိုက်ခဲ့ကြောင်း၊ ပထမ ဒဏ်ငွေကို ကျပ် ၃၀၀၀ သတ်မှတ်ထားပြီး ဒုတိယအကြိမ်ဒဏ်ကြေးငွေကျပ် ၃၀၀၀၀ ဖြစ်ကြောင်းသိရသည်။

ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးတွင် အရေးယူခံရသည့် ယာဉ်မောင်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးလေးမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ မော်တော်ယာဉ်ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များအား ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ လုပ်ဆောင်ခဲ့သည်။

စည်းကမ်းမဲ့ မော်တော်ယာဉ်မောင်းနှင်သူများကို စဉ်ဆက်မပြတ်အရေးယူခြင်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးဒုရဲမှူးလေးမြင့်က ပြောကြားခဲ့သည်။ **၅၃၁**

## ပဲတီစိမ်းများဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်

**သုံးခွ ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပဲတီစိမ်းများ ဈေးကွက်အတွင်းလှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၁၆ ရက် ပေါက်ဈေးမှာ တစ်တင်းပိဿာ ၂၀ လျှင် ကျပ် ၄၁၀၀၀ ဖြစ်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ရေဆင်းပဲတီစိမ်းနှင့် ရွှေဝါပဲတီစိမ်းအမျိုးအစားနှစ်မျိုးကို အဓိကစိုက်ပျိုးကြပြီး ထိုအထဲမှ ရေဆင်းပဲတီစိမ်းကို ဦးစားပေးစိုက်ပျိုးကြကြောင်း၊ ရေဆင်းပဲတီစိမ်းပဲတောင့်က ကြီးပြီးရှည်၍ ပဲလုံးကြီးကာ အရောင်လှသောကြောင့် ဈေးကွက်တွင် မျက်နှာပန်းလှကြောင်း ပဲဆွတ်ခူးသူများမှာလည်း အလွယ်တကူအဆင်ပြေစွာဆွတ်ခူးနိုင်ကြောင်း သိရသည်။

ပဲဆွတ်ခူးရာတွင် ဒေသအခေါ်တင်းတောင်း (ဆန်ရှစ်လုံးကိုက် ၁၈ ပြည်ဝင်) တစ်တောင်းလျှင် လုပ်သားရှားပါးမှုကြောင့် ကျပ် ၅၀၀ ပေးရပြီး နေရာဒေသအကွာအဝေးအလိုက် ဈေးနှုန်းကွာခြားကြောင်း သိရသည်။

ပဲဆွတ်ခူးရန် လာရောက်ကြသူများမှာ ဧရာဝတီ၊ ပဲခူးတိုင်းဒေသများနှင့် အညာဒေသကျေးရွာများမှဖြစ်ပြီး အများစုမှာ အမျိုးသမီးများဖြစ်သည်။

သုံးခွမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၆၅ အုပ်စု၌ ဆောင်းသီးနှံပဲတီစိမ်းစိုက်ဧက ၁၃၀၄၃၀၊ ပဲလွမ်းစိုက်ဧက ၃၇၀ စုစုပေါင်းပဲမျိုးစုံစိုက်ဧက ၁၃၀၈၀၀ စိုက်ပျိုးထားကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**



## ဝန်းသိုဂေါ်ဖီထုပ်များ လှိုင်လှိုင်ထွက်ရှိသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်ပါးလျက်ရှိ

**ကောလင်း ဖေဖော်ဝါရီ ၁၈**



ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဂေါ်ဖီထုပ်များ လှိုင်လှိုင်ပေါ်ချိန်ရောက်သော်လည်း ဂေါ်ဖီထုပ်ဈေးကွက်မှာ အရောင်းအဝယ်အေးလျက်ရှိကြောင်း စိုက်ပျိုးရောင်းချသူများက ပြောသည်။

ဝန်းသိုမြို့နယ်အတွင်းရှိ ဒေါင်းယူးချောင်းကိုအခြေပြု၍ မကျီးကုန်း၊ ဇီးဖြူပင်၊ စိန်လည်၊ ကြိုင်းခွင်၊ သပြေသာ၊ အောင်းကုန်း၊ အုပ်ဖို၊သရက်အိုက် စသည့်ကျေးရွာများသည် နှစ်စဉ်ရာသီပေါ်သီးနှံများကို စိုက်ပျိုးကြပြီး ထွက်ရှိသည့်သီးနှံများကို ကောလင်းဈေးကွက်သို့ အဓိကအားထားကာ ရောင်းချလျက်ရှိသည်။

“လွန်ခဲ့တဲ့ငါးနှစ်လောက်ကဆိုရင် အခုလိုရာသီမှာ ရွာကနေ သုံးဘီးဆိုင်ကယ်တွေနဲ့တင်ပြီး ကောလင်းကိုမနက်ရောက်တာနဲ့ ဖောက်သည်တွေကို ရောင်းချရတယ်။ ဒါ့အပြင်အခြားမြို့နယ်တွေက ရွှေလုပ်ငန်းလုပ်ကိုင်သူတွေဆိုရင် အလုပ်သမားတွေကျွေးဖို့ဆိုပြီး ကားတွေနဲ့ အများအပြားလာဝယ်ကြတော့ တစ်ရက်တည်းနဲ့ ကုန်သွားတော့ ရောင်းကောင်းခဲ့ပါတယ်။ ဒီနှစ်မှ တစ်နေကုန်ရောင်းလို့ မကုန်တာကြောင့် ညဈေးတန်းတွေမှာတောင် ထပ်ပြီး ရောင်းချနေရပါတယ်”ဟု ဝန်းသိုမြို့နယ် ဇီးဖြူပင်ကျေးရွာမှ ဂေါ်ဖီထုပ်ရောင်းချသူတစ်ဦးက ပြောသည်။

“ဒီနှစ် ကျွန်မတို့ရွာဘက်ကလူတွေ ဂေါ်ဖီထုပ်စိုက်ပျိုးကြတာဆိုရင် တစ်ဦးကို ဂေါ်ဖီထုပ် အထုပ်ပေါင်းငါးထောင်ကနေ ရှစ်ထောင်လောက်ရကြတော့ ဇန်နဝါရီလထဲမှာ ပေါ်ဦးပေါ်ဖျားဖြစ်တာကြောင့် ဂေါ်ဖီထုပ်အသေး တစ်ထုပ်ကို ငွေကျပ် ၂၀၀ ရတယ်။

ဈေးကောင်းရကြတာပါ။ အခုကဂေါ်ဖီထုပ် အသေးတစ်ထုပ်ကို ငွေကျပ် ၁၀၀ အကြီးတစ်ထုပ်ကို ကျပ်၂၀၀ နဲ့ ရောင်းတာရောင်းမကောင်းကြဘူး။ အဲ့ဒါကြောင့်ဂေါ်ဖီထုပ်အကြီးတစ်ထုပ်ကို ငွေကျပ်၂၀၀ နဲ့ ရောင်းနေရပါတယ်။ ဒါတောင် အရောင်းအဝယ်ကအေးနေတုန်းပါ” ဟု ဝန်းသိုမြို့နယ် စိန်လည်ကျေးရွာမှ ဂေါ်ဖီထုပ်ရောင်းချသူတစ်ဦးကပြောသည်။

ယခုအခါ ဂေါ်ဖီထုပ်ဈေးကွက်တွင် အရောင်းအဝယ်အေးနေရခြင်းသည် ကောလင်းမြို့နယ်အတွင်း၌ ယမန်နှစ်ကရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများမှ စပါးအထွက်နှုန်းလျော့နည်းခြင်းကြောင့် ဈေးဝယ်သူများလာရောက်မှု နည်းပါးခြင်း၊ အခြားဒေသမှလည်း ကောလင်းမြို့သို့ လာရောက်ရောင်းချသူများပြားခြင်း၊ သစ်လုပ်ငန်းများနှင့် ရွှေလုပ်ငန်းများ လုပ်ကိုင်မှုများမရှိတော့ခြင်းကြောင့် ဒေသဖွံ့ဖြိုးမှုနည်းပါးကာ အခြားအရောင်းအဝယ်လုပ်ငန်းများလည်း အေးလျက်ရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောသည်။ **စိုင်းလှမင်း(မီဒီယာဂရု)**


Call Now!

NM New Motion

NEW MOTION Travels & Tours

| | | | | | |
|---|---|---|---|---|---|
| အမေရိကားခရီးစဉ် | - April 7,11 | ဗုဒ္ဓဂယာခရီးစဉ် | - April 11 | ဗန်ကောက်ခရီးစဉ် | - April 11,12 |
| ဥရောပခရီးစဉ် | - April 9 | ကိုရီးယားခရီးစဉ် | - April 11,12 | ဖူးခက်ခရီးစဉ် | - April 12 |
| အင်္ဂလန်ခရီးစဉ် | - April 10 | ဂျပန်ခရီးစဉ် | - April 11,12 | ဖူးခက်- ဗန်ကောက်ခရီးစဉ် | - April 11 |
| ဩစတေးလျခရီးစဉ် | - April 10 | ဗီယက်နမ်ခရီးစဉ် | - April 12 | ဗီယက်နမ်-ကမ္ဘောဒီးယားခရီးစဉ် | - April 11 |
| ဒူဘိုင်းခရီးစဉ် | - April 11 | စင်ကာပူခရီးစဉ် | - April 12,13 | စင်ကာပူ-မလေးရှားခရီးစဉ် | - April 11,12 |
| ဟောင်ကောင်ခရီးစဉ် | - April 11,12 | ဘာလီခရီးစဉ် | - April 12 | စင်ကာပူ-ဘာလီခရီးစဉ် | - April 12 |

ဗုဒ္ဓဂယာ Mar 9, 23
စင်ကာပူ Feb 28, Mar 18
ဗန်ကောက် Mar 22
ဗီယက်နမ် Mar 7

Yangon Office: No.20, Kyuntaw Road, Sanchaung Tsp, Yangon Tel: 01-508124, 523253, 09-73148933~44~55~66
Mandalay Office: No.234, 33rd Street, Bt 81st & 82nd St. Tel: 09-4314787909, 259033443, 797522254

Escape From Everyday Life

ဝက်ခြံနဲ့ အမာရွတ်တွေအတွက် စိတ်ညစ်မနေပါနဲ့

မြင့် အင် ဆန်း

အရေပြားနှင့် အလှအပဆေးခန်း

- ဝက်ခြံကုသမှု အစီအစဉ်များ ဝက်ခြံအမာရွတ် ကုသမှု
- တင်းတိပ်၊ မှဲ့ခြောက် ကုသမှု မျက်နှာအရေးအကြောင်း ကုသမှု
- အသားဖြူဝင်းခြင်းအတွက် ကုသမှု

အရေပြားအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် ကုသပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်။
ဖုန်း - ၃၈၂၂၄၇၊ ၂၅၆၀၄၅။

ဖခင်အမည်မှန်

ဒလမြို့နယ်၊ အထက်တန်းကျောင်းခွဲ ရှိုင်ချောင်ရွာ အဌမတန်းတွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် - ၁၇၃/၁၅ ဖြစ်သူ မနန်းကလျာနိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်း ဖြစ်ပါသည်။

ဦးမျိုးဝင်း

ပျောက်ဆုံးကြောင်း

Smile Kingpin Co.,Ltd ၏သွင်းကုန်လိုင်စင်အမှတ်[ILV-15-16 1537(14-8-2015)] သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၅၀၅၆၅

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးစံရဲထွန်း[၁၃/တကန(နိုင်) ၂၅၄၂၁၉]၏ နိုင်ငံကူးလက်မှတ်အမှတ်-MA 532609 မှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၄၁၀၂၄

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဥညာဒလလမ်း။
Ph : 09-5425251, 09-73225484

# ရော်ဘာအစေးလှီးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း (Field Day) ကွင်းဆင်းသရုပ်ပြ



**ချောင်းဆုံ ဖေဖော်ဝါရီ ၁၈**

မွန်ပြည်နယ်ချောင်းဆုံမြို့နယ်အတွင်းရှိ ရော်ဘာစိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ရော်ဘာများ ဈေးကွက်ဝင်အရည်အသွေးမြင့်မားစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)ရုံးမှ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ဖံဖကျေးရွာ ရပ်ကွက် (၁)ရှိ တောင်သူ ဦးတင်မောင်ထွန်း၏ ရော်ဘာခြံ အတွင်းတွင် အစေးလှီးသရုပ်ပြခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသူတို့က အမှာစကားပြောကြားပြီး ချောင်းဆုံမြို့နယ် (စက်မှုသီးနှံ) တာဝန်ခံဦးဆန်းဦးက ရော်ဘာအစေး ပိုမိုထွက်ရှိရေးနှင့် သက်တမ်းပြည့်အစေးလှီးနိုင်ရေးတို့အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြသကာ တောင်သူများအား ရော်ဘာအစေးလှီးနည်းအား လက်တွေ့သရုပ်ပြပေးခဲ့ကြသည်။

ချောင်းဆုံမြို့နယ်တွင် ရော်ဘာစိုက်ပျိုးဧက ၅၉၂၆ ဧကရှိပြီး အစေးလှီးနိုင်သည့် ဧကမှာ ၄၉၉၀ ရှိကာ ယခုနှစ်အတွင်း ရော်ဘာအထွက် တန်ချိန်ပေါင်း ၃၄ သိန်းကျော်ခန့်ရှိမည်ဖြစ်ကြောင်း ခန့်မှန်းချက်များအရသိရပြီး လာမည့်နှစ်များတွင် အစေးပိုမိုထွက်ရှိအောင်စိုက်ပျိုးတောင်သူများအား ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စက်မှုသီးနှံစိုက်ပျိုးရေးဌာန မှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာ သုံးစွဲနိုင်ရေး ပညာပေးဆွေးနွေး

**မလှိုင် ဖေဖော်ဝါရီ ၁၈**

အယ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲနိုင်ရေး ရှင်းလင်းပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီက မလှိုင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပညာပေး ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဌေးဦးက အယ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် ရာသီဥတု ပိုမိုပြင်းထန်ပြီး မိုးခေါင်မှုများ၊ ပူပြင်းပြီး မိုးရွာသွန်းမှုနောက်ကျခြင်းများ ကြုံတွေ့လာနိုင်သဖြင့် သောက်သုံးရေအခက်အခဲမရှိစေရန်၊ သီးနှံစိုက်ပျိုးရေးတွင် ရေရရှိမှုနည်းပါးခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ မထိခိုက်စေရန်၊ အပူချိန်လွန်ကဲမှုကြောင့် ဖြစ်တတ်သောရောဂါများမဖြစ်ပွားစေရန်၊ ကြိုတင်အစီအမံများ၊ ကြိုတင်ကာကွယ်နည်းများကို စနစ်တကျဆောင်ရွက်ထားရှိရန် ပညာပေးဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က မလှိုင်မြို့နယ်တွင် သောက်သုံးရေနှင့်ပတ်သက်၍ ဆည်ကန်ပေါင်း ၂၇၉ ခုရှိပါကြောင်း၊ သောက်သုံးရေအတွက် ရေတွင်းပေါင်း ၁၂၀၅ တွင်းရှိပါကြောင်း၊ ရေတွင်းအားလုံး၏ ၉၀ ရာနှုန်းမှာ ရေချိုထွက်ရှိပြီး ဒေသတွင်းနှင့် အစိုးရမှတူးဖော်ပေးသော ရေတွင်းစုစုပေါင်း ၇၀၀၀ ခန့်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင်ရာသီဥတု ပြင်းထန်ချိန်တွင် သုံးရေအတွက် ရေငန်ကို အသုံးပြုပြီး ရေချိုကို သောက်ရေအတွက်သာ စနစ်တကျသုံးစွဲသွားမည်ဆိုပါက ရေပြတ်လပ်မှုမရှိနိုင်ကြောင်း၊ ရေအခက်အခဲဖြစ်ပေါ်နိုင်သည့် ရေငံကျေးရွာနှင့် ငါးတစ်ပုံကျေးရွာများ အတွက်လည်း ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်များတည်ဆောက်ပေးရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးတိုးမင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးအရာရှိ ဦးသင်းမင်းလတ်နှင့် မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးမောင်ကျော်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၆ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**အောင်ဌေး(မလှိုင်)**

# စာရင်းဇယား ပြုစုထိန်းသိမ်းနည်းသင်တန်းဖွင့်

**ဆွမ်ပရာဘွမ် ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအောင်မြင်ရေးအတွက် ငွေစာရင်းပုံစံစာရင်းဇယားပြုစုထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ အင်ကောမကျေးရွာ၊ ဖုန်ချန်ကျေးရွာ၊ ခင်ဒူယာန်ကျေးရွာ၊ အင်ဆိုင်းယာန်ကျေးရွာများမှ မြစိမ်းရောင်ရံပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံ စာရင်းဇယားပြုစုထိန်းသိမ်းနည်းများကို ပညာပေးသင်တန်းပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်

**မော်လိုက် ဖေဖော်ဝါရီ ၁၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိဝန်ထမ်းများ ရုံးလုပ်ငန်းပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရန်အတွက် ဖွင့်လှစ်သည့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအပေါ်ထပ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်ခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးခက်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင် ပို့ချပေးသွားမည့် သင်ခန်းစာများမှ မိမိသိရှိထားသည့် အချက်များကိုလည်း ပိုမိုသိရှိနားလည်စေရန်နှင့် မသိရှိသေးသည့် သင်ခန်းစာများကိုလည်း သိရှိနားလည်သဘောပေါက် ကျွမ်းကျင်စေရန်မှတ်သားသင်ယူသွားရန် မှာကြားခဲ့သည်။

မော်လိုက်ခရိုင် ပြန်/ဆက်ရုံး၌ ဖွင့်လှစ်သည့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းသို့ မော်လိုက်ခရိုင်ရုံးနှင့် ဖောင်းပြင်မြို့နယ်ရုံးတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းရှစ်ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

**မော်လိုက်သားလေး**




**လုံးချင်းငှါးမည်**
35' x 70' တန်သာရိပ်မွန် လုံးချင်းအိမ်ရာ
ကမာရွတ်မြို့နယ် - 2 RC-2MBR,2BR 4 A/C
ပါကေားခင်းပြီးတစ်လ (၁၇) သိန်း(အကျိုးဆောင်ခပေးမည်။)
09 - 5000 988 / 09 - 254 504 254

**ငှားမည်**
ကြည့်မြင်တိုင်၊ ကမ်းနားလမ်းမပေါ်၊ ပေ(၂၅×၅၀)၊ (မြေညီ+ပထမထပ်တွဲလျက်) ထောင့်ခန်း (ဘဏ်၊ ကုမ္ပဏီ၊ Showroom) ပွဲစားမလို။ ဖုန်း-၀၉-၅၁၇၂၅၀၉

**တိုက်ခန်းငှားမည်**
(13.5'x78') Hall
09-5406607, 09-73034699

**အမြန်ရောင်းမည်**
ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ ပေ(၂၀×၆၀)၊ မြေကွက်အရှုပ်အရှင်းကင်း၊ အမြန်ရောင်းပါမည်။
ဖုန်း-၀၉-၄၂၁၀၂၇၁၇၁

**အမြန်ရောင်းမည်**
ဗဟန်း၊ ကမ္ဘာအေးဘုရားလမ်းသွယ်
(4460Sq/ft)၊ မြေကွက်အိုးအိမ်အုတ်ခံ
Ph: 09-5192055, 09-420044466

CROWN EDUCATION Yangon - Myanmar

ယနေ့ခေတ် စီးပွားရေးနယ်ပယ်အသီးသီးတွင်

"စီမံခန့်ခွဲမှုနှင့် ဈေးကွက်ဖော်ဆောင်မှု၏ အရေးကြီးပုံများအကြောင်းဆွေးနွေးပွဲ"

- နိုင်ငံတကာမှ ကျင့်သုံးလာသည့် စနစ်သစ် စီမံခန့်ခွဲမှုနှင့် ဈေးကွက်ဖော်ဆောင်မှု နည်းနာများအကြောင်း
- မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် Management & Marketing ပုံစံသစ်များ

ကျောင်းသူကျောင်းသားများအတွက်

- HND နှင့် LCCI Level(3) ပြီးထားသော ကျောင်းသူကျောင်းသားများအတွက် အချိန်တိုအတွင်း တိုက်ရိုက်တက်ရောက်ရယူနိုင်သည့် UK ထိပ်တန်းတက္ကသိုလ်များ၏ Single နှင့် Double Major ဘွဲ့များအကြောင်း
- Accounting & Finance / Banking & Finance / Banking & Investment Management သင်ယူခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ



Speaker Profile
CHRISTOPHER HARRIS
Head of School, Diploma Studies & Senior Director of Industry Relations

KAPLAN

Date : 26 Feb (Fri) - 2016
Time : 10:00 am to 11:30 am
Venue: CROWN Education Center

FREE SEMINAR
အတွက်
ကြိုတင်
စာရင်းပေးသွင်းနိုင်ပါပြီ

Call Us : 01 527 838, 09 450 200 080, 09 450 200 090

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရင်းနှီးမြှုပ်နှံမှုကျောင်း

MIND Investment Institute

- Stock Investors
- Stock Brokers
- Financial Analysts
- ရင်းနှီးမြှုပ်နှံမှု အတတ်ပညာများ
- မိမိကိုယ်တိုင် ငွေကြေးစီမံခန့်ခွဲခြင်း ပညာရပ်များကို

Securities and Exchange Commission Myanmar
အသိအမှတ်ပြု

Singapore နှင့် USA နိုင်ငံများမှဘဏ်လုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် လက်ရှိအောင်မြင်နေသောကျွမ်းကျင်ဆရာ/ဆရာမ များ ထံမှ သင်ယူနိုင်မည့်အခွင့်အရေး

စတော့ရှယ်ယာဈေးကွက်တွင် လက်ဦးမှုရယူလိုသူ Investors များအတွက်
ကမ္ဘာ့No.3 သူဌေးကြီး Warren Buffett ၏ ရင်းနှီးမြှုပ်နှံမှု အခြေခံသင်တန်း
" Value Investing Fundamentals "

ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများအတွက်
" Certificate in Securities and Investment Management "

Value Investing College, Singapore နှင့် ပူးပေါင်း၍
ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

Enroll Now

Email : mind.investment.institute@gmail.com,
Address : 4D, 99 Condo, Dhammazedi Road, Yangon.
Office : 09 262377545
: 09 960950008

## (၁၀)နှစ်ပြည့်မင်္ဂလာဆုတောင်း

**ကိုသိန်းထူးနှင့်သူငယ်ချင်းငြိမ်း**တို့၏ ၁၉-၂-၂၀၁၆ ရက်တွင်ကျရောက်သော (၁၀)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် ပြီးပြည့်စုံသော ဘဝလမ်းကို သမီးကြီးခန့်ခန့်၊ သမီးငယ် ဖွေးဖွေးတို့နှင့် အမြဲအတူတူ လျှောက်လှမ်းနိုင်ပါစေ။

**သူငယ်ချင်းများ**
**သီတာ၊ ထူးနွယ်၊ ချမ်းချမ်း၊ သဇင်၊ စန္ဒီ**

ဆရာချို(ရှပ) (8,9,10)တန်း
အာသာစုံ(၁၅)ဦးဝိုင်း၊ မတ်လဆန်း(၉)ရက်နေ့စမည်။
(၂၆)၊ ဦးဝိဇ္ဇာလမ်း၊ ဗဟန်းတောင်။(ရွှေဘုန်းပွင့်ဘုရားအနီး) ဖုန်း -၀၉ ၂၅၄၂၀၁၁၇၂

မင်္ဂလာပါ ကုမ္ပဏီပိုင်ရှင်ကြီးများခင်ဗျား
အောင်မြင်ရေး၏လျှို့ဝှက်ချက်
သိန်းဟန်-၁ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စာရင်းစစ်ချုပ်ရုံး၏
**ကုမ္ပဏီပိုင်ရှင်များအတွက်**
**စာရင်းပညာ**
ရောင်းဈေး ၂၅၀၀ကျပ် ၊ရန်ကုန်မြို့နှင့်မန္တလေးမြို့တော်အနုပ်ဆိုင်ကြီးများတွင် ရပြီ၊
ဖုန်း ၀၁-၅၃၇၂၃၀၊ ၀၉၅၄၀၀၆၁၅

**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးတင်ထွန်းလင်း[MME ၆၅၉၇၁၂]၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၂၅၂၃၅၇၄၉**

## တိုက်ခန်းရောင်းမည်
(ပိုင်ရှင်ကိုယ်တိုင်)
ဒေါပုံမြို့နယ်၊ မင်းနန္ဒာလမ်း၊ ၄လွှာ၊ ပေ(၂၃×၄၈) ft၊ ကိုယ်ပိုင်ရေမီး၊ Capital အနီး၊ တပ်ဖွဲ့မှတ်တိုင်အနီး။
**ဖုန်း-၀၉-၂၀၁၃၀၅၉၊ ၀၉-၇၈၂၀၁၃၀၅၉**

## လမ်းကြိတ်စက်
Backhoe ရောင်း/ငှား။
**ဖုန်း-၀၉-၇၉၅၃၈၉၈၁၅၊ ၀၉-၄၃၁၁၂၃၉၉**

edexcel Approved Center No: 93081
M.E.S Affiliated Centre

CHINDWIN COLLEGE

PEARSON BTEC

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်



International Foundation Course
- Civil Engineering
- Electrical & Electronics Engineering
- Mechanical Engineering
- Business Management
- Business Accounting
- Hospitality & Tourism Management

2016 January Intake အတွက်ကျောင်းအပ်လက်ခံနေပါပြီ

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

Phone: Yangon 01 - 298 137, 297 673
Mandalay 02 - 741 79, 682 49
Taunggyi 09 7 840 38 995, 09 7 840 38 996

ကြော်ငြာ










မြင်ဦးလွင်၊ ကန်တော်ကြီးပန်းခြံ နှင့် ဂေါက်ကွင်းသို့ ၁၅ မိနစ် အကွာ၊ ပေ ၈၀ ပတ်လည် နှစ် ၉၀ ဂရန် သိန်း ၂၂၀၀ ၁၂ လ အရစ်ကျ (သို့) လုပ်ငန်းအကျိုးတူ (ပွဲစားနှင့် ကြော်ငြာမလို)။ ၀၉ ၄၃၁၇၆ ၂၉၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၁၊ မြေကွက်အမှတ်-၁၅၉၉၊ မြေကွက်တည်နေရာအမှတ်(၁၅၉၉)၊ ကုမုဒြာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်(ဦးမြင့်မောင်) EA-၁၂၈၉၅၁ အမည်ပေါက် ပါမစ်မြေအား ၁၀-၂-၂၀၀၂ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်နန်ပရီမှ ဒဂုံမြောက်မြို့နယ်၊ တရားမရုံး၊ တရားမကြီးမှုအမှတ်-၈/၂၀၁၄ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ပါမစ်အမည်ပေါက် ဦးမြင့်မောင်အား တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် ၂-၁-၂၀၁၄ ရက်တွင် ချမှတ်သော စီရင်ချက်၊ ဒီကရီနှင့် ပါမစ်မူရင်းတို့တင်ပြ၍ ဒေါ်နန်ပရီ ၁၂/မကန(နိုင်)၀၄၆၉၁၆၊က ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာ


**Modern Myanmar Travels** ကားဖြင့်ခရီးစဉ်များ အထူးစီစဉ်ပေးပါသည်။

| Hotel Package | |
|---|---|
| ◆ မော်တင်စွန်းဘုရားပွဲတော်၊ ငွေတောင်ကမ်းခြေ (၃ရက်) | 45000 |
| ◆ တောင်ကြီး၊အင်းလေး၊မြှောတော်ကာ ၄ည | 140000 |
| ◆ ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ | 130000 |
| ◆ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ | 140000 |

ကျိုက်ထီးရိုး 10000; ချောင်းသာ Guest 35000, Hotel 50000; ငွေဆောင် Hotel 40000

Feb19,21,26 Mar4

၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

**သုံးရာသီ** ဝပ္ပဒါန

မန္တလေး၊ ပေမြို့၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ ထမင်းကျွေး(၅၀၀၀ဝ/-)

ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ ထမင်းကျွေး(၄၀၀၀ဝ/-)

တောင်ကြီး၊အင်းလေး၊ပင်းတယ(ထမင်းကျွေး-၅၀၀၀ဝ/-)

Feg - 19,26; Mar - 4,11,18

420144148, 421153797

**SOLO ADVENTISSO Travel & Tours** ခရီးစဉ်များ

| | | |
|---|---|---|
| ဗန်ကောက် ခရီးစဉ် | မတ်လ (၂၄ မှ ၂၇) | ဒေါ်လာ ၄၉၀ |
| စင်ကာပူ ခရီးစဉ် | မတ်လ (၂၄ မှ ၂၇) | ဒေါ်လာ ၇၀၀ |
| ဗန်ကောက်–ပတ္တရား ခရီးစဉ် | ဧပြီလ (၁၂ မှ ၁၇) | ဒေါ်လာ ၆၅၀ |
| ဖူးခက် ခရီးစဉ် | ဧပြီလ (၁၇ မှ ၂၁) | ဒေါ်လာ ၉၀၀ |

ဖုန်း – ၀၉ ၇၃၀ ၆၈၈၆၅၊ ၀၉ ၃၁ ၉၄၄၈၅၉၊ ၀၉ ၄၂၀ ၂၅၀၇၇၈

**NEW MOTION Travels & Tours**

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ဧည့်လှည့်သွားခင်လွှင် ခရီးစဉ်

☆ အလောင်းတော်ကဿပခရီးစဉ် (မုံရွာ၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မန္တလေး) - Mar 1,18

☆ မန္တလေးခရီးစဉ် (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား) - Mar 1,18

☆ တောင်ကြီးခရီးစဉ် (တောင်ကြီး ၊ အင်းလေး၊ ပင်းတယ၊ ကလော) - Mar 1,18

☆ ပုဂံခရီးစဉ် (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ) - Mar 1,18

☆ ပုဂံ-ရွှေစက်တော်ခရီးစဉ် ( မင်းဘူး၊ ရွှေစက်တော်၊ မကွေး၊ ပုဂံ၊ ပုပ္ပါး) - Mar 1,18

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09 492 529 11, 09 492 529 22, 09 731 489 22

**UNIQUE STAR TRAVELS & TOURS**

ဗန်ကောက်၊ပတ္တရား(6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]

Feb: 20, 27 / Mar: 5, 12, 19, 26 ($400)

ဗန်ကောက်၊ပတ္တရား (4)D, (5)D Feb: 20, 27 ($300)

ဗန်ကောက်၊ဖူးခက် (6)D Feb: 20, 27 / Mar: 12 ($500)

ဖူးခက်/ ရှင်းမိုင် (4)D Feb: 20, 27 / Mar: 12 ($300)

ကူမင်း၊ရှန်ဂရီလာ (8)D Feb: 20, 27 / Mar: 12 ($500)

Bangkok-Pattaya-Ayuttaya (6 Days/ 5 Nights) Airticket Included

Mar: 2 , 23 , 26 ($ 480 / $ 550)

Apr: 10, 11, 12, 13, 14, 18 ($ 580 / $ 650)

Cambodia - Bangkok ($ 500 / $ 750)

Phuket - Bangkok ($ 500 / $ 950)

| | | | |
|---|---|---|---|
| Europe Apr: 9, 12 ($ 4200) | America Apr: 8,12 ($ 5600) | Australia Apr:10,13 ($ 3400) | Greece Apr: 9,12 ($ 3700) |
| Korea Apr:12 ($ 2400) | Japan Apr:10,11,12,13 ($ 2900) | Singapore Apr:12 ($ 900) | Dubai Apr: 12 ($ 2800) |
| Beijing Apr:11,12 ($ 1900) | Hongkong Apr:12,13 ($ 1600) | Bali Apr:10,12 ($ 1200) | Vietnam Apr: 9,11,13 ($ 700) |
| Cambodia-Vietnam Apr:10,11,12,13 ($ 1200) | Singapore-Malay Apr:10,11,12,13 ($ 1200) | Langkawi-S'pore Apr:11,12 ($ 1200) | |

70/A, Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133 - 44 - 55 - 66.
No(126), 42th Street, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.




YANGON TO JEJU- DIRECT FLY... တိုးဗီနဲ့ GO ပြီ

- ကိုရီးယား(9D/8N) April-12~20 USD-2100
- ဩစတြေးလျ(10D/9N) April-12~21 USD-4200
- ဥရောပ (14D/13N) April-12~25 USD-4400
- ဂျပန် (9D/8N) USD-2800 April-12~20
- ရှဘိုင်း USD-1950 April-11~16 (6D/5N)
- ကမ္ဘောဒီးယား + ဗီယက်နမ်(8D/7N) April-12~19 USD-1200
- ဗီယက်နမ် (6D/5N) April-11~16 USD-850
- ရန်ကုန်– ဗန်ကောက်(6D/5N) April-13~18 USD-650
- မန္တလေး– ဗန်ကောက်(6D/5N) April-13~18 USD-800
- ကူမင်း – ဝေကျင်း – ရှန်ဟိုင်း(8D/7N) April-11~18 USD-1650
- ပေကျင်း – ဟောင်ကောင် (6D/5N) April-10~15 USD-1400
- ကွမ်ကျိုး – ပေကျင်း – ဟောင်ကောင် (8D/7N)April-12~19 USD-1600
- ဖူးခက် + ဗန်ကောက်(6D/5N) April-11~16 USD-880
- ရန်ကုန် – စင်ကာပူ(5D/4N) April-12~16 USD-880
- မန္တလေး – စင်ကာပူ(5D/4N) April-12~16 USD-1150
- ဘာလီ + စင်ကာပူ(8D/7N) April-11~18 USD-1500
- စင်ကာပူ+မလေးရှား(7D/6N) April-11~17 USD-1350

သင်္ကြန်ခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ...

အမှတ်(၁၀၉)၊ (ပ)ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734, Viber - 09779999146, 09779999147

**Technoland Online Shopping Store**
computer, mobile, gadget

**technoland**
computer, mobile, gadget




Facebook မှသော်၄င်း ဖုန်းဖြင့်သော်၄င်း ဆက်သွယ်မှာယူနိုင်ပါသည်။

ရန်ကုန်၊ မန္တလေးမြို့များမှ မှာယူသူများအတွက် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးပါသည်။ နယ်မှ မှာယူသူများအတွက် နီးစပ်ရာကားဂိတ်သို့ပို့ဆောင်ပေးပါသည်။

Yangon 09 9700 35101~10 Mandalay 09 96791 8060, 09 96791 8070 www.facebook.com/Technoland Online Shopping Store www.technoland.com.mm

**စိမ်းလဲ့အောင် ကွန်ဒို**

ဟိုတယ်ကြီးများနှင့်နီးသော ကွန်ဒိုဖြစ်ပြီး (၁)လလျှင် ဒေါ်လာ(4000)ငှါးခရနိုင်သဖြင့်

▌ဆောက်လုပ်ခွင့်ပါမစ်ကျပြီး
▌(၄) လွှာစလပ်လောင်းပြီး
▌(၅) ခန်းသာရောင်းရန်ကျန်

**သင်အမြန်ဆုံးရင်းနှီးမြှုပ်နှံလိုက်ပါ**







PROMOTION ရက်တွင်ဝယ်ပါက ကျပ်သိန်း(၆၀)သက်သာမည်

Developed By iGREEN

အရောင်းပြခန်းကျင်းပမည့်နေရာ Promotion Date- ဖေဖော်ဝါရီ(၂၀–၂၁)

On Site 18/A ၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ရန်ကင်း၊Micasa အနီးကွက်၊ 09 793416267

Head Off: 82/A ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ Junction (8) ရှေ့၊09 49270101

ကြော်ငြာ


(အခမဲ့)
ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနက အကအလှပဒေသာယိမ်းများနှင့် သုဝဏ္ဏသာမဇာတ်တော်ကြီးကို
ရွှတ်ဆိုဆုများရှင် မင်းသား တက္ကသိုလ်အားမာန်၊ မင်းသား ဧယျာလင်း၊ မင်းသား သိန်းထွန်းဦး၊ မင်းသမီး ဆောင်းနှင်းဝေဝေနှင့်အတူ
ရွှတ်ဆိုဆုများရှင် ရွာစားစိန်လှဌေးနှင့် ဝါရင့်အနုပညာရှင်များတွဲဖက်၍ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် အခမဲ့ ဖျော်ဖြေတင်ဆက်ကပြသွားမည်ဖြစ်သည်။
ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီ(၂၀)ရက်(စနေနေ့)၊ အချိန်-ည(၇:၀၀)နာရီတိတိ၊ နေရာ - အမျိုးသားစာတိုက်(မန္တလေး)


OUR ELECTION
Coming
January Last Week
၂၀၁၆ မှာ မြန်မာ့ရုပ်ရှင် ပြောင်းလဲချိန်တန်ပြီ
29 .1 .2016 နေ့မှစ၍ သမ္မတ၊ မင်္ဂလာ(စံပြ)၊ JCGV Junction(မော်တင်)၊ JCGV Junction Square၊ (ရွှေဗဟိုမြို့ရတနာ Mega ACE) ၊ ပြည်-ထွန်းသီရိ၊
မန္တလေး-ဝင်းလိုက်၊ မြို့ဂုဏ်ရောင်၊ JCGV လေးပတ်မြောက် အောင်ပွဲဆက် လက်ခံသည့်အနေဖြင့် မင်္ဂလာ ဝဇီရာ (လှိုင်သာယာ)၊ နဝဒေး တို့တွင် 19 .2 .2016 ရက်နေ့၌ ထပ်တိုးပြသပါမည်၊


UNITED VISION
EYE CARE CENTER
UNITEDVISION
UNITED VISION
ရွှေဘုံသာအလယ်လမ်းက
ယူနိက်တက်ဗွီးရှင်း
မျက်စိအထူးကုဆေးခန်းနှင့် နိုင်ငံတကာအဆင့်မီ
မျက်မှန်၊ မျက်ကပ်မှန်အရောင်းခန်းမကို
အမှတ် (53/54B)၊ ၈၄ လမ်း ၂၉ လမ်းနှင့် ၃၀ လမ်းကြား၊
မန္တလေးမြို့တွင်
အသစ်ထပ်မံဖွင့်လှစ်လိုက်ပါပြီ
ကမ္ဘာကျော်
Branded ကိုင်း
မျိုးစုံကိုလဲ တနေရာတည်းနဲ့
ပြီးပြည့်စုံစွာ
ရရှိနိုင်ပါသည်။
ရန်ကုန်ဆိုင်ခွဲ
အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၃၈၄၈၃၈၊ ၂၅၂၇၃၈၊ ၃၈၉၉၃၉
အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၂၄၀၇၈၅
အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၃၂၁၃၇၊ ၂၁၀၄၂၉၄
အမှတ်(၃၈/ဃ)၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းဈေးရှေ့ဇဝန။ ဖုန်း - ၀၁-၅၆၅၉၂၂
မန္တလေးဆိုင်ခွဲ
၇၈လမ်း(၂၇လမ်းနှင့် ၂၈လမ်းကြား)၊ အမှတ်(A-3)၊ ဘုတာကြီးမြောက်ဘက်၊ မန္တလေး။
ဖုန်း - ၀၂-၆၈၇၈၆၊ ၃၄၄၄၂
Diamond Palza၊ စက်လှေကားအနီး(မြေညီထပ်)၇၈လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြား။
ဖုန်း - ၀၉၉၁၀ ၂၇၀၃၄
၈၄လမ်း(၂၉လမ်း နှင့် ၃၀လမ်းကြား)၊ အမှတ်(53/54B)၊ မန္တလေးမြို့။ ဖုန်း - ၀၂-၃၁၇၈၁

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှဖြစ်မယ်

**ဂုဏ်ထူးဦးအောင်နိုင်**

March April May

ဒေါ်စန္ဒာအောင်နိုင်
B.A ( English )
Certificate in Travel & Tourism
City College of San Francisco

Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ်စကားပြော)

၂၇၂ ပန်းဆိုးတန်း၊ ကျောက်တံတား။ 01 252 919, A-2 (တက်လမ်း) သံသုမာလမ်း၊ သုဝဏ္ဏ။ 09 798443320

# ES4E SUMMER SCHOOL

March to May 2016
(Age 5 to 14)
Enrol Now!

☎ 01-8550337, 8550960, 578204 , 561652 .

**Ethics Banking Centre**
တနင်္ဂနွေအဆင့်မြင့်ဘဏ်သင်တန်း
၂၁·၂·၂၀၁၆ စမည်။ ရက်သတ္တ(၇)ပတ်
နံနက် ၉း၀၀- မွန်းလွဲ ၁း၃၀
အမှတ်၁၄၂/၁၄၄၊ ဦးချစ်မောင်လမ်း၊ဗဟန်း
၀၉-၅၁၂၆၂၉၆ ၊ ၀၉-၅၀၀၀၁၇၁

**TRIWAVE Travels & Tours** 09-2574 20127 09-2540 74927
Feb 27-28 ဓမ်လမြိုင်-ကျိုက္ကမီ-စက်စဲ (33000 Ks)
Feb 21/Mar 2/Mar 23 ဘားအံ-ကျိုက်ထီးရိုး-ဆွန္နဲ (33000 Ks)
Mar 18-21 မြင်ဦးလွင်-ဦးအုတ်-ဂုတ်ထိပ် (135000 Ks) Scania 2+1
Mar 25-27 ငွေဆောင်ကမ်းခြေ (79000 Ks)
နေရှင်းပြန်ခရီးစဉ်များအတွက် ၅ ဦးဝယ်လျှင် ၆ ဦးမြောက်အတွက် ၅၀% Discount
၁၀ ဦးဝယ်လျှင် ၁ ဦး အခမဲ့ (10+1 FOC)

ဆရာကျော် ရန်ကုန်တက္ကသိုလ်
နွေရာသီ စာစီစာကုံး (မူလတန်း၊ အလယ်တန်း)
အမှတ်(၁၆)၊ တတိယထပ်၊ သုခမိန်လမ်း၊ စမ်းချောင်း။
01-508203, 09 5078302, 09 450061609

GETC building a better future
အသက် ၆ နှစ်မှ ၁၄ နှစ် အရွယ်ကလေးငယ်များအတွက် တစ်မူထူးခြားသည့် နွေရာသီ အင်္ဂလိပ်စာ အစီအစဉ်

# 2016 SUMMER ENGLISH PROGRAM

March, April, May

- ENGLISH 4-SKILLS
  Plus $ Supplementary skills
  $ Life skills for children
- CAMBRIDGE EXAM PREPARATION (Starters, Movers, Flyers, KET, PET)

Special Discount & Presents
Original Updated Course Books
Well-qualified & Experienced Instructors



ကျောင်းအပ် လက်ခံနေပါပြီ
School Bus Available

nurture preschool
နိုင်ငံတကာ အဆင့်အတန်းမီ မူကြိုပညာရေး
International Standard Early Childhood Education



Emotional Development(EQ)
Intellectual Development(IQ)
Moral Development
Physical Development
Social Development

မြေနီကုန်း ... ဖုန်း - ၀၁-၅၇၇၀၉၅, ၀၉၂၆၂၆၄၇၇၆
လှိုင် ... ဖုန်း - ၀၁-၅၃၀၀၉၇, ၀၉၂၅၄၄၄၈၀၀၅
စမ်းချောင်း ... ဖုန်း - ၀၉၂၆၂၆၄၇၇၄
တာမွေ (Ocean Super Market ထပ်) ဖုန်း - ၀၁-၅၄၉၅၉၀, ၀၉၂၅၄၄၄၈၀၀၆

ပြင်ဆင်ဖတ်ရှုပါရန်
ဗိုက်တ်ခြောက်လစ် / လေဝီအား
Fully Auto
09 420035882, 09 73199410
09 420035884, 09 73199257

ခရုံမြို့သစ်
09-6809893
09-5120620

SR EDUCATION GROUP "ကမ္ဘာ့ဇမြေမှ လူငယ်များအတွက် နိုင်ငံတကာ ပညာရေးပြပွဲနှင့် အသက်မွေးမှု ပညာရပ်များဆိုင်ရာ ဟောပြောပွဲ"

တောင်ကြီးမြို့တွင် SR Worldwide Education နှင့် Myanmar Metropolitan College တို့မှ ကြီးမှူးကျင်းပမည့် အထိုပါပွဲသို့ လာရောက် လေ့လာပါရန် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ IGCSE၊ GCE O level နှင့် GCE A level အောင်မြင်ပြီးသူများ၊ အဆင့်မြင့် ပညာရေး လေ့လာနေသူများ၊ ဘွဲ့ ရရှိပြီးသူများ နှင့် မိဘများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မှန်ကန်သော ပညာရေးလမ်းကြောင်း ရွေးချယ်မှု နှင့် မိမိဝါသနာနှင့် ကိုက်ညီသော လုပ်ငန်းခွင် ရွေးချယ်မှုအတွက် သက်ဆိုင်ရာ နယ်ပယ်များ၌ အတွေ့အကြုံရှိ ပညာရှင်များမှ ဟောပြောပေးမည့် အသက်မွေးမှု ပညာရပ်များဆိုင်ရာ ဟောပြောပွဲ အစီအစဉ်လည်းပါဝင်ပါသည်။

နေရာ : ရှမ်းစာပေနှင့် ယဉ်ကျေးမှုကျောင်း၊ တောင်ကြီးမြို့။
နေ့ရက် : ဖေဖော်ဝါရီလ(၂၀)ရက်၊ စနေနေ့။
အချိန် : မွန်းလွဲ (၁)နာရီမှ ညနေ(၄)နာရီအထိ။

အထူးအစီအစဉ်အနေနှင့် ပွဲတွင် US 150 $ တန်ဖိုးရှိသော Book Grant Coupon များကို အခမဲ့လာရောက်ထုတ်ယူနိုင်ပါသည်။

ဝင်ကြေးမှာ အခမဲ့ဖြစ်ပြီး ဖုန်းနံပါတ် 09 26508 1112-5, 09 542 8848, 09 543 8848 မှတဆင့် ကြိုတင်စာရင်းပေးနိုင်ပါသည်။

မှတ်ပုံတင်အမှတ် - ကကက/၁၃/၂၃/၂၄၁
Intelligence Plus Character ........ that is the goal of true Education.

NEC "မြတ်"ပညာ Noble Education Centre
Academic Year 2016 -2017

# Private Boarding High School

အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက်အထူး (မူလတန်း၊ အလယ်တန်း၊ အထက်တန်း)

*Summer Special Programs*
From March 3 to April 30
- Four skills English
- Computing
- Conceptual Maths
- Art & Craft
- Music
- Chinese





Reular Class များစတင်လက်ခံနေပါပြီ။
ကျောင်းသားသစ်များစတင်လက်ခံနေပါပြီ။ Hot - Line : 01-680 918

Hot Line No-0930500100

# အမေရိကန်-အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ၏ ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ပြောကြားချက်များ

စာမျက်နှာ » ၈၊ ၉

## (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေ ၂၄၀ အရှည်ရှိ ပုလောကုန်း- တစ်မိုင်တောင်တံတား ဖွင့်လှစ်



**ပုလော ဖေဖော်ဝါရီ ၁၈**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော ပုလောကုန်း-တစ်မိုင်တောင် တံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်က အမှာစကား ပြောကြားသည်။

အဆိုပါ ပုလောကုန်း - တစ်မိုင်တောင် တံတားသည် ပုလောမြစ်ကူးချောင်းကို ဖြတ်ပြီး တည်ဆောက်ထားရာ တစ်မိုင်တောင်၊ စစ်ပြင်ကြီးကျေးရွာမှ မြိတ် - ပုလော - ထားဝယ် ကားလမ်းမကြီးကို အချိန်အနည်းငယ်အတွင်း ရောက်ရှိနိုင်ရာ ရှမ်းဒွတ်၊ မိကျောင်းသိုက်၊ မင်းဝင်းစသည့် ကျေးရွာအုပ်စု သုံးစုရှိ ကျေးရွာ ၁၀ ရွာမှ အိမ်ထောင်စုပေါင်း ၁၂၂၂ စု၊ လူဦးရေ ၃၇၅၃ တို့ကို လူမှုစီးပွား၊ ကျန်းမာရေး၊ ပညာရေးတို့ကို များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

အဆိုပါတံတားသည် ယခင်က ဝါးလုံးများ၊ သစ်သားများဖြင့် တည်ဆောက်ထားသည့် တံတားဖြစ်ရာ ပုလောမြို့နယ်သည် နှစ်စဉ်မိုးများသော ဒေသဖြစ်သည်နှင့်အညီ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## မြန်မာအမျိုးသားလေကြောင်းလိုင်း၏ တတိယမြောက် ဘိုးရင်းလေယာဉ်သစ်ရောက်ရှိ

### ပြည်ပခရီးစဉ်များနှင့် ခရီးစဉ်သစ်များတွင် အားဖြည့်ပြေးဆွဲမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines) ၏ ပြည်ပမှ မှာယူထားသည့် တတိယမြောက် ဘိုးရင်းလေယာဉ်သစ်တစ်စင်း မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယမန်နေ့ကရောက်ရှိလာပြီဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

အသစ်ထပ်မံရောက်ရှိလာသော ဘိုးရင်းလေယာဉ်သစ်သည် Boeing 737-800NG လေယာဉ်အမျိုးအစားဖြစ်ပြီး အဆိုပါလေယာဉ်ဖြင့် လက်ရှိပြေးဆွဲနေသော ပြည်ပခရီးစဉ်များအပြင် MNA လေကြောင်းလိုင်းမှ အသစ်ထပ်မံပြေးဆွဲရန် စီစဉ်ထားသည့် ဗန်ကောက်၊ ချင်းမိုင်၊ တိုင်ပေ ခရီးစဉ်တို့တွင်လည်း အားဖြည့်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

MNA လေကြောင်းလိုင်း၏ ပထမဆုံး ဘိုးရင်းလေယာဉ်သစ်ဖြင့် ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်ကို ၂၀၁၅ ခုနှစ်တွင် စတင်ပြေးဆွဲပေးခဲ့ပြီး ပြည်ပခရီးစဉ်များ ထပ်မံတိုးချဲ့ပြေးဆွဲရန်အတွက် ဘိုးရင်းလေယာဉ်သစ်တစ်စင်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ထပ်မံရောက်ရှိလာခဲ့ကာ ရန်ကုန်-ဟောင်ကောင်-ရန်ကုန်ခရီးစဉ်နှင့် ယခုလအတွင်း ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ကို

**စာမျက်နှာ ၃ ကော်လံ ၃ သို့**



**Photo News** JICA (ODA loan) အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖျာပုံမြို့ ရေပေးဝေရေးစီမံကိန်း၏ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။ [ သပြေထွန်း ]






themirror.npt@gmail.com
www.facebook.com/themirrordaily